
www.burmeseclassic.com

FOOD SECURITY WORKING GROUP

ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်း

# လမ်းညွှန်




www.burmeseclassic.com

www.burmeseclassic.com

FOOD SECURITY WORKING GROUP

# ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်း

# လမ်းညွှန်

စီဘီအက်(ပ်)အက်(စ်)စီမံချက်

ဝေါ(လ်)ကွန်ဆန်မြန်မာ(ရုံးချုပ်)

www.burmeseclassic.com

www.burmeseclassic.com



# အမှာစာ

ဤစာစောင်သည် ကျေးလက်ဒေသနှင့် မြို့ပြရှိ ဟင်းသီးဟင်းရွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်သူများအတွက် အထူးရည်ရွယ်လျက် စိုက်ပျိုးရေး ပညာရှင်များ၏ လက်တွေ့ဆောင်ရွက်မှု အတွေ့အကြုံများနှင့် ထုတ်ဝေပြီးစာစောင်များကို စုစည်း၍ ပြုစုထားခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အစိုက်များသော ဟင်းသီးဟင်းရွက် မျိုးပြားများအား လွယ်ကူရိုးရှင်း၍စနစ်တကျစိုက်ပျိုးနိုင်သည့် စိုက်ပျိုးနည်းစနစ်များကို ဖော်ပြထားပါသည်။

ဤစာစောင်သည် အထူးသဖြင့် ဝေးလံခေါင်းပါးဒေသနေ တောင်သူများအတွက် နည်းပညာဗဟုသုတရရှိစေရန်သာမက မိသားစုအာဟာရ ဖွံ့ဖြိုးရေးအတွက်သော်လည်းကောင်း၊ တစ်ဖက်တလမ်းမှ မိသားစုဝင်ငွေတိုးပွားရေး အတွက်သော်လည်းကောင်း၊ တစ်စုံတစ်ခုသော အတိုင်းအတာအထိ အကျိုးရှိစွာ လက်တွေ့ဆောင်ရွက်နိုင်မည်ဟု ယုံကြည်မိပါသည်။

အဓိကကျမ်းကိုးစာအုပ်များမှာ -

(၁) မြန်မာစိုက်ပျိုးရေးလုပ်ငန်း (၂၀၀၀) ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ (၁၄၂ စာမျက်နှာ )

(၂) စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ၂၀၀၇ လယ်သမား လယ်ကွင်းဦးဆောင်သူများ သင်တန်း (လှိုင်ကော်) (၁၁၆ စာမျက်နှာ)

www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


| | |
|---|---|
| ၁။ ကညွတ် | ၁ |
| ၂။ ကန်စွန်းရွက် | ၃ |
| ၃။ ကင်ပွန်းချဉ် | ၆ |
| ၄။ ကျောက်ဖရုံ | ၈ |
| ၅။ ကြက်သွန်နီ | ၁၀ |
| ၆။ ကြက်သွန်ဖြူ | ၁၄ |
| ၇။ ကြက်ဟင်းခါး | ၁၇ |
| ၈။ ခဝဲ | ၂၀ |
| ၉။ ခရမ်း | ၂၂ |
| ၁၀။ ခရမ်းချဉ် | ၂၅ |
| ၁၁။ ချဉ်ပေါင် | ၂၉ |
| ၁၂။ ဂေါ်ဖီထုပ် | ၃၁ |
| ၁၃။ ဂေါ်ရခါး | ၃၅ |
| ၁၄။ ငရုတ် | ၃၇ |
| ၁၅။ ဆလပ် | ၄၁ |
| ၁၆။ ဆူးပန်း | ၄၅ |
| ၁၇။ ဆူးပုပ် | ၄၇ |
| ၁၈။ ဒန့်သလွန် | ၄၉ |
| ၁၉။ နံနံပင် | ၅၁ |
| ၂၀။ ပန်းဂေါ်ဖီ | ၅၄ |
| ၂၁။ ပန်းဂေါ်ဖီစိမ်း | ၅၈ |
| ၂၂။ ပဲစောင်းလျား | ၆၃ |
| ၂၃။ ပဲတောင့်ရှည် | ၆၆ |
| ၂၄။ ပဲလင်းမြွေ | ၆၉ |
| ၂၅။ ဖရုံ | ၇၂ |
| ၂၆။ ဘူး | ၇၆ |
| ၂၇။ ဘိုစားပဲ | ၈၀ |
| ၂၈။ မှို | ၈၃ |
| ၂၉။ မုန်ညင်းရွက် | ၉၁ |
| ၃၀။ မုန်ညင်းထုတ် | ၉၄ |
| ၃၁။ မြေထောက်ပဲ | ၉၆ |
| ၃၂။ မုန်လာဥဝါ(ခါကျက်ဥ) | ၁၀၀ |
| ၃၃။ မုန်လာဥဖြူ | ၁၀၃ |
| ၃၄။ ရုံးပတီ | ၁၀၆ |
| ၃၅။ သခွား | ၁၀၉ |
| ၃၆။ ဟင်းနုနွယ် | ၁၁၃ |
| ၃၇။ အာလူး | ၁၁၅ |


www.burmeseclassic.com

www.burmeseclassic.com



# ကညွတ်စိုက်ပျိုးနည်း

## နိဒါန်း

မြန်မာနိုင်ငံတွင် ထင်ရှား ကျယ်ပြန့်စွာ စိုက်ပျိုးလာသော ဟင်းသီးဟင်းရွက် အမျိုးအစား ဖြစ်သည်။ အများအားဖြင့် ကြော်ချက်၍စားသုံးကြသည်။ အချို့က ဆေးဝါးအဖြစ် စားသုံးကြသည်။ သမပိုင်းရာသီဥတုကို နှစ်သက်သည်။

## မြေအမျိုးအစား

မြေဩဇာထက်သန်ပြီး၊ အစိုဓါတ်ရှိသော သဲနုံးမြေသည် ကညွတ်စိုက်ရန် အသင့်တော်ဆုံး ဖြစ်သည်။ ရေမဝပ်သော ခဲမြေတွင် စိုက်ပါက စည်သွပ်ကညွတ် အတွက် အကောင်းဆုံး ဖြစ်သည်။ ကညွတ်စိုက်မည့် မြေတွင် ပဲမျိုးရင်းဝင် အပင်များ စိုက်ပြီး ပန်းမပွင့်မီထယ်ထိုးခြင်းဖြင့် သစ်စိမ်းမြေဩဇာအဖြစ် မြေတွင်းအဟာရဓါတ် ရစေသဖြင့်၊ ကညွတ်ပင်ကြီးထွား ဖွံ့ဖြိုးရေးတွင် များစွာအထောက်အကူဖြစ်စေသည်။

## စိုက်ပျိုးခြင်း

(က) မျိုးစေ့ကိုပျိုးထောင်စိုက်ပျိုးခြင်း

မျိုးစေ့ကို စိုက်လျှင် တစ်ပင်နှင့်တစ်ပင် (၁ - ၁. ၅) လက်မခြား၍၊ တတန်းနှင့် တတန်း (၁) ပေခန့်အထိထား၍ ပျိုးထောင်ရမည်။ တဧကအတွက် မျိုးစေ့ (၄) ပေါင် (၂ ကီလိုဂရမ်ခန့် )လိုပါသည်။ မျိုးစေ့ချပြီး (၂-၆) ပတ်အကြာတွင်အပင်ပေါက်သည်။ မျိုးစေ့ကို (၃-၄) ရက်ကြာအောင် ရေစိမ်စိုက်ပါ။ ရေကို တနေ့တခါလဲပေးရမည်။ အပင်ပေါက်ပြီး တစ်လသားအပင်ငယ်များကို (၅×၆) လက်မ ပလပ်စတစ်အိတ်တွင် ရွှေ့ပြောင်းစိုက်ပါ။ လေးလသားအရွယ်အပင်များ(၆-၈)လက်မရှိလျှင် ရွှေ့ပြောင်းစိုက်ပါ။

(ခ) ဥကိုခွဲ၍စိုက်ပျိုးခြင်း

မေ၊ ဇွန်တွင် စတင်စိုက်ပျိုးနိုင်ပါသည်။ တစ်တန်းနှင့်တစ်တန်း (၃-၆)ပေ၊ တစ်ပင်နှင့် တစ်ပင် (၁ - ၁. ၅) ပေအထိ အကွာအဝေးထား၍ စိုက်နိုင်သည်။ ကျင်းကို (၈) လက်မ အထိတူး၍စိုက်နိုင်သည်။






## အပင်ပြုစုခြင်း

ပေါင်းမြက်ကို အခါအားလျော်စွာရှင်းပေးပြီး၊ မိုးမကျမီ တစ်ပတ်အလိုတွင် မြေပေါ်အပင်များကို ခုတ်၍မီးရှို့ပါ။ နွားချေးဆွေး၊ မြေဆွေးများထည့်ပြီး၊ မိုးဦးကျ လာသည်နှင့် အစို့များထွက်လာမည်။ ကညွတ် (၁-၂)နှစ်သားတွင်အပင်များ ကြားၡ၊ ပဲမျိုးရင်းဝင်အပင်များ စိုက်နိုင်သည်။

## ရိတ်သိမ်းခြင်း

ကညွတ်အစို့များကို စိုက်ပြီး (၂)နှစ်သားတွင်စတင်ရိတ်သိမ်းနိုင်သည်။ အပင်သက် (၇) နှစ်အထိ အထွက်တိုးသည်။ (၄-၁၀) နှစ်သားတွင် အရည်အသွေး ကောင်းသော ကညွတ်များရနိုင်သည်။ တဧကလျှင် ပိဿာ (၃၀၀-၅၀၀) ထွက်နိုင်ပါသည်။ဘောင်များကိုမြေတောင်မြှောက်ပေးခြင်းဖြင့်နူးညံ့ပြီးကြီးထွားသော အစို့များကိုရနိုင်ပါသည်။

ကညွတ်







www.burmeseclassic.com

www.burmeseclassic.com



# ကန်ဇွန်းရွက်စိုက်ပျိုးနည်း

## နိဒါန်း

မြန်မာလူမျိုးများ ကြိုက်နှစ်သက်သော ဟင်းသီးဟင်းရွက်ဖြစ်သည်။ ရှေးနှစ်ပေါင်းများစွာကပင် မြန်မာပြည်တွင် စိုက်ပျိုးလာကြသည်။ အောက်မြန်မာပြည် ဒေသအနှံ့အပြားတွင် စိုက်ပျိုးသည်။

## မြေပြုပြင်နည်း

ထယ် (၂)စပ်ထိုးပြီး၊ ထွန် (၆-၈) စပ်မွှေပါ။ ရေသိုလှောင်ထိန်းသိမ်းနိုင်သော မြေဖြစ်လျှင် ကန်ဇွန်းစိုက်ရန် သင့်တော်ပါသည်။ တောင်ပေါ်ဒေသ၌ ဆောင်းတွင်းစိုက်ရန် မဖြစ်နိုင်ပါ။ ထွန်ရေးညက်လျှင် ကန်သင်းဖေါ်၍ အကွက်ဖေါ်ပါ။ ထို့နောက်ရေသွင်းပြီးဆက်၍ထွန်မွှေပါ။ အခင်းသစ်တွင်မြေပြင်ချိန်၌ နွားချေး (၁၀-၁၅) စီးထည့်သွင်းပြီး မြေကြီးကို မစိုက်ခင် နှပ်ထားသင့်ပါသည်။

## ရေကန်စွန်းစိုက်ပျိုးခြင်း

ကန်ဇွန်းကို အညွန့်ဖြတ်ကာ စိုက်က ပို၍ရှင်သန်သည်။ အဆစ်အနည်းဆုံး (၄) ဆစ်ပါသော ကိုင်းများကို (၈-၁၀) လက်မ အရှည်ခန့် ဖြတ်ယူ၍ စိုက်ကျင်းတစ်ကျင်းလျှင် (၂-၃) ပင်စိုက်ပါ။ စိုက်ရာတွင် စပါးစိုက်သကဲ့သို့ လက်ဖြင့် အောက်ခြေပိုင်းကို မြေထဲသို့ အဆစ် (၂) ဆစ်ထိဝင်အောင် ထိုးစိုက်ပါ။ တန်းကြား၊ ပင်ကြား (၁၂ x ၁၀)လက်မ ထား၍စိုက်ပါ။ မိုးတွင်း၌ စိုက်ပါက အပင်ခြေတွင် တုတ်စိုက်ပြီး ချည်ထားပေးရန် လိုသည်။

## မျိုးစေ့နှုန်း

တဧကလျှင် ကန်ဇွန်းပင် ဖြတ်ပိုင်း (၁၀၀၀၀-၁၅၀၀၀) ထိ လိုအပ်သည်။





## အပင်ပြုစုခြင်း

အပင်ချစိုက်ပြီးလျှင် ပြီးချင်း (၃)လက်မ အနက်ရအောင်ရေသွင်းပေးပါ။ အခင်းထဲတွင် ရေ (၃-၆) လက်မရှိနေစေရန် ထိန်းသိမ်းပါ။ နွေရာသီပူပြင်းပါက တစ်ပတ် တစ်ကြိမ် ရေလဲပေးသင့်သည်။ သို့မှသာ စိုက်ခင်းရှိရေများ ပူလာခြင်းကြောင့် အပင်ကိုထိခိုက်ခြင်းမှ ကာကွယ်နိုင်မည်။ စိုက်ပြီး (၁) လအတွင်း ပေါင်းမြက်ပေါက်ပါက ရှင်းပေးပါ။ ထို့နောက် ရွက်ဖြန်းဆေးပက်ဖြန်းပေးပါ။

## ခူးယူခြင်း

ရိတ်ခါနီးတွင် ရေကို အခင်းအတွင်း (၅) လက်မသို့ လျှော့ချပြီး၊ ကန်ဇွန်းညွန့်များကို ရိတ်သိမ်းရမည်။ ကျန်နေသော ကန်ဇွန်းငုတ်များသည် ရေပေါ်တွင် (၂-၃) လက်မပေါ်နေရမည်။ ကန်ဇွန်းပင်များကို စိုက်ပြီး (၆၀-၁၂၀) ရက်ကြာလျှင် ရိတ်သိမ်းနိုင်သည်။ တဧကလျှင်ကန်ဇွန်း ပိဿာချိန် (၅၀၀-၁၀၀၀)အထိ ထွက်နိုင်သည်၊ ရိတ်သိမ်းပြီး (၁-၂) ရက်အတွင်း ရောင်းရပါမည်။

## ထိုင်ဝမ်ကန်ဇွန်း ကုန်းကန်ဇွန်း စိုက်ပျိုးခြင်း

မြေကိုထွန်ယက်ပြီး ၃ပေအကျယ်၊ အရှည်သင့်တင့်စွာထား၍ ၄လက်မအမြင့်ဘောင်များပြုလုပ်ပါ။ ဘောင်ပေါ်တွင်အစေ့များကိုပင်ကြား၊ တန်းကြား (၄×၆) လက်မထား၍တစ်ကျင်းလျှင် မျိုးစေ့ (၂ - ၃ )စေ့ခန့်ကို လက်မဝက်အနက် မြုပ်၍စိုက်ပါ။ ကျင်းများကို မြေဖြင့်ဖုံး၍ ကောက်ရိုး သို့မဟုတ် စပါးခွံ ၂ လက်မခန့်ထူထူဖုံးပေးပါ။ နှစ်ရက်သုံးရက်အတွင်း အပင်များပေါက်လာပြီး (၃-၄) ပတ်သားတွင် အပင်ရင်းမှဖြတ်၍ စားသုံး၊ ရောင်းချနိုင်သည်။ အပင်များဖြတ်ပြီး နွားချေးမြေဆွေးစသည်တို့ထည့်ပေးလျှင် နောက်ထပ် (၇-၁၀)ရက်အတွင်းထပ်မံခူးယူနိုင်သည်။ ကန်ဇွန်းရွက်ကို (၃-၄) ကြိမ်မျှဆွတ်ခူးပြီးလျှင် နောက်ထပ်အသစ်ပြန်စိုက်နိုင်သည်။ အရွယ်အစား (၃×၂၀) ပေ ဘောင်တစ်ဘောင်အတွက် မျိုးစေ့ နို့ဆီတစ်ဘူးလိုအပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ကန်ဇွန်းရွက်စိုက်ခင်းနှင့် အပင်











# ကင်ပွန်းချဉ်စိုက်ပျိုးနည်း

### နိဒါန်း

မြန်မာလူမျိုးတို့ အထူးနှစ်သက်သော ဟင်းသီးဟင်းရွက်ဖြစ်သည်။ ချဉ်ရည်ချက်၍လည်းကောင်း၊ ကြော်၍လည်းကောင်း၊ အခြားသားငါးများနှင့် ရောနှော၍လည်းကောင်း ချက်ပြုတ်စားသုံးနိုင်သည်။ မြန်မာတို့သည် ကင်ပွန်းချဉ်ကို ခြံစည်းရိုးတန်းအဖြစ်စိုက်၍ အညွန့်ကို ရောင်းချကြသည်။ ဒေသမရွေး စိုက်ပျိုးနိုင်သည်။

### မြေပြုပြင်ခြင်း

မြေထုပ်စီးထားသော ကင်ပွန်းချဉ်ပင်အား မြေမချမီ တပတ်ခန့်အလို၌ စိုက်ခင်းကို မြေပြင်နိုင်သည်။ မြက်ကို ပြောင်အောင်ရှင်းပြီး၊ နွားထွန်ဖြင့် လည်းကောင်း၊ ပေါက်တူးဖြင့် လည်းကောင်း မြေလှန်ပေးပြီးမှ မြေညီအောင် ပြန်ညှိပေးရမည်။

### စိုက်ပျိုးခြင်း

မြေထုပ်စီးထားသော ကင်ပွန်းချဉ်ပင်ကို မြေလုံးမပျက်စိုက်ရသည်။ အတန်းကြား (၆)ပေ၊ အပင်ကြား (၃)ပေ ခြား၍စိုက်ရမည်။ မြေထုတ်စီးကိုင်းကို မတ်မတ်ထောင်အောင် စိုက်ရသည်။ အပင်ရင်းတွင်မြေကို (၄) လက်မခန့် မြင့်အောင် ဖုံးပေးပြီး၊ လက်ဖြင့်ဖိပေးပါ။ စိုက်စတွင် မိုးပြတ်ပါက (၃) ရက်ဆက်တိုက် ရေလောင်းပေးရမည်။

မြေတုပ်စီးထားသော အပင်များမရနိုင်သောဒေသတွင်အစေ့ဖြင့်ပျိုးထောင်စိုက်ပျိုးနိုင်သည်။ ကင်ပွန်းချဉ်သီးအခြောက်မှ အစေ့များထုတ်ယူပြီးရေနွေးဆူဆူထဲတွင် စိမ်ပြီးနောက် ၂၄ နာရီအတွင်း ရေ (၂-၃) ကြိမ်လဲပေးပါ။ ထို့နောက်အစေ့များကို (၅×၆) လက်မအရွယ် ပလပ်စတစ်အိပ်တွင်ပျိုးထောင်ထားပြီး အပင်များတစ်ပေခန့်ရှိလျှင် မြေတွင်ချစိုက်ပါ။ အပင်အမြင့်ကို ၃ပေခန့်ထား၍ ကိုင်းများကိုချိုင်ပေးပြီး ရွက်နုများကို မှန်မှန်ဖြတ်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



### အပင်ပြုစုခြင်း

အပင်များကို (၄)ပေခန့်အမြင့်အထိထားပြီး လုံးဝိုင်းပုံဖြစ်သွားအောင် အကိုင်းများ ချိုင်ပေးရမည်။ အရွက်ပြောင်အောင် ချွေပေးရမည်။ စိုက်ခင်းကြီးပါက အကိုင်းချိုင်ပြီး၊ မြေဆွေး၊ မြေသြဇာ ကျွေးပေးရမည်။ အကိုင်းချိုင်ခြင်းကို တစ်နှစ် တစ်ခါ နိုဝင်ဘာလတွင် ပြုလုပ်ပေးရသည်။ အပြင်ထွက်လာသောကိုင်းများကို အမြဲမပြတ်ဖြတ်ပေးရမည်။ ချိုင်ထားသောကိုင်းများကို အခြောက်ခံပြီး မီးပုံရှို့ပြစ်ပါ။

### ခူးယူခြင်း

မြေသြဇာ ကျွေး၍၊ ရေလောင်း ပေးထားလျှင် (၅) ရက်တကြိမ် ဆွတ်ခူးနိုင်သည် အညွန့်ခူးခြင်းကို တစ်နွေလုံး ခူးနိုင်ပြီး အောက်တိုဘာလတွင်မခူးဘဲ (၂)လခန့်နားရမည်။

ကင်ပွန်းချဉ်











# ကျောက်ဖရုံစိုက်ပျိုးနည်း

ကျောက်ဖရုံသီးအတွင်းသားကို အဓိကဟင်းချိုချက်စားကြသည်။ အထားခံသဖြင့် တစ်နှစ်ပတ်လုံးစားသောက်ကြသည်။ သကြားဖြင့် ယိုထိုး၍ စီးပွားဖြစ်ရောင်းချကြသည်။

### မျိုး

ဒေသမျိုးတွင်အလုံးလတ်(၁-၂)ပေနှင့် အလုံးကြီး(၂)ပေအထက် အရှည်မျိုးဟူ၍ရှိသည်။ အလုံးလတ်မျိုးများကို စီးပွားဖြစ်မြေလွှတ်စိုက်ကြသည်။ အလုံးကြီးမျိုးများကို အချို့ဒေသများတွင် စင်တင်စိုက်ကြပြီး ဧရာဝတီတိုင်းမှ ပန်းတနော်၊ ဟသ်ာတ အလုံးကြီးမျိုးများသည် ထင်ရှားသည်။ မျိုးအားလုံးသည် အပြင်ခွံတွင် ဖရောင်းပါဝင်မှု များ၍အဖြူရောင်ပိုတောက်သည်။

### စိုက်ချိန်

မိုးနှောင်းတွင် မြေလွှတ်စိုက်ကြပြီး စင်တင်စိုက်ပါက တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်သည်။ အချို့ဒေသများတွင် သစ်ပင်ကြီးများနှင့် တဲများပေါ်တွင်တင်၍နှစ်ပတ်လည် စိုက်ပျိုးထားတတ်ပြီး အလုံးလတ်မျိုးများကို ယိုလုပ်ငန်းအတွက် စီးပွားဖြစ်မြေလွှတ်၍ စိုက်ပျိုးကြသည်။

### စိုက်ပျိုးခြင်း

စင်တင်စနစ်၊ မြေလွှတ်စနစ်ကို ဘောင်ဆွဲ၍ တိုက်ရိုက်အစေ့ချ စိုက်ကြသည်။ သဘာဝမြေသြဇာ၊နွားချေးနှင့် တီစူပါမြေသြဇာတို့ကိုရော၍ စိုက်ဘောင်ကို ဆွပြီး သမအောင် မွှေ၍ ထည့်ပေးရမည်။ စင်တင်စနစ်တွင် (၃)ပေအကျယ်၊ (၁)ပေအမြင့်ဘောင် ဆွဲ၍စိုက်ပါ။ စိုက်ဘောင်ကြီးလေ ပိုကောင်းလေ ဖြစ်ပါသည်။ မြေလွှတ်စနစ်တွင် (၂)ပေအကျယ်၊ (၁)ပေအမြင့်ဘောင်ဆွဲ၍ တစ်ပင်နှင့်တစ်ပင် (၂)ပေကြားနှစ်တန်းစိုက်ပြီး တစ်ဘောင်နှင့် တစ်ဘောင် (၁၅-၂၀)ပေခြားဆွဲပါကတစ်ဧကလျှင် အပင်(၂၀၀၀)ခန့် ထည့်သွင်းရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



### မြေဩဇာထည့်သွင်းခြင်း

ကျောက်ဖရုံ(၁)ဧကလျှင် သဘာဝမြေဩဇာလှည်း (၁၀-၂၀)စီး၊ ပုလဲ(၁၂)အိတ်၊ တီစူပါ(၂-၄)အိတ်၊ ပိုတက်ရှ်မြေဩဇာ(၁-၂) အိတ်ထည့်ပေးရမည်။ ဒေသမျိုးအားလုံးသည် စိုက်ပြီး ရက်(၁၀၀)ကျော်မှ စတင်ခူးဆွတ်နိုင်သည်။ စိုက်ပြီး အရွက်(၇)ရွက် ထွက်ချိန်တွင် ခေါင်နှိမ်ပေးသင့်ပါသည်။

### အပင်ပြုစုခြင်း

တိုက်ရိုက်အစေ့ချစိုက်ခြင်းဖြစ်၍ အပင်ငယ်စဉ်တွင် သတိထားပြီး ပေါင်းရှင်းပေးရမည်။ အစေ့ကို အညှောက်ဖောက်ပြီးမှချ၍ အပင်ငယ်စဉ်တွင် ရေကိုမပြတ်လောင်းပေးရမည်။ အပင်ကြီးထွားစဉ် ရေငတ်ဒဏ်အသင့်တင့်ခံနိုင်ပြီး အသီးစတင်သီးချိန်တွင် လိုအပ်ပါက ရေသွင်းပေးဖို့လိုအပ်သည်။

ပိုးမွှားရောဂါကို အခြားဗူး၊ ဖရုံမျိုးရင်းဝင်အပင်များထက် ပိုမိုဒဏ်ခံသော်လည်း၊ ရောဂါကင်းလေ အသီးထွက်မှုပို၍တာရှည်လေဖြစ်သဖြင့် အပင်ငယ်စဉ်တွင် ပိုးမွှားများကို ဂရုစိုက်နှိမ်နင်း၍ မှိုရောဂါကိုကြိုတင်ကာကွယ်ထားသင့်ပါသည်။

### ခူးယူခြင်း၊ အစေ့ထုတ်ခြင်း

အစေ့ချပြီးရက်ပေါင်း(၁၀၀)ကျော်တွင် စတင်၍ခူးယူစားသုံးနိုင်သည်။ မျိုးစေ့ထုတ်ယူလိုပါက ပန်းပွင့်ပြီး(၆၅)ရက်ကျော်မှ ခူးဆွတ်သင့်သည်။ ကျောက်ဖရုံသီးသည် တာရှည်အထားခံသဖြင့် အလုံးလိုက် အရိပ်ထဲတွင်နှစ်ပတ်လည် ထားသင့်သည်။ ကျောက်ဖရုံတွင် မျိုးစေ့ကိုအလုံးလိုက်သဘာဝအတိုင်းသိုလှောင်ခြင်းဖြင့် အပင်ပေါက်ရာခိုင်နှုန်းပိုမိုကောင်းမွန်သည်။

ကျောက်ဖရုံစိုက်ခင်းနှင့် အသီး







## ကြက်သွန်နီစိုက်ပျိုးနည်း

### နိဒါန်း

ကြက်သွန်နီသည် အပူအအေးသင့်တင့်သော ရာသီဥတုကိုနှစ်သက်သည်။ သာမန်အားဖြင့် အပူချိန်သင့်တင့်ပြီးနေ့တာရှည်ပါက ဥဖြစ်ပေါ်မှုကိုအားပေးသည်။ အပူချိန်သည် ပန်းခိုင်ထွက်ခြင်းကိုစိုးမိုး၍ (၁၀-၆၀) စင်တီဂရိတ်တွင် နေ့တာ(၉)နာရီမှ (၁၂)နာရီရရှိပါက ပန်းပွင့်၍ အစေ့တည်စေသည်။

### ပျိုးထောင်ခြင်း

ကြက်သွန်နီ တစ်ဧက စိုက်ပျိုးရန်အတွက် ပျိုးခင်းသည် (၀. ၅)ဧက ရှိရမည်။ မျိုးစေ့များကို ညီညာစွာကြဲပက်၍လည်းစိုက်ကြသည်။ ပေါင်းလိုက်လွယ်ကူစေရန် အတန်းလိုက် စိုက်သင့်သည်။ စိုက်ပြီးသောမျိုးစေ့များကို နွားချေးမှုန့် ပါးပါးဖြူး၍ သဲကြမ်းဖြင့် ပြန်လည် ဖုံးအုပ်ပေးပါ။ မျိုးစေ့များအညှောင့်ပေါက် ညီညာစေရန် ကောက်ရိုးဖြင့် ပါးပါးဖုံးအုပ်ပေးရမည်။ ပျိုးသက်တစ်လခန့်ရှိလျှင် (၃×၁၈)ပေအရွယ် ပျိုးဘောင် တစ်ဘောင်လျှင် ယူရီးယား နို့ဆီဘူး တစ်ဝက်ကို ရေ (၈) ဂါလံတွင်ဖျော်၍ လောင်းပေးပါ။

### မျိုးရွေးခြယ်ခြင်း

ရွှေဖလား၊ ဘောင်စောက်၊ သပိတ်လုံး၊ မင်းတုံး ဥမ္မာမျိုးနှင့် ကျော်မင်းမျိုး စသည့်ဒေသမျိုးများမှ ရွေးချယ်စိုက်ပျိုးနိုင်သည်။ (၁)ဧကအတွက်(၁)ပြည်လျှင် အလေးချိန် (၇၅-၈၀)ကျပ်သားရှိသည့် မျိုးစေ့ (၂-၄) ပြည်ခန့် သုံးသင့်ပါသည်။ မြန်မာနိုင်ငံတွင် ၂၀၀၇ ခုနှစ်မှစ၍စပ်မျိုးကြက်သွန်နီများကို တင်သွင်း၍လည်း စိုက်ပျိုးလာကြသည်။ စပ်မျိုးများမှာ ပလက်တီနန်၊ လူစီဖာ၊ ဖလဲနှင့် အိုးရိုးယင့်တို့ဖြစ်သည်။

### မြေပြုပြင်ခြင်း

ရွှေ့စိုက်ပြီးချိန်မှစ၍ ကြီးထွားမှုနှေးသော သီးနှံဖြစ်သည့်အတွက် ပေါင်းမြက် မနိုင်လျှင် တစ်ခင်းလုံး ပျက်စီးတတ်သည်။ ပေါင်းမြက်ကြိုတင်နှိမ်နင်းရန်အတွက် ထယ်



www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ကြိမ် ထိုးရသည်။ ထယ်ရေးပြီးက ထွန်ရေးညက်အောင် ထွန်၍ ကြမ်းရိုက်ပြီး ဘောင်စနစ်ဖြင့်လည်းကောင်း၊ ကန်သင်းဖေါ်၍လည်းကောင်း စိုက်ပျိုးကြသည်။ ကြိုက်နှစ်သက်သော မြေချဉ်ငံဓာတ်မှာ (၆-၇)ဖြစ်ပါသည်။

## စိုက်ပျိုးခြင်း

စိုက်ခင်းအား မြေပြုပြင်ပြီးပါက(၂)ပေအကျယ် ထယ်ကြောင်းဖေါ်ပြီး ဘောင်ပြုလုပ်ပေးရပါသည်။ ထယ်ကြောင်းထဲတွင် ကျနေသောမြေစာများကိုကော်၍ ဘောင်တင် ပေးရသည်။ ကန်သင်းဖေါ်၍ စိုက်မည်ဆိုပါက (၉×၆)ပေကျင်းများ ဖွဲ့ရသည်။ ဤစနစ်သည် ရေသွင်းစိုက်စနစ်ဖြစ်သည့်အတွက် ရေသွင်းမြောင်းများကို နှစ်ကျင်းကျော် တစ်မြောင်း ဖောက်ပေးပါ။ ပင်ကြားတန်းကြား အကွာအဝေးမှာ (၃×၄)လက်မဖြစ်၍ တစ်ဧကလျှင် အပင်ဦးရေ (၂)သိန်းခွဲမှ (၃)သိန်း ဝင်အောင် စိုက်ပျိုးရပါသည်။

## မြေဩဇာထည့်သွင်းခြင်း

တစ်ဧကလျှင် ယူရီးယား(၂)အိတ်၊ တီစူပါ(၂)အိတ်၊ ပိုတက်ရှ် (၁)အိတ်နှင့် နွားချေး(၁၀-၁၅)တန်သုံးသင့်သည်။

## အပင်ပြုစုခြင်း

ကြက်သွန်နီကို အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်ရေးအတွက် ပေါင်းနှိမ်နင်းရန် လိုပါသည်။ ကြက်သွန်အမြစ်သည် မြေအပေါ်ယံတွင်သာရှိ၍ သံစည်ပတ်ပြားကို ကွေး၍ လက်ကိုင်တပ်ထားသော ခြစ်ဖြင့် ပေါင်းရှင်းကြသည်။ အရွက်များ စတင်ကျချိန်တွင် ပေါင်းရှင်းရန် မလိုတော့ပါ။ မြေအလွန်ကြပ်နေပါက နွားချေး၊ မြေဆွေး၊ ထပ်မံထည့်ပေးပါ။ ကြက်သွန် ပန်းဖူးများကို အပတ်စဉ်ချိုးပေးပါ။

ကြက်သွန်ခင်းသည် မစိုလွန်း၊ မခြောက်လွန်းသောအခြေအနေတွင် အမြဲရှိနေရန်လိုသည်။ ရေသွင်းချိန် ရောက်၊ မရောက်ကို ကြက်သွန်ပင်အခြေအနေကို ကြည့်၍ သိနိုင်သည်။ ကြက်သွန်ပင်ရေငတ်ပါက အရွက်များပြာမှိုင်းပြီး နွမ်းခွေလာသည်။ မြေအလွန် ခြောက်အောင်ထားပြီး၊ ရေသွင်းကကြက်သွန်အခွံ အက်ကွဲတတ်သည်။ ပုံမှန်အားဖြင့် တစ်ပတ်လျှင် တစ်ကြိမ်ရေပေးသွင်းရသည်။ ရာသီပူပြင်းပါက (၄-၅)ရက်ခြားတစ်ကြိမ် ရေပေးသွင်းရန်လိုသည်။ အရွက်များ စတင်ကျလာချိန်တွင် ရေပေးသွင်းခြင်းကို ရပ်လိုက်ရမည်။





မြေသားပေါ်မူတည်၍ ရေသွင်းချိန် (၅)ကြိမ်မှ (၈)ကြိမ်ထိ ရှိရပါမည်။ လေးပိုး၊ ပျပိုး၊ ခါးရိုရောဂါ၊ တောက်တဲ့မြီးရောဂါတို့ ကျရောက်တတ်သည်။ အပင်စုပ်ပိုး ကျရောက်မှုအခြေအနေပေါ် မူတည်၍ ပင်လုံးပြန့်ပိုးသတ်ဆေးဖြင့် ပက်ဖျန်းကာကွယ်နှိမ်နင်းပါ။ မှိုရောဂါကျရောက်နိုင်သည့် မိုးအုံ့ခြင်း၊ မိုးဖွဲဖွဲရွာခြင်းစသော ရာသီဥတုဖောက်ပြန်မှု ရှိပါက သင့်တော်သော မှိုသတ်ဆေးဖြင့် ကြိုတင်ကာကွယ်ပါ။

## နုတ်သိမ်းခြင်း

အမြိတ်စားအတွက်စိုက်ပါက ကြက်သွန်ဥငယ်စဉ် ခဲတံလုံးခန့်အရွယ်ရှိလျှင် လက်ဖြင့် ဆွဲနုတ်ယူနိုင်သည်။ တစ်နည်းအားဖြင့် ကြက်သွန်မြိတ်(၁)ပိဿာလျှင် အရွက် (၃၅)ကျပ်သား၊ ဥအလေးချိန်(၆၅)ကျပ်သားရှိပါက ကြက်သွန်မြိတ်အဖြစ် နုတ်ရောင်းနိုင်သည်။ ဥကြီးအတွက်ရိတ်သိမ်းပါက အရွက်၏(၁၅-၂၅)ရာခိုင်နှုန်း ခြောက်လာလျှင် လက်ဖြင့် ဆွဲနုတ်ရိတ်သိမ်းနိုင်သည်။ အရွက်များအားလုံးခြောက်မှ ရိတ်သိမ်းက မြေကြပ်၍ လက်ဖြင့်နုတ်ယူရန် မလွယ်ကူတော့ချေ။ အမြစ်များသောကြောင့် ရောင်းပန်းလည်း မလှပေ။ ဥများကို နုတ်ပြီးလျှင်ပြီးချင်း အရွက်ကိုမဖြတ်ပဲတစ်ပတ်ခန့် အရိပ်အောက်တွင်ထားပါ။ ထို့နောက် အရွက်ကို(၂)လက်မခန့်ချန်၍ဖြတ်ပြီး လေဝင်လေထွက်ကောင်းသော အရိပ်အောက်တွင် သိုလှောင်ပါ။ ပျမ်းမျှ တစ်ဧကလျှင် (၃၀၀၀-၅၀၀၀)ပိဿာထိ ထွက်နိုင်သည်။

စပ်မျိုးများသည် ဥအရွယ်အစားညီညာပြီးတစ်ပြိုင်တည်းနုတ်ယူနိုင်သည်။ အဖူးတံမထွက်သောကြောင့် အထွက်နှုန်း တစ်ဧကလျှင် (၈၀၀၀-၁၀၀၀၀)ထိ ထွက်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ကြက်သွန်နီစိုက်ခင်း





ဟင်း သီး ဟင်း ရွက် စိုက် ပျိုး ခြင်း လမ်း ညွှန်

# ကြက်သွန်ဖြူစိုက်ပျိုးနည်း

### နိဒါန်း

အပူအအေးသင့်တင့်သော ရာသီဥတုကိုကြိုက်နှစ်သက်သည်။ နေ့တာရှည်ခြင်းသည် ဥဖြစ်ပေါ်မှုကိုအားပေးသည်။ အပင်ကြီးထွားဖွံ့ဖြိုးမှုအတွက် အသင့်တော်ဆုံးအပူချိန်မှာ(၁၈-၂၀)ဒီဂရီစင်တီဂရိတ်ဖြစ်ပြီးဥမှအညှောင့်ပေါက်ရန် မြေတွင်းအပူချိန်(၂၂°-၂၃°)စင်တီဂရိတ်လိုအပ်ပါသည်။ ကြက်သွန်ဥဖြစ်ပေါ်ရန်အပူချိန်(၅°-၁၀°) စင်တီဂရိတ်တွင် အနည်းဆုံး (၁ - ၂)လ ရှိရန်လိုအပ်ပါသည်။

### မြေပြုပြင်ခြင်း

ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်အောင်ထွန်ပြီး ကြမ်းတုံးရိုက်၍ဘောင်ဖေါ်စိုက်ပျိုးလေ့ ရှိပါသည်။ မြေအချဉ်အငန် (၅. ၅ - ၆. ၀)ရှိသောမြေကို ကြိုက်နှစ်သက်သည်။ ရေအလွန် လိုအပ်သော သီးနှံဖြစ်၍ အစိုဓာတ်ရှိပါက မြေအမျိုးအစားအများစုတွင် စိုက်ပျိုးနိုင်ပါသည်။

### မျိုးရွေးချယ်ခြင်း

ရေမြေအလိုက်ကိုက်ညီမှုရှိသော ရွှေကျင်မျိုး၊ ရှမ်းတောင်မျိုးစသည်ဖြင့် ရွေးချယ်စိုက်ပျိုးပါ။ ရောဂါကင်းသောမျိုး၊ အမြွှာကြီးသောမျိုးများ ရွေးချယ်ပြီး တစ်ဧကလျှင် မျိုးနှုန်း(၂၅၀-၃၀၀)ပိဿာအသုံးပြုပါ။

### စိုက်ပျိုးခြင်း

ထယ်ရေးကောင်းစွာပြင်ထားသော စိုက်ကွက်များတွင် ဘောင်အမြင့်(၈)လက်မ၊ အကျယ်(၃)ပေခန့်ထား၍ဘောင်ဖေါ်စိုက်ပျိုးလေ့ရှိပါသည်။ပင်ကြား၊ တန်းကြား (၂×၄)လက်မ (သို့) (၄×၄)လက်မ အကွာအဝေးဖြင့် တစ်ဧကလျှင် (၂၅၀၀၀၀-၂၇၀၀၀၀)ပင် ဝင်ဆန့်အောင်စိုက်ပါ။

ကြက်သွန်ဖြူစိုက်ရာတွင်ပေါင်းနှိမ်နင်းရန် အလွန်အရေးကြီးသဖြင့် ဖွံ့ဖြိုးပြီးသော ဒေသတွင်စိုက်ပျိုးသောနည်းမှာ ကြက်သွန်ဖြူ အမြွှာများကို ဘောင်ထဲတွင်

www.burmeseclassic.com

လေးပုံသုံးပုံခန့်သာ မြုပ်စိုက်ပြီး အပေါ်မှ ကောက်ရိုးကို ၆လက်မခန့် မြင့်ထိညီညာစွာ ဖုံးပေးထားပါ။ ရေလောင်းလိုက်လျှင် ကောက်ရိုးအမြင့် ၃ လက်မခန့်သာ ကျန်ပြီး ကြက်သွန်ပင်များ တိုးထွက်လာနိုင်သည်။ ကောက်ရိုးကြောင့် ပေါင်းသက်သာပြီး အစိုဓာတ်ထိမ်းနိုင်၍ ကောက်ရိုးများဆွေးသွားပါကလည်း မြေဆွေးဖြစ်သွားသည်။ စိုက်ပျိုးရာတွင်အမြွှာကြီးပါက ဥအမြွှာရပြီး၊ အမြွှာသေးပါက ဥတစ်လုံးဥသာရရှိတတ်သည်။

## မြေဩဇာထည့်သွင်းခြင်း

တစ်ဧကလျှင် သဘာဝမြေဩဇာ (၁၀)တန်၊ ယူရီးယား(၂)အိတ်၊ တီစူပါ(၂)အိတ်၊ ပိုတက်ရှ်(၁)အိတ်နှုန်း ထည့်ပါ။ သဘာဝ မြေဩဇာ၊ တီစူပါနှင့်ပိုတက်ရှ်ကိုမြေခံတွင်ထည့်၍ ယူရီးယားမြေဩဇာများကို ပေါင်းလိုက်ချိန်နှင့် ဥဆင်းချိန်တို့တွင် ထည့်ပါ။

## အပင်ပြုစုခြင်း

ကြက်သွန်ဖြူ အောင်မြင်ဖြစ်ထွန်းရန်အတွက် ပေါင်းနှိမ်နင်းခြင်းလုပ်ငန်းသည် အထူးအရေးကြီးသည်။ စိုက်ပြီး တစ်ပတ်ကြာမှ အပင်(၂)လသားအရွယ်ထိ တစ်ပတ် တစ်ကြိမ် ပေါင်းနှိမ်ပါ။ တစ်ပတ်လျှင် တစ်ကြိမ်ရေသွင်းပြီး ရာသီဥတု ပူးပြင်းပါက (၄-၅)ရက်တစ်ကြိမ်ရေပေးသွင်းရမည်။ အပင်(၂)လသား အပင်အမြင့်(၁. ၅)ပေ ရှိချိန်တွင် ရေသွင်းခြင်းကိုလုံးဝရပ်ရပါမည်။ ပန်းမပွင့်မီ ကြက်သွန်ဖူးများကို မဖြစ်မနေ ချိုးပေးပါ။ စိုက်ခင်းတွင် အစိုဓါတ် လုံလောက်မှုရှိစေရန် အမြဲဂရုပြုပါ။

ကြက်သွန်ဖြူတွင် လေ့ပိုး၊ ပျပိုးနှင့် တောက်တဲ့မြီးရောဂါတို့ ကျရောက်တတ်၍ ပိုးသတ်ဆေး၊ မှိုသတ်ဆေးများကို လိုအပ်သလိုပက်ဖျန်းကာကွယ်ပါ။

## နှုတ်သိမ်းခြင်း

အပင်သက်တမ်း (၄-၅)လအကြာ ကြက်သွန်ဖြူပင်စည်နှင့် အရွက် (၁၅-၂၅) ရာခိုင်နှုန်း ဝါလာလျှင် အပင်ကိုလက်ဖြင့် ဆွဲနုတ်သိမ်းယူနိုင်သည်။ မျိုးထားရန်အတွက် အပင်လိုက် လက်တစ်ဆုပ်စာခန့်စည်း၍ ဝါးတန်းပေါ်တွင် အခြောက်ခံထားပါ။ နုတ်ယူပြီးအပင်များကို အမြိတ်များဖြတ်တောက်၍ နေ(၂)ရက် ခန့်လှမ်းထားပါ။ တစ်ဧကလျှင် ကြက်သွန်ဖြူ ပိဿာချိန် (၁၅၀၀-၃၀၀၀)ထိ ထွက်နိုင်





ပါသည်။ ခြောက်သွေ့သည့် ကြက်သွန်ဖြူဥများကို ပလတ်စတစ်အိတ်ကြီးများဖြင့် ထုပ်ပိုး သယ်ပို့ရောင်းချနိုင်ပါသည်။

## ကြက်သွန်ဖြူစိုက်ခင်း



www.burmeseclassic.com

www.burmeseclassic.com

# ကြက်ဟင်းခါးစိုက်ပျိုးနည်း

## နိဒါန်း

ကြက်ဟင်းခါးအညွန့်ကို ပြုပ်တို့၍လည်းကောင်း၊ အသီးကိုအခွံခြစ်လှီး၍ ဆားနှင့် နယ်၊ အခါးရည်ညစ်ထုပ်ပြီး ပုဇွန်၊အသားမျိုးစုံနှင့်ကြော်၍လည်းကောင်း၊ မျှစ်၊ ပဲပုဇွန်တို့နှင့် ရောနှောချက်ပြုတ်၍လည်းကောင်း အသီးကင်းများကိုပြုတ်၍ အတို့အမြုပ်အဖြစ်လည်းကောင်း စားသောက်ကြသည်။

## မျိုးရွေးချယ်ခြင်း

ဒေသမျိုးများသည် အသီးပုံစံအားဖြင့် အရှည်မျိုး၊အပုမျိုး၊အလုံးမျိုးဟူ၍ အမျိုးမျိုးရှိသည်။ အရောင်အားဖြင့် အစိမ်းနု၊အစိမ်းရင့်၊ အဖြူမျိုးဟူ၍ရှိပြီး များသောအားဖြင့် ခါးသောအရသာ ရှိသည်။ အလုံးသေးမျိုးသည် ဟင်းချက်ရာတွင် လေးသောအရသာရှိ၍ ကြိုက်နှစ်သက်ကြသည်။ အရှည်(၁၀)လက်မခန့်ရှိသော အဖြူရောင်၊ အစိမ်းရင့်မျိုးများကို တဖြည်းဖြည်း စိုက်ပျိုးလာကြသည်။ မျိုးအားလုံးသည် စိုက်ပြီးရက်(၅၀-၆၀) တွင် စတင်ခူးဆွတ်နိုင်သည်။တစ်ဧကလျှင် အပင်(၆၀၀၀-၈၀၀၀)ခန့်စိုက်နိုင်သည်။

## စိုက်ချိန်

အေး၍ဆီးနှင်းကျတတ်သောတောင်ပေါ်ဒေသတွင် ဆောင်းရာသီ၌ ဖြစ်ထွန်းမှုနည်း၍ နွေနှင့်မိုး ရာသီတွင် စိုက်သင့်ပြီး ကျန်ဒေသများတွင် တစ်နှစ်ပတ်လုံး စိုက်နိုင်သည်။

## စိုက်ပျိုးခြင်း

တိုက်ရိုက်အစေ့ချနည်းကိုသာ သုံးကြသည်။ ကြက်ဟင်းခါးစေ့သည် အပင်ပေါက်ရာခိုင်နှုန်း ကျတတ်၍ မျိုးညှောက်ဖောက်ပြီးမှအစေ့ချသည်။ စိုက်ဘောင်ပြုလုပ်မည့်မြေကို သဘာဝ မြေသြဇာ၊ နွားချေး၊ သစ်ရွက်ဆွေး၊ ကြက်ချေးများ ရော၍သမ





အောင်ရောမွှေပြီး စိုက်ဘောင်ဖော်ပေးရမည်။ ကြက်ဟင်းခါးကို စင်တင်၍ သို့မဟုတ် တန်းထိုး၍ စိုက်ပျိုးကြသည်။ စင်တင်လျှင် စိုက်ဘောင်တစ်ဘောင်နှင့်တစ်ဘောင် (၅-၇)ပေခြား၍ တန်းထိုးပါက (၄)ပေ ခြားပေးရမည်။ ဘောင်အကျယ်မှာ(၂)ပေရှိပြီး အမြင့်မှာ (၁)ပေ ခန့်ရှိရပါမည်။ တစ်ပင်နှင့်တစ်ပင် တစ်ပေခြား စိုက်ပြီး တန်းကြားကို (၁)ပေခြား ချန်ပေးရပါမည်။

## မြေသြဇာထည့်သွင်းခြင်း

ကြက်ဟင်းခါး(၁)ကေလျှင် နွားချေးလှည်း(၁၀)စီးမှ (၂၀)စီး၊ ပုလဲ(၁-၂)အိတ်၊ တီစူပါ(၂-၄)အိတ်၊ ပိုတက်ရှ်မြေသြဇာ (၁-၂)အိတ်ထည့်ပေးရပါမည်။

## အပင်ပြုစုခြင်း

တိုက်ရိုက်အစေ့ချစနစ်ဖြစ်၍ ပေါင်းမြက်ကိုနိုင်အောင်နှိမ်နင်းပေးရန် လိုအပ်ပါသည်။ အပင်မပေါက်ခင်ကပင် ရေကိုဂရုတစိုက် လောင်းရန်လိုအပ်ပြီး အပင်ငယ်စဉ်တွင် လိုအပ်ပါက နေ့စဉ်ရေလောင်းပေးရမည်။ အညွန့်(၅)ပေခန့် ရောက်ချိန်တွင် လိုအပ်ပါက ရေသွင်းပေးရမည်။ ကြက်ဟင်းခါးသည် အပင်ငယ်စဉ်တွင် ပိုး၊ ဖရုံကျိုင်း ကျရောက်တတ်၍ ထိသေဆေးဖြင့် နှိမ်နင်းပါ။ အသီးကို သီးလုံးဖောက်ပိုးများ ကျရောက်တတ်၍ အလုံးကြီးမျိုးများကို စက္ကူအိတ်ဖြင့် စွတ်ပေးပါ။ ရွက်ခြောက်ရောဂါ ကျရောက်ပါက မှိုသတ်ဆေးများကို ကြိုတင်ကာကွယ် သုံးစွဲရပါမည်။

## ခူးဆွတ်ခြင်း၊မျိုးစေ့ထုတ်ခြင်း

ကြက်ဟင်းခါးသီးကိုစားသုံးရန်အတွက် မနုမရင့်အနေတော်ခူးသင့်သည်။ ရင့်လွန်းပါက အထားမခံဘဲဝါသွားတတ်သည်။ မျိုးစေ့ထုတ်ရန်အတွက် အပင်ပေါ်တွင် လုံးဝရင့်မှည့်သည်အထိဝါအောင်ထားပြီးမှ ခူးဆွတ်ရမည်။ ခူးဆွတ်ပြီးသော အသီးကို အရိပ်ထဲတွင်(၂)ပတ်ခန့်ထားပြီး အသီးကိုလက်နှင့်ဖွဲ၍ အနီရောင် အစေ့အိမ်ထဲမှ အလွယ်တကူ ထုတ်ယူနိုင်သည်။ အစေ့ကို ရေသန့်သန့်ဖြင့် (၁၅)မိနစ်ခန့်သာ ဆေးပြီး ဆေးကြောစဉ်အတွင်း လက်ဝါးအတွင်း၌ထည့်၍ ညှစ်ပေးခြင်းဖြင့် အကျိအခွဲများကို သန့်စင်ပါ။ နေရောင်အောက်တွင် နာရီဝက် နေလှန်းပါ။ နေလှန်းစဉ် ပြင်းထန်စွာ ပွတ်တိုက်ခြင်း မပြုဘဲ(၁၅)မိနစ် တစ်ကြိမ် မွှေပေးပါ။ ထို့နောက် အရိပ်ထဲတွင် (၂)ရက်ခန့် လေသလပ်ခံပြီး၊ ခြောက်သွေ့သည့်အခါ ပုလင်းထဲတွင် သေချာစွာ ထည့်၍ သိုလှောင်ပါ။ တစ်ဧကလျှင်အသီး (၈၀၀၀၀) ခန့် ထွက်ရှိနိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com



ကြက်ဟင်းခါးပင်နှင့် အသီး







# ခဝဲစိုက်ပျိုးနည်း

ခဝဲသီးကို အချိုချက်၊ အသား၊ ငါးနှင့် ပုဇွန်ရော၍ ချက်စားတတ်သည်။ ဟင်းချိုအဖြစ် ချက်၍ အသီးနုများ ပြုတ်တို့စားကြသည်။ ချိုသောအရသာရှိ၍ ကြိုက်နှစ်သက်မှုများသည်။

## မျိုး

ဒေသမျိုးများတွင် အပုမျိုးနှင့် အရှည်မျိုးဟူ၍(၂)မျိုးရှိသည်။ အပုမျိုးသည် (၆)လက်မခန့် ရှည်ပြီးအသီးပုံသဏ္ဍာန်မှာ အဖျားရှူး၍ အညာပိုင်းကြီးသည်၊ အရှည်မျိုးသည် (၁)ပေခန့်ထိရှည်၍ အရင်းအဖျားညီသည်။ ဆောင်းရာသီတွင် အပင်ငယ်ငယ်ဖြင့် ပန်းပွင့်တတ်၍ သတိထားစိုက်ပျိုးရသည်။ ရောဂါဒဏ်၊ပိုးမွှားဒဏ်ခံ၍ ဒေသနှင့်ကိုက်ညီသောမျိုးကို ထိန်းသိမ်းစိုက်ပျိုးသင့်သည်။

## စိုက်ချိန်

မိုးရာသီ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် အစိုက်များသည်။ စက်တင်ဘာ၊ အောက်တိုဘာလတွင် ခူးဆွတ်ကြသည်။ မြေပြန့်ဒေသများတွင် ဆောင်းနှင့် နွေတွင် စိုက်ပျိုးနိုင်သော်လည်း ရေကိုဝအောင်ပေးရပါမည်။ ဆောင်းရာသီတွင် အောက်ခြေမှ ငါးပေအထိ အသီးအပွင့်များကို ချွေပြီးမှ အပေါ်အဆစ်မှ အသီးများကိုယူသင့်သည်။ မိုးဒဏ်ကို ခံနိုင်ရည်ရှိပြီး စင်တင်စနစ်၊ ဝါးတန်းထိုးစနစ်ဖြင့်သာ အစိုက်များသည်။

## စိုက်ပျိုးခြင်း

တိုက်ရိုက်အစေ့ချစနစ်ကိုသာစိုက်ကြသည်။ မျိုးစေ့ကို အညှောင့်ဖောက်၍ စိုက်ဘောင်ပေါ်တွင် (၁ပေ)ကြားလက်မဝက်ခန့်မြှုပ်၍စိုက်ပါ။ စိုက်ဘောင်ကို (၂)ပေအကျယ်၊ (၁)ပေအမြင့်ဆွဲ၍ တစ်ဘောင်နှင့်တစ်ဘောင် (၅)ပေခြားခွဲပါ။ (၁)ဧကလျှင် အပင်(၈၀၀၀)ခန့်ရအောင် စိုက်ပျိုးပါ။ စင်ပေါ်သို့ရောက်မီ ကြားဝါးတန်းများကို(၁)ပေခြား ကန့်လန့်ဖြတ် ချည်ပေးရပါမည်။



www.burmeseclassic.com

www.burmeseclassic.com



### မြေဩဇာထည့်သွင်းခြင်း

ခဝဲတစ်ဧကလျှင် နွားချေးဆွေးလှည်း (၁၀) စီးမှ အစီး (၂၀)၊ ပုလဲ (၁-၂)အိတ်၊တီစူပါ (၂-၄)အိတ်၊ ပိုတက်ရှ်မြေဩဇာ(၁၂)အိတ်ထည့်ပေးသင့်ပြီး သဘာဝမြေဆွေး၊ ကြက်ချေး၊ နွားချေး၊ တီစူပါခါတ်မြေဩဇာကိုရော၍ စိုက်ဘောင်အတွင်း သမအောင် မွှေ၍ ထည့်ပေးရမည်။ အသီးစတင် သီးချိန်တွင် ပုလဲ၊ ပိုတက်ရှ်နှင့် နွားချေးဆွေးတို့ကိုရော၍ ဘောင်အောက်ခြေမှ ဘောင်ထပ်ပြီးအစာထပ်မံကျွေးရပါမည်။

### ခူးယူခြင်း

(၁)ဧကလျှင်သီးတောင့် (၂၀၀၀၀-၃၀၀၀၀) ခန့်ထွက်နိုင်သည်။

ခဝဲပင်နှင့် အသီး







# ခရမ်းစိုက်ပျိုးနည်း

### နိဒါန်း

မြန်မာနိုင်ငံတွင် အလွန်အေးသော တောင်ပေါ်ဒေသမှလွဲ၍ ကျန်ဒေသတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။ မြန်မာနိုင်ငံတွင် ဆင်စွယ်ခရမ်းရှည်မျိုး(ခရမ်းရောင်၊ အစိမ်းရောင်) အလုံးမျိုး (ခရမ်း၊အစိမ်း၊အဖြူရောင်) လုံးရှည်မျိုး (ခရမ်းရောင်)ကို စိုက်ပျိုးလေ့ရှိပါသည်။

### ပျိုးထောင်ခြင်း

ကောင်းစွာဆွေးမြေ့သော နွားချေး၊သစ်ရွက်ဆွေးများအသုံးပြု၍ မျိုးစေ့များကို တစ်တန်းနှင့် တစ်တန်း (၄)လက်မခန့်ခြားပြီး (၃)ပေအကျယ်၊ (၃၀)ပေအရှည် ဘောင်များပြုလုပ် ပျိုးထောင်နိုင်ပါသည်။ အပင်များ ကြပ်မနေစေရန် မလိုသောပျိုးပင်များကို နုတ်ပစ်ရမည်။ ညနေခင်းတွင် ရေပန်းခရားစိပ်ဖြင့် ရေဖျန်းပါ။

### မျိုးစေ့နှုန်း

ခေါင်းကြီး၊ ထောပတ်၊ ညိုရှည်စသည်ဖြင့်ဒေသအလိုက် သင့်တော်သော မျိုးများကို ရွေးချယ်စိုက်ပျိုးရန် ဖြစ်ပါသည်။ တစ်ဧကမျိုးစေ့ (၃၀၀)ဂရမ်နှုန်း လိုအပ်သည်။

### မြေပြုပြင်ခြင်း

မြေဆီဩဇာထက်သန်သော သဲနုန်းမြေတွင် ထယ်(၃)စပ်မှ(၄)စပ်ထိုး၍ ထယ်ရေး ညက်သည်အထိ ထွန်ပေးရပါမည်။ မြေချဉ်ငံဓာတ် (၅. ၅ မှ ၆. ၅)အတွင်း ပိုမိုဖြစ်ထွန်းနိုင်ပြီး နုံးမြေသည်အသင့်တော်ဆုံးဖြစ်သည်။

www.burmeseclassic.com

### စိုက်ပျိုးခြင်း

မျိုးပင်များအရွက်(၅)ရွက်ရရှိလျှင် စိုက်ခင်းသို့ညနေခင်းတွင် ရွှေ့ပြောင်းစိုက်ပျိုးနိုင်သည်။ စိုက်ချိန်တွင် အစိုဓါတ်လုံလောက်ရပါမည်။ ခြောက်သွေ့ပူပြင်းသောရာသီတွင် နေပူဒဏ်မှ ကာကွယ်ရန် အရိပ်ပြုလုပ်ရမည်။ အပင်များကောင်းစွာ အမြစ်စွဲလျှင် အရိပ်များဖယ်ပေးနိုင်သည်။ရွှေ့ပြောင်းစိုက်ရာတွင် ခရမ်းမျိုးအလိုက် တန်းကြား (၃-၄)ပေ၊ ပင်ကြား (၂-၃) ပေထားပြီးစိုက်ပါ။

### အပင်ပြုစုခြင်း

ခရမ်းပင်အိုများ အသီးအထွက် နည်းသွားသောအခါ အပင်များကို ထက်ဝက်ခန့်ထိအကိုင်းများချိုင်ပေးပြီး သဘာဝ မြေဆွေးထည့်ပေးခြင်းဖြင့် အပင်များ ပြန်လည်သီးပွင့်လာမည်။

ခရမ်းတွင်ကျရောက်တတ်သော ပိုးမွှားများမှာ ခေါင်ညွန့်ထိုးပိုးနှင့် သီးလုံးဖေါက်ပိုးများဖြစ်ပြီး ပင်လုံးပျံ့ပိုးသတ်ဆေးပက်ဖျန်းပြီးကာကွယ်ပါ။


### ဆွတ်ခူးခြင်း

အသီးဆွတ်ခူးရန်အချိန်သည် အသီး၏ပုံသဏ္ဌာန်ပေါ်မူတည်ပါသည်။ လုံးဝိုင်းပုံနှင့်ဘဲဥပုံအသီးများကိုပန်းပွင့်ပြီး (၂၅-၃၀) ရက်ကြာလျှင်ဆွတ်ခူးနိုင်ပါသည်။ လုံးရှည်ပုံတွင်ပန်းပွင့်ပြီး (၃၀) ရက်ကြာလျှင်ခူးနိုင်ပြီးအသီးရှည်နှင့် အလွန်ရှည်သောအသီးပုံများတွင်ပန်းပွင့်ပြီး (၃၅-၄၀) ရက်ကြာလျှင်ခူးနိုင်ပါသည်။ အသီးရောင်တောက်ပနေသော အချိန်သည် စားသုံးရန်အနေတော်ဖြစ်ပြီး အရောင်မှိုင်းသွားပါကအသီးရင့်လွန်ပြီးစားသုံးရန်မကောင်းတော့ပါ။ အသီးများပုံမှန်ခူးပေးခြင်းဖြင့် အသီးထွက်နှုန်းကို မြင့်မားစေနိုင်သည်။ တစ်ဧကပိသာချိန် (၆၀၀၀-၈၀၀၀) အထိ ထွက်ရှိနိုင်ပါသည်။





ခရမ်းသီးပင်နှင့် ခရမ်းသီး





www.burmeseclassic.com

www.burmeseclassic.com



# ခရမ်းချဉ်စိုက်ပျိုးနည်း

## နိဒါန်း

တိုင်ထောင်မျိုးနှင့်တိုင်လွတ်မျိုး(၂)မျိုး၊ အသီးအရောင်အနေဖြင့် အနီ၊ ပန်းရောင်၊ အဝါနု (၃)မျိုးခွဲခြား ထားပါသည်။ နွေးသောရာသီကို ကြိုက်နှစ်သက်၍ ပူလွန်း၊ အေးလွန်းပါက အပင်များကောင်းစွာမဖြစ်ထွန်းပါ။

## မျိုးရွေးချယ်ခြင်း

စိုက်ပျိုးစနစ်ပေါ် မူတည်၍ တိုင်ထောင်မျိုးနှင့်တိုင်လွတ်မျိုးကို ရွေးချယ်စိုက်ပျိုးပါ။ တိုင်လွတ်မျိုးကိုမြေပေါ်တွင် ဘောင်တင်၍ စိုက်ပျိုးကြပြီး တိုင်ထောင်မျိုးကို တိုင်ဖြင့်ဖြစ်စေ၊ တန်းပြစ်၍ဖြစ်စေ စိုက်ပျိုးကြသည်။ ဒေသမျိုးများသည်တိုင်လွတ်မျိုးများဖြစ်ပြီး တာရှည်အထားမခံပါ။ တိုင်ထောင်မျိုးများသည် အသားထူပြီး တာရှည်အထားခံသောမျိုးများဖြစ်ပြီး သယ်ယူရာတွင်ထိခိုက်မှုခံနိုင်သည်။

## မျိုးထောင်ခြင်း

ခရမ်းချဉ်စေ့များကိုမျိုးထောင်ရန်မြေကို ရေမဝပ်သောနေရာတွင် ရွေးချယ်ပြီး ပျိုးဘောင်များကို မြေဆွေး၊ စက်ဖွဲပြာ စသည်တို့ ထည့်ပြီးစနစ်တကျပြုပြင်ပါ။ ပျိုးဘောင်တွင် တစ်တန်းနှင့်တစ်တန်း (၂)လက်မခြားမြောင်းများဆွဲပြီး မျိုးစေ့များကို လက်မဝက်ခြားစိုက်၍ မြေဆွေးမှုန့်ဖြင့်ပါးပါးဖုံးအုပ်ပေးပါ။ ရေကိုနံနက်ပိုင်းတွင် လောင်းပေးပါ။ ညနေပိုင်းလောင်းပါက ခါးရိရောဂါကျရောက်တတ်သည်။ပိုးမွှားရောဂါကျရောက်မှုကို အမြဲကြည့်ရှုစစ်ဆေးပါ။ ပျိုးသက် (၃၀-၄၅)ရက်သားတွင် ရွှေ့ပြောင်းစိုက်နိုင်သည်။ တစ်ဧကအတွက်မျိုးစေ့ (၆၀) ဂရမ်လိုအပ်သည်။





## မြေပြုပြင်ခြင်း

သဲနုန်းမြေ၊ နုန်းစနယ်မြေများမှာ အကောင်းဆုံးဖြစ်သည်။ မြေအချဉ်ငံဓါတ် (၅.၅ - ၇.၀) ရှိသင့်သည်။ မြေအခြေအနေပေါ် မူတည်၍ ထယ်(၂)စပ်မှ (၄)စပ်ထိုးပြီး ထွန်ရေး ညက်သည်အထိ (၁၆)သွားထွန်ဝင်ပေးရန်လိုသည်။ ထွန်ရေးညက်လျှင်ကြမ်းတုံးရိုက်ပါ။

## စိုက်ပျိုးခြင်း

ပျိုးသက်(၃၀-၃၅)ရက်သားတွင် အစိုဓါတ်လုံလောက်သော စိုက်ခင်းအတွင်းသို့ ညနေခင်းတွင် ရွှေ့ပြောင်းစိုက်ပျိုးနိုင်သည်။ ပင်ကြား၊ တန်းကြား (၃ × ၂)ပေခြားစိုက်ပျိုးရမည်။

## အပင်ပြုစုခြင်း

စိုက်ပျိုးပြီး (၁၅)ရက်ခန့်အကြာ အပင်လှန်ချိန်တွင် ပထမအကြိမ် ခါးဆွမြေတောင်မြှောက်ပေး၍ မြေသြဇာ ကျွေးနိုင်ရန်လိုပါသည်။ ယင်းအချိန်တွင် မိမိစိုက်ပျိုးသောမျိုးပေါ် မူတည်၍ တိုင်ထောင်မျိုးဆိုပါက လိုအပ်သော အတက်ဖွဲ့ပေးခြင်း၊ တိုင်ထောင်တန်းပစ်၊ ကြိုးချည်ပေးခြင်း ပြုလုပ်ရမည်။

ခရမ်းချဉ်ပင်တွင် ပထမဆုံးထွက်ရှိလာသော ပန်းခိုင်အောက်ရှိ အရွက်ကြားမှ ပြူထွက်လာသော ဘေးတက်အားသီးကိုင်းအဖြစ် မွေးမြူချန်လှပ်ကာ ကျန်အောက်ဖက်ရှိ ဘေးတက်အားလုံးကို ဖဲ့ခွေပစ်ပြီး သီးကိုင်း နှစ်ကိုင်း၊ သုံးကိုင်းစသည်ဖြင့်မွေး၍ စိုက်ပျိုးလေ့ရှိသည်။

ခရမ်းချဉ်ပျိုးခင်းတွင် အပင်ပေါက်ပြီး (၁၅)ရက်သားတစ်ကြိမ်၊ မရွှေ့ပြောင်းမီ (၂)ရက်ခန့်အလိုတွင်တစ်ကြိမ် ပင်လုံးပြန့်ပိုးသတ်ဆေး၊ မှိုသတ်ဆေးများကိုရောစပ်ပက်ဖျန်းနိုင်သည်။ ပျိုးခင်းတွင် ခါးရိရောဂါကျရောက်တတ်သဖြင့် အထက်ပါ မှိုသတ်ဆေးများဖြင့် ပက်ဖျန်းကာကွယ်နိုင်ပါသည်။

စိုက်ခင်းတွင် အဓိကကျရောက်သည့်ပိုးများမှာ လေ့ပိုးပျပိုး၊ ယင်ဖြူနှင့် သီးလုံးဖေါက်ပိုးများ ကျရောက်တတ်ပါသည်။ ဒီစစ်ပိုးသတ်ဆေးဖြင့် ကာကွယ်နိုင်ပါသည်။ အဓိကကျရောက်တတ်သည့်ရောဂါမှာ လောင်မည်းရောဂါဖြစ်ပြီး ဒိုင်သိမေး၊ မန်ကိုဇက်တို့ဖြင့် ကာကွယ်နှိမ်နင်းနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြောင်းဖြင့် ရေပေးသွင်းစိုက်ပျိုးမည်ဆိုပါက ခရမ်းချဉ်ပင်များ ရွှေ့ပြောင်းစိုက်ပျိုးခြင်း မပြုမီ ရေသွင်းမြောင်းမနှင့် မြောင်းလက်တံများ လိုအပ်သလို ကြိုတင်ပြုပြင် ထားရပါမည်။

## မြေဩဇာထည့်သွင်းခြင်း

| | |
|---|---|
| နွားချေး၊မြေဆွေး | - ၈-၁၀ တန် |
| ယူရီးယား (၅၀)ကီလို | - ၂ အိတ် |
| တီစူပါ (၅၀)ကီလို | - ၂ အိတ် |
| ပိုတက်ရှ် (၅၀)ကီလို | - ၃ အိတ် |

နွားချေး၊ တီစူပါနှင့် ပိုတက်ရှ် တစ်ဝက်တို့ကို မြေပြုပြင်ချိန်တွင် ထည့်သွင်း၍ ကျန်မြေဩဇာများကို အပင်လှန်ချိန်၊ ပန်းစတင်ပွင့်ချိန်၊ ပထမပန်းခိုင် အသီးတင်ချိန်၊ ပထမအကြိမ် အသီးခူးဆွတ်ချိန်နှင့် ဒုတိယအကြိမ် အသီးခူးဆွတ်ချိန်တို့တွင် ခွဲ၍ထည့်သွင်းပါ။


## ခူးယူခြင်း

ခရမ်းချဉ်သီးအစိမ်းရောင်မှအစိမ်းဖျော့၊ ထိုမှတဆင့် အဖြူရောင်များလာချိန်တွင်ခူးဆွတ်ပါက အဝေးဈေးကွက်သို့တင်ပို့နိုင်ပြီး၊ လမ်းခရီးတွင် အပျက်အစီး အဆုံးအရှုံး သက်သာမည်ဖြစ်သည်။ ဒေသဝန်းကျင်ဈေးတွင်သာ ပို့ဆောင်ရောင်းချမည်ဆိုပါက ရှမ်းပြင်းအဆင့် အဝါရောင်ပြောင်းစအသီးများကို ဆွတ်ခူးရောင်းချနိုင်ပါသည်။ မျိုးစေ့ထုတ်ရန်အတွက်မူ အပင်ပေါ်တွင်ကောင်းစွာ ရင့်မှည့်သည်အထိထားရန်လိုအပ်ပါသည်။ စနစ်တကျစိုက်ပျိုးပါက ကုန်းမြေတွင် တစ်ဧကလျှင် ( ၅၀၀၀- ၈၀၀၀) ပိဿာထိထွက်နိုင်ပြီး အင်းလေးဒေသတွင် တစ်ဧကလျှင် ပိဿာချိန် (၁၀၀၀၀)ထိ ထွက်ရှိနိုင်ပါသည်။





## ခရမ်းချဉ်သီးနှင့် အပင်





www.burmeseclassic.com

www.burmeseclassic.com



# ချဉ်ပေါင်စိုက်ပျိုးနည်း

## နိဒါန်း

မြန်မာလူမျိုးတို့အထူးနှစ်သက်သော ဟင်းသီးဟင်းရွက် အမျိုးအစားဖြစ်သည်။ ကြော်ချက်၍သော်လည်းကောင်း၊ ဟင်းရည်ချက်၍ သော်လည်းကောင်း၊ အခြားသီးနှံများနှင့် ရောနှော၍ သီးစုံချဉ်ရည်ဟင်းချက်စား၍ လည်းကောင်း သုံးဆောင်နိုင်ပါသည်။ မြန်မာပြည်တွင် ချဉ်ပေါင်အမျိုးအစား (၃) မျိုးခန့်တွေ့ရသည်။ချဉ်ပေါင်အနီ၊ မြန်မာချဉ်ပေါင်နှင့် လက်ခြားချဉ်ပေါင်တို့ဖြစ်သည်။

## မြေပြုပြင်ခြင်း

မိုးများလွန်းပြီး ရေဝပ်သောဒေသတွင် ချဉ်ပေါင်မဖြစ်ထွန်းပေ။ ထယ် (၁) စပ်၊ ထွန်(၆-၈) စပ်အထိထွန်မွှေရသည်။ ကြမ်းတုံးရိုက်ပြီးနောက် စိုက်ကြောင်းများဆွဲ၍ တစ်တန်းနှင့် တစ်တန်း (၆)လက်မခြား၍စိုက်ပါ။

## စိုက်ပျိုးခြင်း

ရာသီမရွေး စိုက်နိုင်သည်။ စိုက်တန်းထဲတွင် ချဉ်ပေါင်မျိုးစေ့များကို ကြွက်မြီးတန်းချ၍ စိုက်ရန်ဖြစ်သည်၊ အစေ့များမှ စိုက်ပြီး (၃-၅) ရက်တွင်အပင်လေးများပေါက်လာမည်။ ချဉ်ပေါင် တဧကအတွက် မျိုးစေ့(၆)ပြည်လိုပါသည်။ အလျား ပေ (၂၀)၊ အနံ (၄) ပေစိုက်ဘောင် တဘောင်အတွက် မျိုးစေ့ နို့ဆီဘူး (၁) ဘူးခန့်လိုသည်။

## အပင်ပြုစုခြင်း

၄င်းအပင်ကလေးများ (၃-၄) ရွက်ထွက်လာလျှင် တပင်နှင့်တပင် (၁) ပေ ခွာထား၍ ကျန်အပင်များမှုန်းပေးရမည်။ အတန်းကြား ပေါင်းများကို ကြားထွန်လိုက်၍ ပေါင်းနှိမ်နှင်းရသည်။





## ရိတ်သိမ်းခြင်း

ချဉ်ပေါင်စိုက်ပြီး (၄၅-၆၀) ကြာလျှင်အရွက်များစတင်ခူးဆွတ်နိုင်ပြီဖြစ်သည်။ တဧကလျှင် ချဉ်ပေါင်ရွက် အစိုပိဿာ (၅၀၀-၁၀၀၀)အထိထွက်နိုင်၏။ မျိုးထုတ်လိုပါက ချဉ်ပေါင်များကို အသီးရင့်သည့်တိုင်ထားရမည်။ အသီးများညိုး၍ အက်ကွဲလာပါက အစေ့များ ထွက်လာ၏။ ကောင်းစွာခြောက်သွေ့သောအခါ အသီးများကို တုတ်ဖြင့် ရိုက်ပုတ်၍ အစေ့များကို ထုတ်ယူနိုင်သည်။

ချဉ်ပေါင်ပင်









www.burmeseclassic.com

www.burmeseclassic.com



# ဂေါ်ဖီထုပ်စိုက်ပျိုးနည်း

## နိဒါန်း

မြန်မာနိုင်ငံတွင် ဒုတိယအများဆုံးစိုက်ပျိုးသော ဟင်းသီးဟင်းရွက် အမျိုးအစား ဖြစ်သည်။ ဂေါ်ဖီထုပ်ကို တစ်နှစ်ပတ်လုံး ဈေးကွက်တွင် တွေ့မြင်ရပြီး၊ အစိမ်းလိုက် တို့မြုပ်၍စားခြင်း၊ အသုပ်သုပ်စားခြင်း၊ ကြော်ချက်၍စားခြင်း၊ အရည်သောက်အဖြစ်ပြုပ်စားခြင်းနှင့် အခြောက်လှမ်းစားခြင်း စသည်ဖြင့် နည်းမျိုးစုံနှင့်စားသုံးကြသည်။

## စိုက်ပျိုးချိန်

မြေပြန့်ဒေသ - စက်တင်ဘာ၊ အောက်တိုဘာ

တောင်ပေါ်ဒေသ - မတ်လမှအောက်တိုဘာထိစိုက်ပျိုးနိုင်သည်။

## မျိုးစေ့နှုန်း

ပိုးမွှားနှင့်ရောဂါဒဏ်ခံနိုင်သောမျိုးကို ရွေးစိုက်ပါ။ တစ်ဧကအတွက် မျိုးစေ့ (၄၀၀)ဂရမ်ပျိုးထောင်ပါ။

## ပျိုးထောင်ခြင်း

ဘောင်နှင့်ပျိုးထောင်လေ့ရှိသည်။ အကျယ်(၃)ပေ၊ အမြင့်(၆)လက်မရှိ ပျိုးဘောင် ဖော်ပေးရမည်။ ပျိုးဘောင်အတွင်းသို့ သဘာဝမြေဩဇာကို အောက်ခံမြေနှင့် သတူရောစပ်၍ ထည့်ပေးရမည်။ မြေကို မှုန့်ညက်အောင်ဆွ၍ ပေါင်း၊ မြက်နှင့် အမှိုက်၊ ကျောက်ခဲများကို ကောက်ပစ်ရမည်။

ပျိုးဘောင်ပေါ်တွင် (၄)လက်မကွာ၍ လက်မဝက်အနက်ရှိသည့် မြောင်းငယ်များကို ဝါးခြမ်းပြားဖြင့် ကန့်လန့်ဖြတ်ဆွဲပါ။ မျိုးစေ့ကို (၁)လက်မခြားချပါ။ မြေပါးပါးပြန်ဖုံးပါ။ ရေကို ရေပန်းခရားအပေါက်သေးဖြင့်နေ့စဉ် (၂)ကြိမ်လောင်းပါ။ နေဒဏ်၊ မိုးဒဏ်ခံနိုင်ရန် ကောက်ရိုးနှင့် အရိပ်မိုးပေးထားပါ။ (၃)ရက်ခန့်တွင် အပင် ပေါက်လာပြီး (၅)ရက်တွင် အပင်ပေါက်စုံလာမည်။ ပျိုးသက် (၁၄)ရက်သားတွင် အချိုးညီ (၂၀း၂၀း၂၀) ရွက်ဖျန်း မြေဩဇာပက်ဖျန်းပေးပါ။ ရေကို နေ့စဉ်မပြတ်အောင် လောင်းပြီး ပိုးမွှားရောဂါ ကာကွယ်ဂရုစိုက်ပါ။

## မြေပြုပြင်ခြင်း

စိုက်ခင်းမြေကိုလည်း အကြိမ်ကြိမ် ထယ်ထိုး၊ ထွန်မွှေ၍ မှုန့်ညက်အောင် ပြုလုပ်ရမည်။ ပေါင်းမြက်နှင့် ပင်ကြွင်းပင်ကျန်များ ဖယ်ရှားထားရပါမည်။ ရေသွင်း၊ ရေထုတ် မြောင်းများပြုလုပ်၍ ပိုးစိုက်တွင်စိုက်ကျင်းများကြိုဖော်ထားပြီး သဘာဝမြေဩဇာနှင့် တီစူပါ ထည့်ထားရမည်။ မြေချဉ်ပါက မြေအချဉ်အငန်မာတ် (၆.၅)တွင် ထိန်းထားရန် ထုံးထည့်ပေးပါ။

## မြေဩဇာထည့်သွင်းခြင်း

ဂေါ်ဖီထုပ်တစ်ဧကအတွက် မြေခံအဖြစ်သဘာဝမြေဩဇာ (၅)တန်၊ ယူရီးယား (၃၆) ကီလို၊ တီစူပါ (၄၅)ကီလိုနှင့် ပိုတက်ရှ် (၃၆)ကီလိုထည့်ပေးပါ။ ထို့နောက် ရွှေ့စိုက်ပြီး (၁၀)ရက်သားတွင်တစ်ကြိမ်၊ (၂၅)ရက်သားတွင်တစ်ကြိမ် ယူရီးယား (၉) ကီလိုစီ ထပ်မံထည့်ပေး၍၊ ခေါင်းအထုပ် စတင်ဖြစ်ချိန်တွင် ပိုတက်ရှ် (၂၇) ကီလိုနှင့် ယူရီးယား (၁၈)ကီလိုအား အပင်သန်စွမ်းမှုကိုကြည့်၍ထည့်ပေးပါ။

## စိုက်ပျိုးခြင်း

ပျိုးသက် (၂၅) ရက်သားတွင် ရေဖြတ်ပြီး (၃၀)ရက်သားတွင် စိုက်ခင်းသို့ ရွှေ့စိုက်ပါ။ ရွှေ့စိုက်ပြီးပြီးချင်း ရေဝအောင်လောင်းပါ။ (၃)ရက်ဆက်တိုက် အစိုဓာတ် မပြတ်ရန် ဂရုစိုက်ပါ။ ရွှေ့ပြောင်းစိုက်ရာတွင် မျိုးကိုလိုက်၍ ပင်ကြား (၂)ပေ၊ တန်းကြား (၂ - ၂.၅)ပေ ထိထားပါ။ တစ်ဧကတွင်အပင်ဦးရေ (၁၀၀၀၀- ၁၂၀၀၀) အထိစိုက်ပါ။

## အပင်ပြုစုခြင်း

ပေါင်းကိုရွှေ့စိုက်ပြီး (၁၀)ရက်မှစ၍အပင်များ အရွက်ချင်း မထိခင်အထိ ဂရုတစိုက်ရှင်းပေးရမည်။ အပင်၊ အရွက်၊ အမြစ်များ မထိခိုက်စေရန် မြေဆွပေး၍ ဓာတ်မြေဩဇာကိုပါ တပါတည်းထည့်ပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေကို မပြတ်လောင်းခြင်း၊ သွင်းခြင်းဖြင့် အစိုဓာတ်မပြတ်စေရန် ဂရုစိုက်ပါ။ အထုပ် စတင်ကြီးထွားချိန်တွင် ရေပိုမိုလိုအပ်ပြီး ရင့်ခါနီးတွင် ရေလျှော့ပေးရမည်။ အစိုဓာတ် များလွန်းနေပါက အထုပ်မကွဲစေရန် အထုပ်ကိုနှဲ့ပေးပါ။

ဂေါ်ဖီထုပ်တွင် စိန်ကွက်ဖလံ၊ ဂေါ်ဖီထုပ်ဖလံ၊ လှေးကျိုင်း၊ ငမြောင်တောင် များ ကျရောက်ဖျက်ဆီးတတ်၍ တမာပိုးသတ်ဆေးကို တစ်ပတ်တစ်ကြိမ် ကာကွယ် ပက်ဖျန်းပေးပါ။ ဆိုးရွားစွာကျရောက်ပါက နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်သွယ်၍ နှိမ်နင်းပါ။

ဂေါ်ဖီထုပ်အပျော့ပုပ်၊ ဒေါင်းနီရွက်ခြောက်၊ ခြေထောက်ပုပ်၊ တင်းပုပ်ရောဂါ များဖြစ်ပွားတတ်ပြီး တစ်နေရာတည်းတွင် ဆက်တိုက်စိုက်ခြင်းရှောင်ပါ။ ရောဂါ ကာကွယ်ဆေးများဖြင့် ရောဂါမဖြစ်ခင်ကြိုတင်ကာကွယ်ထားပါ။ မြေချဉ်လွန်းပါက တင်းပုပ်ရောဂါကျတတ်သဖြင့် မဖေါက်ထုံးကို ရွှေ့ပြောင်းမစိုက်မီကြိုတင်ထည့်ပေးပါ။

## ခူးယူခြင်း

သက်လျင်မျိုးကို (၉၀-၁၀၀)ရက်၊ သတ်လတ်နှင့်သက်ကြီးကို (၁၃၀-၁၅၀) ရက်တွင် ခုတ်သိမ်းနိုင်သည်။ ရင့်လာသောအထုပ်ကို အပေါ်မှနှိပ်ကြည့်၍ အထုပ် ကျစ်လစ်မှုကို ခန့်မှန်း၍ ခုတ်သိမ်းနိုင်သည်။ စိုက်ခင်းမှ ပွဲရုံးကားတင်သည့် နေရာ စသည့်နေရာများသို့ သယ်ဆောင်ရာတွင် မထိခိုက်စေရန် အထုပ်ကိုဂရုတစိုက် ကိုင်တွယ်ရမည်။ အောက်ရွက်ပါအောင်ခုတ်၍ အထုပ်ကို အောက်ဆုံးအထပ်တွင် အတည့်၊ ဒုတိယအထပ်တွင်ပြောင်းပြန်လှန်ထပ်၍ မျက်နှာချင်းဆိုင် တလှည့်စီထပ်၍ ထည့်ခြင်းဖြင့် အထုပ်များကို ထိခိုက်မှု သက်သာစေပါသည်။

## မျိုးစေ့ထုတ်ယူခြင်း

ဒေသမျိုးကိုသာမျိုးစေ့ထုတ်သင့်သည်။ နိုင်ငံရပ်ခြားမျိုးများကို မထုတ်သင့်ပါ။ မျိုးစေ့ထုတ်ခင်းကို သီးသန့်ထား၍ အချိန်တူပန်းပွင့်နိုင်သော တခြားမျိုးတူပင်များ မရှိစေရပါ။

မျိုးထုတ်ယူမည့်အပင်သည် အမျိုးအစား ပုံသဏ္ဍာန်မှန်ရမည်။ အထုပ် ကျစ်လစ် ကြီးမားရမည်။ ခါးတံ (၆)လက်မရှိရမည်။ ရောဂါပိုးမွှားကင်းစင်ရမည်။ ရွေးချယ်ထားသော အပင်ကို အောက်ရွက်များ အားလုံးလှီးပစ်ပြီး အထုပ်၏အလယ်





ပင်စည်တိုင်အသားကို (၁-၂)လက်မချန်၍ လေးထောင့်ပုံဖြစ်အောင်လှီးပစ်ပါ။ မျိုးပင်ကို မြေလုံးမပျက်ယူ၍ စိုက်ဘောင်သို့ရွှေ့စိုက်ပါ။ ပင်ကြား၊ တန်းကြား (၂×၂)ပေ စိုက်သင့်ပြီး အမြစ်စွဲကောင်းအောင် ရေမပြတ်လောင်းပါ။ နေဒဏ်၊ ဆီးနှင်းဒဏ်ကာကွယ်နိုင်ရန် အရိပ်လုပ်ပေးပါ။

အမြစ်စွဲပြီးနောက်တွင် တဖြေးဖြေး ပွင့်တန်များထွက်လာမည်။ သန်မာသော သီးကိုင်းများကိုယူပါ။ ကောင်းစွာရင့်မှည့်ချိန်၊ အစေ့အများစုအညိုရင့်ရောင် ပြောင်းချိန် တွင်ရိတ်သိမ်းအခြောက်ခံသန့်စင်၍ သန့်ရှင်းသော လေလုံပုံးများတွင်ထည့်၍ သိုလှောင် ပါ။ အပင်တစ်ပင်မှ မျိုးစေ့(၂၅)ဂရမ်ခန့်ရရှိသည်။

### ကော်ဖီထုပ်စိုက်ခင်း







www.burmeseclassic.com

www.burmeseclassic.com



# ဂေါ်ရခါးစိုက်ပျိုးနည်း

## နိဒါန်း

အပူသမပိုင်းနွယ်ရှည်သီးနှံပင်မျိုးဖြစ်သည်။ဂေါ်ရခါးအညွန့်ကို ချက်ပြုတ်ကြော်လှော် စားသုံးနိုင်သည် အသီးကိုလည်း ပုံစံအမျိုးမျိုးဖြင့် ချက်ပြုတ်စားသုံးနိုင်သည်။ အကြမ်းခံသော အပင်ဖြစ်ပြီး ၊ မြေအမျိုးအစား အမျိုးမျိုးတွင် စိုက်ပျိုးနိုင်သည်။

## စိုက်ပျိုးခြင်း

ဂေါ်ရခါးသီးတစ်လုံးကို မျိုးတောင်စိုက်ပျိုးခြင်းနှင့် အမြစ်အုံကို သားခွဲယူခြင်းစသည်ဖြင့် စိုက်ကြပါသည်။ တခါတရံ အကိုင်းဖြတ်ထိုးမျိုးပွား၍လည်းစိုက်ပျိုးနိုင်ပါသည်။ စိုက်ရာတွင် အသီးရင်းကို အသီးဖျားထက် အနည်းငယ်နိမ့်၍ စိုက်ပါ။ အသီးကိုမြေပေါ်တွင် အလျားလိုက်ချ၍ အစေ့ကို အပေါ်ဘက်တွင်ထားပြီး အသီးတစ်ဝက်ဖော်၍စိုက်ပါ။ အသီးကို အပင်ဖေါက်နေစဉ် ရေမလောင်းရပါ။ အစေ့မှအပင်ပေါက်လာပြီးနောက် ရေကိုသင့်တင့်ရုံ လောင်းပေးပါ။ တန်းကြားပင်ကြား စိုက်ရမည့်အကွာအဝေးမှာ (၄×၄)ကိုက် (၄)ကွက်ကြား ဖြစ်သည်။ ရှမ်းပြည်နှင့် မြင်ဦးလွင်မြို့များတွင် ပင်ကြားတန်းကြား (၆×၆) ပေထား၍ တစ်နေရာတွင် (၂-၃) သီးထားကာမြေပုံ၍ စိုက်ကြသည်။

## မြေဩဇာထည့်သွင်းခြင်း

မြေဩဇာအဖြစ်မြေတစ်ပုံတွင်မြေဆွေး (၅) ကီလိုဂရမ်၊ ယူရီးယား (၄၅) ဂရမ်၊ တီစူပါ (၇၀ - ၈၅) ဂရမ်၊ ပိုတက်ရှ်မြေဩဇာ (၁၈) ဂရမ်ကို ထည့်ပေးပြီးကိုင်းစဖြာထွက်လာချိန်၌ တစ်ပုံတွင် မြေဆွေး (၅)ကီလိုဂရမ်၊ ယူရီးယား (၂၂၀) ဂရမ်နှင့် ပိုတက်ရှ် (၁၈၀) ဂရမ်ထပ်မံကျွေးပါ။ အစိုဓါတ်မပျက်အောင် ဂရုစိုက်၍ရေလောင်းပေးရမည်။






## ကိုင်းပြုပြင်ပေးခြင်း

ပင်မကိုင်းအရှည် တစ်ပေခန့်ရှိလာသော် ခေါင်နှိမ်ပေးပြီး ကိုင်းတက် (၂)ခုကိုမွေးထားကာ အရှည် (၄-၅) ပေခန့်ရောက်သော် တကိုင်းမှ ကိုင်းငယ် (၃)ခုစီ ဖြာထွက်စေရန် ထပ်မံခေါင်နှိမ်ပေးရမည်။ ပိုးမွှား ကျရောက်မှု နည်းသော်လည်း အပင်ညှိုးသေရောဂါနှင့် ရွက်ခြောက်ရောဂါများ ကျရောက်တတ်သည်။

## ခူးဆွတ်ခြင်း

အသီးသည်သန္ဓေအောင်ပြီးနောက် ကြီးထွားမှု လျင်မြန်ပါက (၁၅-၂၀) ရက်ကြာသော်ခူးဆွတ်နိုင်ပါသည်။ တစ်ကိုင်းလျှင် (၈) လုံးအထိ ထွက်နိုင်ပြီး တပင်မှ ပျမ်းမျှ (၂၀၀-၃၀၀) လုံး ရနိုင်ပါသည်။ မျိုးအဖြစ်ထားမည်ဆိုလျှင် ပန်းပွင့်ပြီး (၄၅-၅၀) ရက်သားတွင် ခူးဆွတ်ရသည်။ ခူးဆွတ်ထားသော အသီးများကို အေးသောနေရာတွင် တောင်းများ ၊ သေတ္တာများတွင် ကောက်ရိုးခံ၍ထည့်ထားရသည်။

ဂေါ်ရခါးပင်နှင့် အသီး





www.burmeseclassic.com

www.burmeseclassic.com



# ဂေရုတ်စိုက်ပျိုးနည်း

## နိဒါန်း

ဂေရုတ်သည် ပူအွေးသောရာသီဥတုကို ကြိုက်နှစ်သက်ပြီး မြန်မာနိုင်ငံအထက်ပိုင်းတွင် ရာသီမရွေး စိုက်ပျိုးနိုင်၍ မြန်မာနိုင်ငံအောက်ပိုင်းတွင် ဆောင်းရာသီ၌ စိုက်ပျိုးနိုင်သည်။

ဂေရုတ်ကို ဂေရုပ်အစပ်မျိုးနှင့်အချိုမျိုးဟု နှစ်မျိုးခွဲခြားထားပြီး အချို့မှာ မိုးပေါ်သို့ ထောင်သီးသဖြင့်မိုးထောင်ဂေရုတ်ဟုခေါ်ဝေါ်ကြသည်။ အချို့မှာ အောက်သို့ ငိုက်၍ သီးပါသည်။ ဂေရုတ်သီး ပုံသဏ္ဍာန်မှာလည်း အရှည်၊ အပု၊ လုံးဝိုင်းပုံ အမျိုးမျိုး ရှိကြသည်။

## မျိုးထောင်ခြင်း

အရှည်ပေ(၃၀)နှင့် (၃)ပေအကျယ် မျိုးဘောင်ကိုသေချာစွာပြုပြင်ပြီး (၃)လက်မကွာ၊ အတန်းလိုက် အစေ့ချပျိုးထောင်ပါ။ ပူပြင်းသောရာသီတွင် မျိုးဘောင်ကို အမိုးပြုလုပ်ပေးရန် လိုပါသည်။တစ်ဧကအတွက်မျိုးစေ့ (၂၀၀) ဂရမ်လိုအပ်ပါသည်။ အစိုဓါတ်မပြတ်စေရန် ရေမှန်မှန် လောင်းပေးပါ။ ပုရွက်ဆိတ်ရန်မှကင်းရန် မျိုးဘောင်ကို ဖျူရာဒါန် ဆေးဖြူးပေးခြင်း၊ မျိုးစေ့ကို စီဗင်ဆေးမှုန့်လူးနယ်ခြင်းတို့ ပြုလုပ်ပေးရန် လိုပါသည်။ ပျိုးပင်များ ကြပ်လွန်းက ယိုင်လဲ၍ မှိုရောဂါကျရောက်တတ်၍ မှိုသတ်ဆေး ဖြန်းပေးရန်လိုပါသည်။

## မျိုးရွေးချယ်ခြင်း

ပျော်ဘွယ်မိုးထောင်၊ မိသားစုဂေရုတ်ရှည်၊ ဂေရုတ်ပုမျိုး စသည်ဖြင့် ကြိုက်နှစ်သက်ရာမျိုးကို ရွေးချယ်စိုက်ပျိုးကြပါသည်။ ဂေရုတ်အခြောက်အဖြစ်လည်းကောင်း၊ ဂေရုတ်စိုအဖြစ် ခူး၍လည်းကောင်း၊ စိုက်ပျိုးသူများ ရောင်းဝယ်ဖောက်ကားကြသည်။





## မြေပြုပြင်ခြင်း

မြေမရွေးစိုက်ပျိုးနိုင်ပြီး သဲနုန်းမြေသည်အကောင်းဆုံးဖြစ်သည်။ အသင့်တော်ဆုံး မြေချဉ်ငံဓါတ်မှာ ( ၅. ၅ - ၇. ၀ )အတွင်းဖြစ်သည်။ စိုက်ခင်းမြေကို နွားချေးချထယ်ထိုးပြီး ထွန်ရေးကောင်းရသည့်တိုင် ထွန်မွှေပါ။ အစိုဓါတ်ထိန်းထားရန် ကြမ်းရိုက်ပါ။

## စိုက်ပျိုးခြင်း

ပျိုးပင်များ (၅-၆)ရွက်ရှိချိန် ပျိုးသက်(၃၀-၃၅)ရက်သား အရွယ်တွင် စိုက်ခင်းသို့ ညနေချိန်ရွှေ့စိုက်ပါ။ တန်းကြား၊ ပင်ကြား (၂)ပေဖြင့် တစ်ဧက အပင်ဦးရေ (၁၀၀၀၀)စိုက်ပျိုးပါ။ အပင်စိုက်စဉ်တွင် အမြစ်ကို မြေထဲသို့ ဖြောင့်တန်းစွာထား၍ စိုက်ပါ။

## အပင်ပြုစုခြင်း

စိုက်ပြီး (၂၀)ရက်သားတွင် ပေါင်းလိုက်ပါ။ ပုံမှန် ပေါင်းရှင်းခြင်းနှင့် မြေတွင်း အစိုဓါတ် နည်းသွားပါက အပွင့်အသီးများကြွေကျတတ်သဖြင့် ရေသွင်းပေးရပါမည်။

စိုက်ခင်းတွင် အဓိကကျသော အင်းဆက် ပိုးမွှားဖြစ်သော သီးထိုးကျိုင်းနှင့် သီးထိုးယင် အကောင်ငယ်များက သီးတောင့်များကိုဖျက်စီးပါသည်။ ကာကွယ်ရန်မှာ ပင်လုံးပျံ့ပိုးသတ်ဆေးတစ်မျိုးမျိုးဖြင့်တစ်ပတ်တစ်ကြိမ် ပက်ဖျန်းနိုင်ပါသည်။ စိုက်ခင်းတွင် ကိုင်းဖျားခြောက်ရောဂါ၊ သီးတောင့်မှည့်ပျောက်စွန်း ရောဂါများကျရောက်ခြင်းမှ ကာကွယ်ရန် မှိုသတ်ဆေးများဖြင့်ပက်ဖျန်း ကာကွယ်နိုင်ပါသည်။

## မြေဩဇာထည့်သွင်းခြင်း

မြေတစ်ဧကလျှင်နွားချေး(၁၀)တန်၊ ယူရီးယား (၂)အိတ်၊ တီစူပါ (၁)အိတ်၊ ပိုတက်ရှ် (၁)အိတ်ထည့်ပါ။ မြေပြင်စဉ်တွင် မြေခံအဖြစ် တီစူပါ၊ ပိုတက်ရှ်နှင့် ယူရီးယားကို တစ်ဝက်ထည့်၍ ကျန်ယူရီးယားတစ်ဝက်ကို ဘောင်တင်ချိန်နှင့်ပန်းပွင့်ချိန်တွင် (၂)ကြိမ် ခွဲကျွေးပါ။

## ဆွတ်ခူးခြင်း

ရွှေ့ပြောင်းစိုက်ပြီး(၄၅-၆၀)ရက်သားတွင် ပန်းစတင်ပွင့်ပါသည်။ အစိမ်းခူးမည်ဆိုပါက အသီးအရွယ်ရောက်ပြီး အစိမ်းရင့်ချိန်တွင်ခူးပါ။ အသီးခူးရာတွင်

www.burmeseclassic.com

www.burmeseclassic.com


အပွင့်များမကြွေစေရန် ကိုင်းနုံ ကိုင်းရင့်များမကျိုးပဲ့စေရန် ဂရုစိုက်ခူးရပါမည်။ (၃)ရက်ခြား၊ (၅)ရက်ခြား၊ (၇)ရက် ခြားစသည်ဖြင့် ရက်ခြားမှန်မှန်ခူးပေးရမည်။ ရက်ခြားမှန်မှန်ခူးပေးခြင်းဖြင့် ကျန်အသီးငယ်များ ကြီးထွားမှုကောင်းပြီး အထွက်တိုးလာနိုင်ပါသည်။ အသီးခူးပြီးတိုင်း ပုလဲနှင့် ပိုတက်ရှ်ကို ဆတူရော၍ အပင်နှစ်တန်းကြား သို့မဟုတ် အပင်အရင်းမှခွာ၍ အပင်ပတ်ပတ်လည်တွင်ကျွေးပြီး မိုးရေ မရပါက ရေသွင်း၊ ရေလောင်းခြင်းပြုလုပ်ပေးပါကအထွက်ပိုမိုလာပါသည်။ အပင်နှစ်ပင်ကြားတွင် မြေဩဇာဒွန်း(၂)ဒွန်း (၂၀ဂရမ်)မှ ၄ဒွန်း(၄၀ဂရမ်)ခန့် ကျွေးသင့်ပါသည်။ မျိုးအလိုက် (၁၀)ကြိမ်မှ အကြိမ်(၂၀)ခန့်ထိ ခူးဆွတ်နိုင်သည်။

အခြောက်ပြုလုပ်လိုပါက ရင့်မှည့်သောအဆင့်ကိုသာ ခူးသင့်သည်။ ယင်းနောက် နေလှမ်း၍လည်းကောင်း၊ ရေနွေးဖျော၍လည်းကောင်း ငရုတ်ခြောက်ပြုလုပ်နိုင်သည်။ ရေနွေး ဖျောရာတွင် မိုးပြဒယ်၌ ရေနွေးကို ကြို၍ တစ်ပွက်-နှစ်ပွက်ပွက်ချိန်၊ အပူချိန်(၅၀ ံC)ခန့်တွင် ခူးဆွတ်ထားသော အသီးမှည့်များကို ဒယ်အတွင်းသို့ထည့်၍မွှေပေးရပါမည်။ (၁၀-၁၅)မိနစ်ခန့်တွင် ဆယ်ယူ၍ နေလှန်းရပါမည်။ အသီးစို(၁)ပိဿာလျှင် အခြောက် (၃၀)ကျပ်သားခန့်ရရှိပါသည်။ ရေနွေးဖျောခြင်းဖြင့် အသီးပုပ်ခြင်း၊ ဖလံဖြူဖြစ်ခြင်း၊ စသည့်မှိုရောဂါများကို ကာကွယ်နှိမ်နင်းနိုင်ပြီး အထူးသဖြင့် မိုးစိုက်ငရုတ်များတွင် မဖြစ်မနေပြုလုပ်ကြသည်။ မျိုးစေ့ယူမည့် ငရုတ်များကိုလည်း ရေနွေးစိမ်သင့်ပြီး အပူမလွန်ကဲသင့်ပါ။ မျိုးပေါက်ရာခိုင်နှုန်း ကျတတ်၍ ရေနွေး တစ်ပွက်၊ နှစ်ပွက်ဆူလျှင် အပူပေးခြင်းကိုရပ်ပြီး နာရီဝက်စိမ်ပြီးမှ အခြောက်ခံသင့်သည်။ ငရုတ်သည် တစ်ဧကလျှင် မျိုးကိုလိုက်၍ အသီးခြောက် (၃၀၀-၅၀၀)ပိဿာအထိ ထွက်နိုင်ပြီး အစို(၁၀၀၀)မှ (၂၀၀၀)ပိဿာ အထိထွက်နိုင်ပါသည်။





ငရုတ်ပင်နှင့် အသီးများ





www.burmeseclassic.com

www.burmeseclassic.com



# ဆလပ်စိုက်ပျိုးနည်း

## နိဒါန်း

ဒေသမရွေး စိုက်ပျိုးနိုင်သည်။ ဆလပ်အမျိုးအစား(၄)မျိုးရှိ၍ မြန်မာနိုင်ငံတွင် အထုပ်မျိုးနှင့် ရွက်ပြန့်မျိုးဟူ၍(၂)မျိုးအစိုက်များသည်။ ရွက်ပြန့်မျိုးကို ပိုအစိုက်များပြီး အနီရောင်၊ အစိမ်းရောင်နှစ်မျိုးရှိသည်။

## မျိုးရွေးချယ်ခြင်း

ရွက်နီ၊ ရွက်စိမ်း ဒေသမျိုးများကိုသာ အစိုက်များသည်။ အထုပ်မျိုးများတွင် နိုင်ငံခြားမျိုးများကို စိုက်ပျိုးကြသည်။ (၁)ဧက မျိုးစေ့(၁၀၀)ဂရမ် လိုအပ်ပါသည်။ မစိုက်ခင် မျိုးပေါက်မပေါက် စစ်ဆေးပြီးမှ စိုက်ပျိုးသင့်သည်။

## ပျိုးထောင်ခြင်း

ပျိုးဘောင်ပေါ်တွင်(၄)လက်မခြားမြောင်းများဆွဲ၍ မျိုးစေ့ကိုကြွက်မြီးတန်းချပါ။အပေါ်မှသဘာဝမြေဆွေး ခပ်ပါးပါးအစေ့မြုပ်ရုံ အုပ်ပေးပါ။ ကောက်ရိုးကို ဘောင်ပေါ်မှ ပါးပါးအုပ်၍မိုးရွာပါက အမိုးအကာပြုလုပ်ထားပေးရမည်။ ဆလပ်စေ့များ ကိုမပျိုးမီ နေပူပြပြီးမှစိုက်ပါ။ သို့မှသာ အပင်ပေါက်ကောင်းမွန်သည်။ဆလပ်ကို တိုက်ရိုက်အစေ့ချ၍လည်းကောင်း၊ ပျိုးထောင်၍လည်းကောင်း စိုက်ပျိုးကြသည်။ ပျိုးထောင်ရာ၊ စိုက်ပျိုးရာတွင် မြေညက်သည်ထိ ထယ်ထိုး ထွန်မွှေပေးရမည်။ ပေါင်းမြက်၊ အမှိုက်များကို ကောက်ယူဖယ်ရှားပေးရပါမည်။ ထို့နောက်သဘာဝမြေဆွေးနှင့် စိုက်ပျိုးမြေ ဆတူရောစပ်၍(၃)ပေ အကျယ် (၆)လက်မအမြင့် ပျိုးဘောင်ဖော်ပါ။ ပျိုးဘောင်ပေါ်သို့ တီစူပါဓါတ်မြေဩဇာ ထည့်ပေးရပါမည်။

## မြေပြုပြင်ခြင်း

ဆလပ်စိုက်ပျိုးသည့်မြေသည်၊မြေဆီထက်သန်ရပါမည်။ စိုက်ဘောင်ကို (၃)ပေ အကျယ်၊ (၆)လက်မအမြင့်ဖော်၍ တစ်ဘောင်နှင့်တစ်ဘောင်ကြား (၁)ပေ၊





(၁)ပေခွဲခန့် ရှိသင့်သည်။ စိုက်ဘောင်ကို မြေညက်အောင်ဆွ၍ မျက်နှာပြင် ညှိထားပေးရပါမည်။

## စိုက်ပျိုးခြင်း

အပင်နှစ်ပတ်သားတွင် (၂း၂း၂)ကဲ့သို့အချိုးညီ ရွက်ဖျန်းမြေဩဇာ ဖျန်းပြီး အထုပ် မျိုးများကို(၃)ပတ်သားတွင် ရွှေ့ပြောင်းစိုက်ရပါမည်။ ရွှေ့ပြောင်းစိုက်စဉ်၊ နေပူမမိစေရန်နှင့် မိုးမမိစေရန်အရိပ်ပါးမိုးထားပေးပါ။ ရေကိုဝအောင်လောင်းပေးရပါမည်။

| | | | |
|---|---|---|---|
| အပင်အကွာအဝေးမှာ | အထုပ်မျိုး ပင်ကြား၊တန်းကြား | = | ၈ x ၈ လက်မ (၁ဧက ၄၈၀၀၀ပင်) |
| | ရွက်စားမျိုး | ။ | = ၄ x ၄ လက်မ |
| (၁)လသားတွင်တန်းကြား(၁)တန်းနုတ်၍) | | ။ | = ၈ x ၄ လက်မ (၁ဧက၉၈၀၀၀ပင်) |

ရွှေ့စိုက်ပြီး (၂)ပတ်သားမှစ၍ နိုက်ထရိုဂျင် ၀.၅%(ရေ (၁)လီတာတွင် ယူရီးယား လက်ဖက်စားဇွန်း(၁)ဇွန်း) မြေဩဇာရည် အပတ်စဉ်ဖျော်လောင်းပါ။ မြေဩဇာလောင်းပြီးပြီးချင်း၊ ရေနောက်မှလိုက်လောင်းပေးပါ။

## မြေဩဇာကျွေးခြင်း

တစ်ဧကအတွက်သဘာဝမြေဩဇာ (၅-၁၀) စီး၊ ယူရီးယား (၂)အိတ်၊ တီစူပါ (၁) အိတ်၊ ပိုတက်ရှ် (၁) အိတ်ထည့်ရန်လိုအပ်ပါသည်။

## အပင်ပြုစုခြင်း

ပေါင်းကိုမြေပြင်စဉ်ကပင်ကောက်ထုတ်သင့်ပါသည်။ ရွှေ့စိုက်ပြီး အပင်ငယ်စဉ်တွင် ပေါင်းနုတ်ပါက အမြစ်လှန်ပျက်စီးတတ်သည်။ အကြိမ်ကြိမ်ထယ်ထိုး ထွန်မွှေခြင်း ဖြင့် မြေပြင်ချိန် (၁)လခန့်ယူ၍ စိုက်ပျိုးခြင်းသည်အကောင်းဆုံးဖြစ်သည်။

ရေအဆက်မပြတ်လိုသောသီးနှံဖြစ်သည်။ နေ့စဉ်ရေလောင်းပေးရန် လိုအပ်သည်။ လောင်းရေဖြင့်မလုံလောက်ပါက ဘောင်များကြားမှ ရေသွင်းမြောင်းပြုပြင်နက်ပြုလုပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ရွက်စားကျိုင်းငယ်များ၊ ခူကောင်များဖျက်ဆီးမှုများသည်။ သက်တမ်းတို ရွက်စားသီးနှံဖြစ်၍တမာပိုးသတ်ဆေးကို အဓိကထား၍သုံးသင့်ပါသည်။ မျိုးစေ့ကို ဟိုမိုင်းကဲ့သို့မျိုးစေ့လူးနယ်ဆေးဖြင့်စီရင်စိုက်ခြင်းဖြင့် ရွက်ခြောက်ရောဂါ ကိုကာကွယ်ပါ။ အကွက်လိုက်သေပါက ပင်လုံးပြန့်မှိုသတ်ဆေးဖြင့် နှိမ်နင်းကာကွယ်ပါ။

## ခူးဆွတ်ခြင်း

ရွက်စားဆလပ်ကို(၁)လသားတွင် စတင်နုတ်ယူရောင်းချနိုင်သည်။ ဆလပ် ထုပ်ကိုလက်နှင့် နှိပ်ကြည့်၍ ဈေးကွက်ဝင်သောအရွယ်တွင် စတင်နုတ်ယူနိုင်သည်။ အထုပ်ကိုမျိုးအလိုက်(၆၀-၇၀)ရက်တွင်နုတ်ယူနိုင်သည်။ ထိုထက်အသက်ငယ်သော မျိုးများရှိသည်။

## မျိုးစေ့ထုတ်ယူခြင်း

မျိုးစေ့ထုတ်စိုက်ခင်း၏ဘောင်ကို သီးခြားထားရပါမည်။ ပိုးမွှားရောဂါများကို ကာကွယ်ထားပါ။ (၁)ပင်နှင့်(၁)ပင် (၁)ပေခြားထား၍ ပိုတက်ရှ်မြေဩဇာကို စိုက်ခင်း ထက် (၂)အိတ်ခန့် ပိုထည့်ပေးပါ။ ပန်းစပွင့်ချိန်တွင် အစိုဓါတ်မပြတ်အောင် ဂရုစိုက်ပြီး အစေ့တည်ချိန် ရေလိုပါက ရေသွင်းရမည်။ ပန်းဖြိုင်ဖြိုင်ပွင့်ပြီး (၄၅)ရက်ခန့်တွင် အစေ့များအညိုရောင်ပြောင်းလျှင်အစေ့များရင့်မှည့်ပြီဖြစ်သဖြင့်အပင်လိုက်ခုတ်၍ နေလှန်းပါ။ ခြောက်သောအခါ ဖျာပေါ်တွင် အဝတ်သန့်သန့်ခင်း၍ အသီးတောင့်များ တင်ပြီး လက်၊ခြေနှင့် ဖြေးဖြေးနင်းပါ။ အဖျင်းအမှော်နှင့် အစေ့သီးခြားဖယ်ထုတ်ပြီး အေး၍ ခြောက်သွေ့သောနေရာတွင် လေလုံအောင်ပိတ်၍သိုလှောင်ထားရပါမည်။





ဆလပ်ရွက်နှင့်စိုက်ခင်း







www.burmeseclassic.com

www.burmeseclassic.com
ဟင်း သီး ဟင်း ရွက် စိုက် ပျိုး ခြင်း လမ်း ညွှန်

# ဆူးပန်းစိုက်ပျိုးနည်း

## နိဒါန်း

မြန်မာနိုင်ငံအနှံ့ပိုင်းဒေသတွင် စိုက်ပျိုးနိုင်သည်။ ဆူးပန်းကို ဟင်းရည်အဖြစ်လည်းကောင်း၊ အခြားသောအသီးအရွက်များနှင့်ရော၍လည်းကောင်း ချက်ပြုတ်စားသုံးနိုင်သည်။ အရွက်စိမ်းကိုလည်း အတို့အဖြစ်စားသုံးနိုင်သည့်အပြင် အစေ့ကို ဆီကြိတ်၍ စားသုံးနိုင်သည်။

## မြေပြုပြင်ခြင်း

နုန်းမြေ၊ သဲနုံးမြေများသည် ဆူးပန်းစိုက်ရန် အသင့်တော်ဆုံးဖြစ်သည်။ မိုးတွင်းတွင်မေလ၌လည်းကောင်း၊ မိုးနှောင်းပိုင်းတွင်စက်တင်ဘာလ၌လည်းကောင်း၊ ကိုင်းမြေတွင် အောက်တိုဘာနှင့် နိုဝင်ဘာ(၁၅)ရက်အထိလည်းကောင်း၊ စပါးပြီး သီးထပ်အဖြစ် နိုဝင်ဘာလအတွင်း၌လည်းကောင်း စိုက်ပျိုးနိုင်သည်။ မိုးနှောင်းတွင် ပိုသင့်တော်သည်။ ထွန်ရေး ညက်ညက်ပြင်ပါက၊ ဆူးပန်းများ အထွက်တိုးနိုင်သည်။ ထယ် (၁)ကြိမ်မလုံလောက်ပါက (၂-၃) ကြိမ် ထိုးပေးနိုင်သည်။

## မျိုးစေ့နှုန်း

တဧကလျှင် မျိုးစေ့ (၅-၆) ပြည်ခန့်လိုသည်။

## စိုက်ပျိုးခြင်း

မျိုးစေ့များကို တစ်ပင်နှင့်တစ်ပင် (၄-၆) လက်မခြား၍ချပြီး မြေကြီးဖြင့် (၁ - ၁.၅) လက်မအထူဖုံးပေးရမည်။ အတန်းအကွာအဝေးမှာ သာမန်အားဖြင့် (၁၅-၁၈) လက်မခြားပြီး၊ ရေသွင်းစိုက်ပါက (၂၄) လက်မခြား၍စိုက်သင့်သည်။



## ရိတ်သိမ်းခြင်း

အပင်သက် (၁၂၀-၁၃၅) ရက်အတွင်း ရိတ်သိမ်းနိုင်သည်။ အရွက်များခြောက်၍ အပင်ညှိုးလာလျှင် စတင်ရိတ်သိမ်းနိုင်သည်။

ဆူးပန်းစိုက်ခင်း




www.burmeseclassic.com

www.burmeseclassic.com



# ဆူးပုပ်စိုက်ပျိုးနည်း

## နိဒါန်း

မြန်မာပြည်အနှံ့တွင် တွေ့ရပြီး၊ ကြော်ချက် စားသုံးနိုင်သည်။ ဟင်းရည်အဖြစ်လည်း ဖန်တီးစားသုံးနိုင်သည်။ ဆူးပုပ်ကလေးမျိုးနှင့် ဆူးပုပ်ကြီးမျိုးဟူ၍ နှစ်မျိုးခွဲခြားထားသည်။

## မြေပြုပြင်ခြင်း

တောင်ပေါ် မြေပြန့်မရွေး ဖြစ်ထွန်းပါသည်။ ရေနုတ်အားကောင်းသော မြေမျိုး ဖြစ်ရပါမည်။ စိုက်ခင်းသည် မြေရိုင်းဖြစ်ပါက မိုးမကျမီ သစ်ငုတ်တူးခြင်း ပြုလုပ်ရပါမည်။ မိုးကျပြီးလျှင် ထယ်တစ်လှာဝင်ပြီး ထွန်မွှေ၍ မြေညှိထားရမည်။ စိုက်မြောင်းများကို ပေ(၄၀)အရှည် မြောင်းများ ဆွဲလေ့ရှိသည်။

## စိုက်ပျိုးခြင်း

စိုက်မြောင်းများတွင် အနက်(၈)လက်မခန့် နှင့် အကျယ် (၄-၆)လက်မခန့် ကျင်းကလေးများတူးရမည်။ ကျင်းတစ်ခုနှင့်တစ်ခု (၆)ပေစီ ခြားရမည်။ မြေထုတ်စီးပင်ဖြစ်က ကျင်းထဲတွင် (၄)လက်မခန့် မြုပ်စိုက်ပါ။ အပင်ကို ထောင်မတ်အောင် စိုက်ပြီး မြေပြန်ဖုံးပေးရမည်။ အပင်ခြေရေမဝပ်စေရန် (၆) လက်မခန့် အမြင့်ထိမြေပုံ၍ ဖိနင်းပေးရမည်။ နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် မြေဆွေးကျွေးသင့်သည်။

## အပင်ပြုစုခြင်း

မြေထုပ်စီးပင်စိုက်ပြီး (၆)လ အကြာတွင် အပင်မှအတက်ကြီးများ ထွက်လာမည်။ ယင်းအတက်ကြီးများ တစ်ပေခန့် မြင့်လာလျှင် ဖြတ်ပေးရမည်။ ထိုအတက်များမှ အညွန့်သစ်များ လိုက်လာလျှင်အောက်ဆုံးအတက်ကို ချန်၍ခူးယူစားသုံးနိုင်သည်။ ကိုင်းချိုင်ခြင်းကို မနှစ်သက်ပါ။ ကိုင်းခြောက်များကိုသာ ဖယ်ရှားပေးသင့်သည်။





## ခူးဆွတ်ခြင်း

ကိုင်းမကြီးများမှထွက်လာသော အညွန့်များကို အောက်ဆုံးအခက် တစ်ခုချန်၍ ခူးနိုင်သည်။ အညွန့်ခူးခြင်းကို တစ်ရက်ခူး (၃)ရက် အနားပေးခြင်းဖြင့် ဆောင်ရွက်နိုင်သည်။ အပင်သက် (၂၅)နှစ် ခန့်တွင် အပင်အိုပြီးအထွက်နည်းလာတတ်သဖြင့် အပင်သစ်များလဲလှယ်စိုက်ပျိုးသင့်ပါသည်။

ဆူးပုပ်ပင်နှင့် အရွက်





www.burmeseclassic.com

www.burmeseclassic.com



# ဒန့်သလွန်စိုက်ပျိုးနည်း

## နိဒါန်း

အပူပိုင်းသီးနှံဖြစ်ပြီး၊ မြန်မာပြည်နေရာဒေသ အနှံ့အပြားတွင် စိုက်နိုင်သည်။ ကြော်ချက်၍ လည်းကောင်း၊ ဟင်းရည်ပြုလုပ်၍လည်းကောင်း၊ အခြားသီးနှံသားငါးတို့နှင့် ရောနှော၍လည်းကောင်း ချက်ပြုတ်စားသုံးနိုင်ပါသည်။

## စိုက်ပျိုးခြင်း

ဒန့်သလွန်ပင်ကို အိမ်ခြံဝင်းအတွင်း စားသုံးပင် သီးနှံအဖြစ် စိုက်ကြသည်။

(၁) ကိုင်းဖြတ်စိုက်ခြင်း

ကိုင်းဖြတ်စိုက်ခြင်းကို မိုးဦးကျချိန်၊ ဇွန်လတွင် ဆောင်ရွက်ရမည်။ ဒန့်ဒလွန်ပင်ကို တစ်ပင်နှင့်တစ်ပင် ပေ(၂၀) ခြား၍ စိုက်ရမည်။ စိုက်မည့်နေရာတွင် (၃×၃×၃) ပေကျင်းတူး၍ မြေသားနှင့် နွားချေးဆွေး (သို့) သစ်ရွက်ဆွေး မြေဩဇာဆတူရောထည့်၍စိုက်နိုင်သည်။ စိုက်ကျင်းတွင် အနည်းဆုံးအနက် (၆)လက်မအထိ ကိုင်းကို မြှုပ်စိုက်ရမည်။

(၂) အစေ့တိုက်ရိုက်ချစိုက်နည်း

အစေ့တိုက်ရိုက်ချစိုက်ရာတွင် မျိုးစေ့ယူရန်အတွက် နွေကာလ (မတ်၊ ဧပြီ) များ၌ ကောင်းစွာရင့်မှည့်သော သီးတောင့်များမှ အစေ့ရယူပြီး မိုးဦးကျချိန် ဇွန်လတွင် မြေချစိုက်ပျိုးရမည်။ ဒန့်သလွန်ပင်အကိုင်းကို မြေထုပ်စည်း၍လည်းစိုက်ပျိုးနိုင်သည်။

## အပင်ပြုစုခြင်း

အပင်များအကြားရှိ ပေါင်းမြက်များ ရှင်းလင်းပေးရမည်။ သီးထွက်ရနေသော အပင်ကြီးများကို မိုးဦးနှင့် မိုးအကုန်တွင် တစ်ကြိမ်စီ မြေဩဇာကျွေးသင့်ပါသည်။





## ခူးဆွတ်ခြင်း

အသီးခူးဆွတ်ရန် ရည်ရွယ်ပါက အညွန့်များ မခူးဆွတ်သင့်ပါ။ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီလများတွင် အသီးများ ဖြိုင်ဖြိုင်သီးသည်။ ဒန့်သလွန်တစ်ပင်သည် တနှစ်လျှင် ပျမ်းမျှအနည်းဆုံး အသီး (၂၀၀)ခန့် သီးနိုင်သည်။

## အပင်ချိုင်ပေးခြင်း

ဒန့်သလွန်ပင်သည် အကိုင်းဆတ်သဖြင့် အပင်ကြီးသွားပါက အကိုင်းများ ကျိုးတတ်ပြီး အသီးအားလျော့သွားတတ်သဖြင့် နွေအခါအသီးခူးပြီးနောက် အကိုင်းကြီးများကိုချိုင်ပေးခြင်းဖြင့် အပင်နုပျိုလာပြီးသီးအားကောင်းမွန်၍ဆွတ်ခူးရန်လည်း လွယ်ကူသည်။

## အရွက်သုံးဝင်ပုံ

ဒန့်သလွန်အရွက်သည် အလွန်အဟာရဓာတ် ကြွယ်ဝသဖြင့် ကလေးငယ်များနှင့် အသက်ကြီးသူများကို ကျွေးပေးသင့်သည်။ အရွက်များကို အခြောက်ခံ၊ အမှုန့်ကြိတ်ထားပြီးဆံပြုတ်တွင်ထည့်၍စားသုံးစေခြင်းဖြင့် အဟာရလည်းဖြစ်၍ ရောဂါလည်း ကင်းဝေးနိုင်ပါသည်။

ဒန့်ဒလွန်ပင်နှင့် အသီး





www.burmeseclassic.com

www.burmeseclassic.com

# နံနံပင်စိုက်ပျိုးနည်း

## နိဒါန်း

မြန်မာပြည်တွင် အထင်ရှားဆုံး ဟင်းခတ်အမွှေးအကြိုင်မှာ နံနံပင်ဖြစ်ပြီး အစေ့ကိုလည်း ဟင်းခပ်မဆလာတွင် သုံးနိုင်သည်။ မြန်မာဟင်းများတွင်သာမက မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုတ်စုံတို့တွင်လည်းတွဲဖက် အသုံးပြုသည်။ နံနံပင်ကို တို့စရာ အဖြစ်လည်းစားသုံးကြသည်။ နံနံပင်သည် ဆောင်းရာသီတွင်အထူးဖြစ်ထွန်းပြီး ကျန်ရာသီများတွင်ရှားပါးကာဈေးကြီးပေးရသည်။

## မြေပြုပြင်ခြင်း

ရေမဝပ်သော နုံးမြေသည် နံနံပင်စိုက်ပျိုးရန် အသင့်တော်ဆုံးဖြစ်သည်။ ရွှံ့စေးဆန်သော မြေနှင့်သဲမြေများ၌ နွားချေး၊ မြေဆွေး၊ ဖွဲပြာတို့ကို ထည့်၍သင့်တော်သည့် မြေအနေအထားရအောင် ပြုပြင်၍ စိုက်နိုင်သည်။

## စိုက်ပျိုးခြင်း

နံနံပင်ကို ဘောင်များပြုလုပ်စိုက်ပျိုးပါက အထူးကောင်းမွန်သည်။ ဘောင်များကို (၄-၅) လက်မ အမြင့်ပြုလုပ်ပြီး (၂-၃) ပေအကျယ်ဖြင့် အရှည်ကို အလိုရှိသလောက်ထားကာ ပြင်နိုင်သည်။

နံနံစေ့မစိုက်ခင် မြန်မြန်အပင်ပေါက်ရန် ရေတွင် (၂၄)နာရီ ကြာစိမ်ရသည်။ အစေ့ကို ရေမစိမ်မီ ဂုံနီအိတ်ပေါ်တွင်တင်၍ ပုလင်းဖြင့် နှစ်ခြမ်းကွဲသွားစေရန် အသာအယာလှိမ့်ပါ။ ထို့နောက်ရေတွင်(၂၄) နာရီကြာစိမ်ရာ၌ ရေ(၂)ကြိမ် လဲပေးပါ။ ပြီးလျှင်ဆယ်ယူ၍စစ်ထားပါ။

ထို့နောက် ဘောင်ပေါ်တွင် (၀.၅) လက်မအနက် မြောင်းများကို (၄) လက်မခြားဆွဲပြီး မျိုးစေ့များကိုချပါ။ နွားချေးအမှုန့် (သို့) မြေဆွေးမှုန့်ဖြင့်ပါးပါးဖုံးပြီး ကောက်ရိုး၊ မြက်ခြောက်တို့ဖြင့် အုပ်ပါ။ ထိုသို့ပြုလုပ်ပေးခြင်းဖြင့် မြေတွင် အစိုဓါတ် ထိန်းပေးခြင်း၊ ပေါင်းပင်ပေါက်ရောက်မှု သက်သာခြင်းတို့သာမက အပင်ငယ်များကိုလည်း သန့်ရှင်း





စေသည်။ ကောက်ရိုး၊ မြက်ခြောက် ဆွေးသောအခါ မြေဆွေးဓါတ်ကိုလည်း ရရှိစေနိုင်သည်။

စိုက်ပျိုးပြီးပါက ရေကို တစ်နေ့(၂) ကြိမ်လောင်းရမည်။ အပင်ငယ်များပေါက်လာပြီးနောက် ရေကို လျှော့လောင်းပေးနိုင်ပါသည်။ အပင်များပေါက်ချိန်တွင် ရေများပါက ခါးရိုးရောဂါ ကျရောက်နိုင်သည်။

## မြေဩဇာထည့်သွင်းခြင်း

နံနံပင်သည် ရွက်စားသီးနှံဖြစ်ခြင်းကြောင့် နွားချေးမြေဆွေးနှင့် ယူရီးယားဓာတ်မြေဩဇာများ အဓိကကျွေးရန်လိုအပ်သည်။ သို့သော် မြေတွင်အခြား ဓာတ်မြေဩဇာများ ချို့တဲ့နိုင်သဖြင့် ဖော့စဖိတ်နှင့် ပိုတက်ရှ်မြေဩဇာအနည်းငယ်တို့ကို မြေပြုပြင်ချိန်၌ မြေခံအဖြစ် ထည့်ပေးရမည်။ အပင်ငယ်များပေါက်လာပြီး (၂)ပတ်ခန့်ကြာလျှင် ယူရီးယားမြေဩဇာ ထမင်းစားဇွန်း (၂)ဇွန်းစာကို ရေ (၄)ဂါလံတွင် ဖျော်၍ လောင်းပေးခြင်းဖြင့် သန်မာသော အပင်များကိုရရှိနိုင်သည်။ အစေ့များကို ကျဲကျဲစိုက်လျှင် ကိုင်းဖြာသောနံနံပင်များကို ရရှိနိုင်သည်။

## ခူးယူခြင်း

အပင်များပေါက်ပြီး (၄၅)ရက်သားမှ စတင်၍ နှုတ်ယူစားသုံးခြင်း၊ ရောင်းချခြင်း ပြုလုပ်နိုင်သည်။

## မျိုးစေ့ထုတ်ခြင်း

နံနံပင်ကို မျိုးစေ့ထုတ်ယူမည်ဆိုပါက ဆောင်းရာသီ၊ နိုဝင်ဘာလတွင် အပင်များကို ဘောင်ဖြင့် သီးသန့်ရွှေ့ပြောင်းစိုက်ထားရမည်။ ပင်ကြား၊ တန်းကြား (၆×၈)လက်မခန့် ခွာ၍စိုက်ထားလျှင် ပန်းများပွင့်လာပြီး အသီးများသီးလာသည်။ အသီးများရင့်မှည့်လျှင် အပင်များကို ရိတ်သိမ်းပြီး အစေ့များကို ခြွေလှေ့ယူနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

နံနံပင်











# ပန်းဂေါ်ဖီစိုက်ပျိုးနည်း

## နိဒါန်း

ပန်းဂေါ်ဖီသည်ဂေါ်ဖီထုပ်ကဲ့သို့အအေးကြိုက်သော်လည်း ဂေါ်ဖီထုပ်ထက် အပူဒဏ်ခံနိုင်သည်။ အေးပြီး အစိုဓါတ် အမြဲရရန်လိုသည်။ အကယ်၍ရာသီဥတု ခြောက်သွေ့နေလျှင် ပန်းဂေါ်ဖီအပွင့် ဖြစ်မလာနိုင်ပါ။ ထို့ကြောင့် ပန်းဂေါ်ဖီစိုက်လျှင် မြေအမျိုးအစားထက် ရာသီဥတုက ပိုမိုအရေးကြီးသည်။ မြန်မာနိုင်ငံတွင်း ပန်းဂေါ်ဖီ စိုက် ရာသီမှာ မတ်လမှ အောက်တိုဘာလအတွင်း စိုက်ပျိုးကြသည်၊ ရှမ်းပြည်နယ် တောင်ပိုင်းမှတောင်တန်းဒေသတွင် မိုးရာသီကာလအတွင်း စိုက်ပျိုး ဖြစ်ထွန်းပြီး၊ မြေပြန့်ဒေသများတွင် ဆောင်းရာသီကာလတွင်သာ စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။ မိုးရာသီကာလတွင် ရှမ်း(တောင်)၊ ရှမ်း(မြောက်)မှ ပန်းဂေါ်ဖီ ကိုအဓိကအားထား စားသုံး ကြသည်။

## မျိုး

ယခုအခါ နိုင်ငံခြားမှ ပန်းဂေါ်ဖီစပ်မျိုးများ ဝင်ရောက်လာသောကြောင့် ယခင် စိုက်ပျိုးနေသော ဒေသမျိုးများမှာဆက်လက်မစိုက်ပျိုးတော့ပဲ ပျောက်ကွယ်သွားသည်။ စပ်မျိုးများကိုသက်တမ်းအလိုက် သက်လျင်မျိုးတွင် (၉၀) ရက်သား၊ သက်လတ်မျိုးတွင် (၁၀၀) ရက်သား နှင့် သက်ကြီးမျိုးတွင် (၁၂၀) ရက်သား ဟူ၍ဆွတ်ခူးရမည့်ရက်ကို သတ်မှတ်ထားသည်။ အမည်အားဖြင့်အမျိုးမျိုးကွဲပြားသည်။ယခုအခါအပူဒဏ်ပိုမို ခံနိုင်သော သက်တမ်း(၉၀)အောက် သက်လျင်မျိုးများ နိုင်ငံခြားမှစတင်ဝင်ရောက် လျက်ရှိသည်။

## မျိုးထောင်ခြင်း

အကျယ်(၃)ပေ၊အမြင့်(၆)လက်မခန့်ရှိမျိုးဘောင်တွင်းသို့ သဘာဝမြေဆွေး နှင့် အောက်ခံမြေ ဆတူရောစပ်၍ မြေကို မှုန့်ညက်နေစေရန် ပြုပြင်ပေးရပါမည်။



www.burmeseclassic.com

www.burmeseclassic.com

ဘောင်ပေါ်တွင် (၄)လက်မခြား၊ မြောင်းငယ်များကို (၂)လက်မအနက်ရအောင် ဆွဲပါ။ မျိုးစေ့များခပ်ပါးပါးချ၍ မြေပြန့်ဖုံး ပေးရမည်။ (၁)ဧကစာအတွက် မျိုးစေ့ (၁၀၀)ဂရမ် ပျိုးထောင်ပါ။

ပျိုးဘောင်ကို နေ့စဉ် ရေခပ်ပါးပါး လောင်းပေးရမည်။ တောင်ပေါ်ဒေသတွင် မတ်လမှ အောက်တိုဘာလကြားပျိုးထောင်ပါက ပျိုးဘောင်ကို အပင်ပေါက်မစုံမီ မိုးကာပေးရန် လိုအပ်ပြီး မြေပြန့်တွင်အောက်တိုဘာလ၊နိုဝင်ဘာလတို့၌ပျိုးထောင်ပါက အပင်ပေါက်မစုံမီ ကောက်ရိုးပါးပါး အုပ်ထားပေးရမည်။ အညှောင့်ပေါက်ပြီး (၁၂)ရက်ကြာလျှင် ကြားပေါင်းလိုက်ပေးပါ။ ပျိုးသက်(၂၀)ရက်ခန့် တွင် ယူရီးယားမြေဩဇာကို ရေဖျော်လောင်းပေးပါ။ ထို့နောက် ရေဝအောင်လောင်း ပေးရမည်။ပျိုးဘောင်အစိုဓါတ်မပြတ်စေရန် လိုအပ်သကဲ့သို့ အစိုဓါတ်များလွန်း၍ မှိုနှင့် အခြားရောဂါမဝင်စေရန်လည်း ဂရုစိုက်ပေးရပါမည်။ ပျိုးသက်(၁၄-၂၁)ရက်တွင် ပျိုးပင် တစ်ပင်နှင့် တစ်ပင်ကြပ်နေပါက သားခွဲရန်လိုအပ်ပြီး အချိုးညီ(၂၀း၂၀း၂၀) ရွက်ဖျန်း မြေဩဇာကို (၂)ကြိမ်ပက်ဖျန်းပေးပါ။

## မြေပြုပြင်ခြင်း

စိုက်ခင်းမြေကိုညက်သည်ထိ ထယ်ထိုးခြင်း၊ ထွန်မွှေခြင်းဆောင်ရွက်ထားရပါမည်။ ပေါင်းမြက် အမှိုက်၊ကျောက်ခဲများကောက်ပစ်ပါ။ မိုးများသောဒေသများ တွင် မြေအချဉ်အငန်ဓာတ် (၆. ၅)ဝန်းကျင် ထိန်းထားနိုင်ရန်၊ ထုံးထည့်ပေးရပါမည်။ မြေခံအဖြစ် စိုက်ကျင်း အတွင်းသို့ သဘာဝမြေဆွေး နှင့် တီစူပါရောမွှေထည့်ပေးရပါမည်။ အပင်ရွှေ့စိုက်ချိန် မိုးပြတ်ပါက ရေလောင်းပေးရန် လိုအပ်သည်။ ရေသွင်း၊ ရေထုတ်မြောင်းများ ပြုလုပ်ပေးထားရပါမည်။ မြေဩဇာကျွေးရာတွင် ပန်းဂေါ်ဖီ အစိမ်းတွင် အသုံးပြုသည့်နှုန်းထားအတိုင်းကျွေးနိုင်ပါသည်။

## စိုက်ပျိုးခြင်း

ပျိုးပင် (၂၁)ရက်သားတွင် အစာနှင့် ရေဖြတ်ပြီး ပျိုးပင်(၂၅-၃၀)ရက်တွင် စိုက်ခင်းသို့ရွှေ့စိုက်ပါ။ ညနေစောင်းအချိန်၌ စိုက်ကျင်းထဲသို့ရေလောင်းထည့်၍ ရေခံပြီး ရွှေ့စိုက်ပါ။ တစ်ပင်နှင့် တစ်ပင်(၁. ၅ - ၂)ပေနှင့် တန်းကြား(၂ - ၂. ၅)ပေထားစိုက်ပါ။





## အပင်ပြုစုခြင်း

ရွှေ့စိုက်ပြီး (၁၀-၁၅)ရက် ရလျှင် ခါးဆွခြင်းကို ပြုလုပ်ပေးရသည်။ကြားပေါင်းလိုက်ခြင်းဖြင့် ဓါတ်မြေဩဇာနှင့်မြေသားသမသွားစေပါသည်။ ရေကို တစ်ပတ်တစ်ကြိမ်(သို့) နှစ်ပတ်လျှင် တစ်ကြိမ်ကျ သွင်းပေးရန် လိုအပ်ပါသည်။ ပန်းဂေါ်ဖီတွင် စိန်ကွက်ဖလံ၊ ပိုးနဂါးများ ဆိုးရွားစွာ ကျရောက်တတ်၍ တမာပိုးသတ်ဆေးဖြင့် ကာကွယ်နှိမ်နင်းပါ။

## ခူးဆွတ်ရိတ်သိမ်းခြင်း

အပွင့်ကောင်းစွာ ပွင့်နေချိန်တွင် နေရောင်ခြည်တိုက်ရိုက်ထိတွေ့ပါက ပန်းပွင့်အရည်အသွေး ကျဆင်းတတ်၍ အပွင့်အချင်း(၂-၃)လက်မအရွယ်တွင် အပြင်ရွက်များကို စည်းပေးရပါသည်။

သက်တမ်းကိုလိုက်၍ ရွှေ့စိုက်ပြီး(၆၀-၇၅)ရက်ကြာလျှင် ပန်းပွင့်ကို စတင်ခူတ်နိုင်ပါသည်။ အဝေးသို့တင်ပို့ရောင်းချမည်ဆိုပါက အရွက်ကို(၂-၃)ရွက်ချန်ထား၍ သိမ်းရပါသည်။ မိုးရာသီနှင့်ဆောင်းဦးတွင် တောင်ပေါ်ဒေသများမှ ထွက်ရှိ၍ မြေလတ်၊ မြေပြန့်ဒေသများသို့ တင်ပို့ရောင်းချနိုင်သည်။ ဆောင်းနှောင်းတွင် မြေပြန့်ဒေသများမှ ထွက်ရှိသည်။


## မျိုးစေ့ထုတ်ယူခြင်း

ဒေသမျိုးများမှသာရွေးချယ်၍ မျိုးစေ့ထုတ်ယူသင့်ပါသည်။ နိုင်ငံခြားစပ်မျိုးများမှ မျိုးမခံသင့်ပါ။ မျိုးစေ့ထုတ်စိုက်ခင်းအနီးအနားတွင် အခြားပန်းဂေါ်ဖီစိုက်ခင်း မရှိရပါ။ အပင်ငယ်ဘဝမှပန်းပွင့်စတင်သည်ထိ မျိုးလက္ခဏာမမှန်ကန်သောအပင်များကို စစ်ဆေးပြီး ဖယ်ထုတ်နုတ်ပစ်ရပါမည်။ ရောဂါကင်းပြီးရွေးချယ်ထားသော မျိုးပင်ကို မြေလုံးမပျက် ယူစိုက်ရပါမည်။ အပင်အကွာအဝေး(၂-၂)ပေစိုက်ကာ၊ အပင်အသားမကျမီ၊ ရေပို၍လောင်းပေးရမည်။ နေပူလွန်း၊ ဆီးနှင်းကျလွန်းပါက၊ အရိပ်လုပ်ပေးရမည်။ ပန်းဂေါ်ဖီပန်းဖူးမှ အသီးကိုင်းများရှည်ထွက်လာပါက သန်မာသောအသီးကိုင်းကိုသာ ရွေးချယ်မျိုးစေ့ခံယူပါ။ မျိုးသီးများရင့်မှည့်ပါကရိတ်သိမ်း အခြောက်ခံချွေလှေ့သန့်စင်ပြီး လေလုံသောပုံးများဖြင့်သိုလှောင်ပါ။ တစ်ပင်မှ မျိုးစေ့(၁၄)ဂရမ်ခန့်ထွက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ပန်းဂေါ်ဖီ







# ပန်းဂေါ်ဖီစိမ်းစိုက်ပျိုးနည်း

## နိဒါန်း

ပန်းဂေါ်ဖီစိမ်းသည် မုန်ညင်း၊ မုန်လာမျိုးရင်းဝင် သီးနှံတစ်မျိုး ဖြစ်သည်။ ပန်းဂေါ်ဖီဖြူကဲ့သို့ အေးမြသောရာသီဥတုကို ကြိုက်နှစ်သက်၍ မြေပြန့်ဒေသနှင့် တောင်ပေါ်ဒေသများတွင် အေးမြသောရာသီဥတုရှိပါက တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်သည်။ စားသုံးသည် အစိတ်အပိုင်းများမှာ ပန်းပွင့်ဖြစ်သည်။ ဗီတာမင်အေ ပါဝင်မှုများပြား၍ သွေးကိုပြစ်စေပြီး ကျန်းမာရေးကို အထောက်အကူပြုသော သီးနှံတစ်ခု ဖြစ်ပါသည်။

## အမျိုးအစား

ပန်းဂေါ်ဖီစိမ်းသည် အပွင့်ကို စားသုံးရခြင်းဖြစ်၍ အပွင့်အချင်းသည် (၈-၁၀)လက်မခန့်ရှိပြီး သက်တမ်း (၇၅-၉၀)ရက်ခန့်တွင် ဆွတ်ခူးနိုင်သည်။ ထူးခြားချက်မှာ ပန်းဂေါ်ဖီအဖြူကဲ့သို့ ထိပ်မှအပွင့်တစ်ခုတည်းကိုသာစားသုံးရခြင်း မဟုတ်ဘဲ သားတက်များမှ ဖြစ်ပေါ်လာသော အပွင့်များကိုပါ စားသုံးရခြင်း ဖြစ်ပါသည်။ ပန်းဂေါ်ဖီစိမ်းသည် ထိပ်မှအပွင့်ကို ဖြတ်ယူစားသုံးပြီးနောက် ထွက်လာသောဘေးတက်များမှာ အပွင့်နှင့် အဆုံးသတ်လေ့ ရှိပါသည်။ သို့ဖြစ်၍ အေးမြခြောက်သွေ့သော ဒေသများတွင် ပန်းဂေါ်ဖီစိမ်းပင်များကို အပင်သက်တမ်း (၇-၁၀)လခန့်အထိ ကြာရှည်စွာထားနိုင်သည်။ အပွင့်ကို ခူးဆွတ်ချိန် နောက်ကျပါက အပွင့်တန်များ ရှည်ထွက်လာကာ အဝါရောင်အပွင့်များ ပွင့်လာမည်ဖြစ်ပါသည်။

## မြေအမျိုးအစား

ရေစီးရေလာကောင်းသောမြေဩဇာထက်သန်သည့် မြေမျိုးတွင်ကောင်းမွန်စွာ ဖြစ်ထွန်းနိုင်သည်။ အကောင်းဆုံးမြေမှာ သဲဆန်သော နုန်းနုမြေဖြစ်သည်။ အချဉ်အငန်မာတ် (၆ - ၆.၅)ရှိသော မြေမျိုးကိုကြိုက်နှစ်သက်သည်။


www.burmeseclassic.com

www.burmeseclassic.com



## ရာသီဥတု

ပန်းဂေါ်ဖီစိမ်းသည် ပန်းဂေါ်ဖီအဖြူကဲ့သို့ပင် အအေးကြိုက်သည်။ အေးပြီး အစိုဓာတ် အမြဲရလျှင် စိုက်နိုင်သည်။

## မျိုးစေ့နှုန်း

တစ်ဧကလျှင် မျိုးစေ့ ပေါင်ဝက်(၂၂၇-ဂရမ်)ခန့် လိုအပ်ပါသည်။

## စိုက်ပျိုးချိန်

မြေပြန့်ဒေသတွင် စက်တင်ဘာလမှဒီဇင်ဘာလအထိ စိုက်ပျိုးနိုင်၍တောင်ပေါ်ဒေသတွင် တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်သည်။

## ပျိုးထောင်ခြင်း

အရှည်(၁၀)ပေ၊ အကျယ်(၂.၅)ပေ ဘောင်တစ်ဘောင်လျှင် မျိုးစေ့အောင်စဝက်(၁၄-ဂရမ်)ခန့်သုံး၍ ပျိုးထောင်နိုင်သည်။ ကောင်းစွာပြုပြင်ထားသော ပျိုးဘောင်ပေါ်တွင် မျိုးစေ့ကြဲရန် (၂)လက်မခြား မြောင်းများဆွဲပြီး မျိုးစေ့ကို ညီညာစွာချ၍ အပေါ်မှနွားချေးပါးပါး ဖုံးအုပ်ပေးရမည်။ ထို့နောက် စင်းပြီးကောက်ရိုးခြောက်များပါးပါး ထပ်မံ ဖုံးအုပ်ပေးကာ ရေရွှဲရွှဲ လောင်းပေးရမည်။ ဘောင်ပေါ်တွင် တစ်တောင်အမြင့် သက်ကယ်မိုးကို (၄၅)ဒီဂရီစောင်း၍ မိုးပေးပါ။ ရေပန်းခရား စိပ်စိပ်ဖြင့် ဖျန်းပေးခြင်းဖြင့် မျိုးစေ့များ ပျိုးဘောင်အတွင်း နစ်မြုပ်ခြင်း၊ လွင့်စင်ခြင်း တို့ကို ကာကွယ်နိုင်သည်။ ပုရွက်ဆိတ်၊ ခြသတ်ဆေးများကို ဘောင်ပေါ်တွင် သတ်မှတ်နှုန်းထားအတိုင်း ဖြန်းပေးပါ။ မိုးလွတ်ကင်းချိန်ဖြစ်ပါက သက်ကယ်မိုး ရန်မလိုပါ။ (၃-၇)ရက်အတွင်း အညှောင့်ပေါက်လာမည်။ (၁၂)ရက်ခန့် ကြာလျှင် တန်းကြားမြေဆွပေါင်းရှင်းခြင်း ပြုလုပ်ပေးရမည်၊ ရွက်ဖျန်းမြေဩဇာများကို သတ်မှတ်နှုန်းထားအတိုင်း ပက်ဖျန်းပေးနိုင်သည်။





## စိုက်ပျိုးခြင်း

အရွက် (၄-၅)ရွက်ခန့်ရှိချိန်တွင် ညနေပိုင်း၌ ပျိုးပင်များကို အမြစ်မနာအောင် နှုတ်ပြီး ပြောင်းရွှေ့စိုက်သင့်သည်။ စိုက်ခင်းတွင် ပေါင်းမြက်များ ကင်းရှင်းအောင် ပြုလုပ်ပြီး မြေကိုကောင်းမွန်စွာပြုပြင်ထားရမည်။ တန်းကြားပင်ကြားအကွာအဝေး (၂ x ၂)ပေ၊ (သို့မဟုတ်) (၁.၅ x ၁.၅)ပေထား၍ စိုက်ပျိုးနိုင်သည်။ ရွှေ့စိုက်ပြီး (၁)လသားအထိ မြေခွေးပုရစ် ဖျက်ဆီးမှုကို သတိပြုရမည်။ သေသောအပင်များကို (၄-၅)ရက်အတွင်း ပြန်ဖြည့်ပေးရမည်။ စိုက်ပျိုးချိန်တွင် ပန်းဂေါ်ဖီစိမ်း၏ အမြစ်သည် အမြစ်တိမ်မျိုးဖြစ်၍ စိုက်ဘောင်၌ ရေမပြတ်စေရန် သတိပြုပါ။ ရွှေ့စိုက်ပြီး (၁၀-၁၅)ရက်ကြာလျှင် မြေဆွပေးရမည်။

## အပင်ပြုစုခြင်း

ပန်းဂေါ်ဖီစိမ်းသည် အမြစ်(၁.၅ - ၂)ပေခန့်သာ မြေတွင်းသို့ဆင်း၍ အမြစ်များက အစာရေစာ စားသုံးသောကြောင့် ကြားပေါင်းနက်နက်လိုက်ရန် မလိုပါ။ မြေဩဇာထည့် ပေးပြီးတိုင်း ကြားပေါင်းလိုက်ခြင်းဖြင့် ဓာတ်မြေဩဇာနှင့် မြေသားသမသွားစေသည်။ ရေကိုလိုအပ်သလို သွင်းပေးရမည်။ပန်းဂေါ်စိမ်းပင်များသည် ရေလိုအပ်ပါက အရွက်များ ပြာမှိုင်းမှိုင်း ဖြစ်လာသည်။ရွှေ့စိုက်ပြီး (၃၀)ရက်အကြာတွင် တစ်ကြိမ်၊ (၄၅)ရက် အကြာတွင်တစ်ကြိမ် ဘေးတက်ဖဲ့ ခြင်းဖြင့် ထိပ်ပိုင်းရှိ အဖူးကြီးထွားမှုကို အနှောက်အယှက်မဖြစ်စေပါ။ ထိပ်ဖူး စတင်ချိန်တွင် ထွက်သော ဘေးတက်များကို ဆက်လက်ထားရှိခြင်းဖြင့် ထိပ်ပိုင်း အဖူးဆွတ်ခူးပြီး (၂)ပတ်ခန့် အကြာတွင် ဘေးတက်များမှ အဖူးများကို ဆွတ်ခူးနိုင်ပါသည်။ ရာသီဥတု အေးမြ၍ မြေဆီထက်သန်သော မြေများ တွင် ဘေးတက်မှ ထွက်သောအပွင့်များသည် ထိပ်ပိုင်းအပွင့်နီးပါး ကြီးနိုင်၍ တစ်ပင်လျှင် ဘေးတက်(၂၀) ခန့်ထိထွက်ရှိနိုင်သည်။ ဘေးတက်များသည် အပင်အသက် ရှင်စဉ်တွင် အဆက်မပြတ် ထွက်ပေါ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com
ဟင်း သီး ဟင်း ရွက် စိုက် ပျိုး ခြင်း သစ်၊ ညွန့်

## မြေဩဇာထည့်သွင်းခြင်း

ပထမအကြိမ် - ရွှေ့ပြောင်းစိုက်ပျိုးပြီး(၇-၁၀)ရက်ခန့်အကြာ
ဒုတိယအကြိမ် - ပထမအကြိမ်ထည့်ပြီး(၁၀)ရက်ခန့်အကြာ
တတိယအကြိမ် - ရွှေ့စိုက်ပြီး(၁)လခန့်အကြာ



| မြေဩဇာ | စုစုပေါင်း | မြေပြင်ချိန် | | စိုက်ပျိုးပြီး | |
|---|---|---|---|---|---|
| | | | ပထမ | ဒုတိယ | တတိယ |
| နွားချေး | ၄ တန် | ၄ တန် | - | - | - |
| ယူရီးယား | ၆၃ ကီလို | ၃၂ ကီလို | ၁၄ကီလို | ၁၈ ကီလို | - |
| တီစူပါ | ၄၅ ကီလို | ၄၅ ကီလို | - | - | - |
| ပိုတက် | ၄၁ ကီလို | ၂၇ ကီလို | - | - | ၁၄ ကီလို |
| နှမ်း/ပဲဖတ် | ၄၅ ကီလို | ၂၇ ကီလို | - | - | ၁၈ ကီလို |

## ဆွတ်ခူးခြင်း

အဖူးတင်းမာနေသောအချိန် မပွင့်မီအချိန်တွင် ရိတ်သိမ်းနိုင်သည်။ သက်တမ်းလိုက်၍ ရွှေ့စိုက်ပြီး (၂ - ၂. ၅)လခန့်ကြာလျှင် စတင်ဆွတ်ခူးနိုင်သည်။ အဝေးသို့ တင်ပို့လိုပါက အရွက်(၂-၃) ရွက်ချန်၍ ခူးပါ။ အချိန်မီမခူးက ပန်းပွင့်ရိုးတန်များ ရှည်ထွက်လာပြီး အဝါရောင်ပွင့်လာမည်။ ပန်းပွင့်၏ရိုးတန်ကို (၄) လက်မခန့် အရှည်ထားပြီး ပလပ်စတစ်ဖြင့် တစ်ပွင့်လုံး အုပ်လိုက်ခြင်းဖြင့် အအေးခန်းတွင် ကြာရှည်ထိန်းနိုင်သည်။ တစ်ဧကလျှင် (၅-၈)တန် ထွက်နိုင်ပါသည်။



## ပန်းဂေါ်ဖီစိမ်းစိုက်ခင်း



www.burmeseclassic.com

www.burmeseclassic.com



# ပဲစောင်းလျားစိုက်ပျိုးနည်း

## နိဒါန်း

ပဲစောင်းလျားသည် နှစ်ရှည်နွယ်ပင်ပဲမျိုး ဖြစ်သော်လည်း နှစ်ချင်း စားသုံးသီးနှံအဖြစ် စိုက်ပျိုးသည်။ ပူအိုက်စွတ်စိုသော ရာသီဥတုကို ကြိုက်နှစ်သက်၍ ပင်လယ်ပြင်မှ အမြင့်ပေ(၆၅၀)အထိမြင့်သော ဒေသများ၌ ကောင်းစွာပေါက်ရောက် ဖြစ်ထွန်းသည်။

## မြေပြုပြင်ခြင်း

သဲမြေ၊ နုန်းမြေတွင် ကောင်းမွန်စွာ စိုက်ပျိုးနိုင်သည်။ မြေမပြုပြင်မီ နွားချေး၊ မြေဆွေး ကြဲတင်ချထားပေးရမည်။ မေ၊ ဇွန်တွင် မိုးစတင်ရွာသွန်း၍ ထယ်ထိုးရန် မြေအစိုဓာတ် သင့်လျော်သောအချိန်၌ မြေကိုစတင်ပြင်ပြီး ထယ်(၂-၄)စပ်ထိုး၍ (၇)သွားထွန်ဖြင့် ထွန်ရေးညက်သည်အထိ ထွန်မွှေပေးရသည်။

## မျိုးစေ့နှုန်း

တစ်ဧကအတွက်မျိုးစေ့ (၁)တင်းခန့်လိုအပ်သည်။

## စိုက်ပျိုးခြင်း

မြေပြုပြင်ပြီးနောက် အကွာအဝေး(၄×၄)ပေ စတုရန်းကွက်များစိုက်ကြောင်းဆွဲ၍ ကြောင်း(၂)ခုဆုံရာတို့၌ တစ်ကျင်းလျှင်(၃-၄)စေ့နှုန်းဖြင့်(၁ - ၂. ၅)လက်မအနက်အထိ မြေမြုပ်စိုက်ရသည်။ အပင်များ (၂-၃)ပေခန့်မြင့်လာသောအခါ (၉-၁၀)ပေမြင့်သော တိုင်များကို ထောင်ပေးရန်လိုသည်။ အမြစ်စားအတွက်စိုက်ပါက အသီးမသီးစေဘဲ ပန်းပွင့်များကိုခြွေပေးရသည်။





## မြေသြဇာထည့်သွင်းခြင်း

တစ်ဧကလျှင် နွားချေးဆွေး (၁)တန် ထည့်ပါ။

## အပင်ပြုစုခြင်း

အရွက်(၃-၄)ရွက်ထွက်လာသောအချိန်တွင် ကြားထွန်လိုက်ပေးရသည်။ စိုက်ပြီး (၄၅)ရက်အတွင်း နှာမောင်းအညွန့် မထွက်မီ ပေါင်းနှစ်ကြိမ်လိုက်ပြီးဖြစ်ရမည်။ အပင်များကြီး၍ မြေတွင်အုပ်သွားသောအခါ ပေါင်းလိုက်ရန်ခက်ခဲခြင်းကြောင့်ဖြစ်သည်။ အိမ်ခြံဝင်းအတွင်း သို့မဟုတ် စိုက်ပျိုးမြေမကျယ်ဝန်းလျှင် စိုက်တန်းတစ်ပင်နှင့်တစ်ပင် (၆)လက်မခြားစိုက်ပြီး အပင်များမှီတွယ်တက်စေရန် တိုင်ထောင်ပေးခြင်း၊ စင်ထိုးပေးခြင်း ပြုလုပ်ရသည်။ စိုက်ခင်း ပေါင်းလိုက်ချိန်တွင် အပင်ခြေရင်း၌ တစ်ပါတည်းမြေတင်ပေးပါ။

ပဲစောင်းလျားကို မိုးရေမှအစိုဓာတ်ယူစိုက်ပျိုးခြင်းကြောင့် ရေသွင်းရန်မလိုချေ။ သို့ရာတွင် မြေဇရိယာ ကျဉ်းသောအကွက်များတွင် မိုးခေါင်၍ အစိုဓါတ် လိုအပ်နေပါက ရေလောင်းပေးရန်လိုသည်။ ခြောက်သွေ့ရာသီတွင် စိုက်ပျိုးခြင်းဖြင့် ပိုးမွှားနှင့်ရောဂါများကျရောက်မှု နည်းပါးသည်။

## ရိတ်သိမ်းခြင်း


ကွင်းသီးနှံအနေဖြင့် အမြစ်အတွက်စိုက်ပျိုးလျှင် အသီးမသီးစေဘဲ ပန်းပွင့်များကို ခြွေပစ်ရသည်။ အပင်ပေါက်ပြီးနောက် (၈၀-၁၀၀)ရက်ကြာလျှင် အမြစ်များကို တူးဖော်ရောင်းချနိုင်သည်။ စိုက်ပြီးရက်(၁၀၀)ခန့်ကြာလျှင် အသီးများကို စတင်ဆွတ်ခူးနိုင်သည်။ အသီးများ မရင့်မီလက်ဖြင့် ဆွတ်ခူးသည်။ အပင်ပေါ်တွင် အသီးများနေ၍ မခူးဘဲထားက အမြစ်ကြီးထွားမှုကို ထိခိုက်စေနိုင်သည်။ အစေ့ရယူလိုကနောက်ထပ် (၃၀-၄၅)ရက်ခန့် အကြာတွင် အသီးကောင်းစွာ ရင့်မှည့်မှ ဆွတ်ခူးရသည်။ တစ်ဧကလျှင် အသီးနု (၁၅၀၀-၂၀၀၀) ပိဿာ၊ အမြစ် (၁၂၀၀-၁၇၀၀) ပိဿာ၊ အစေ့ (၂၀၀-၂၇၀) ပိဿာ ရရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ပဲစောင်းလျားသီး







# ပဲတောင့်ရှည်စိုက်ပျိုးနည်း

## နိဒါန်း

ပဲတောင့်ရှည်တွင် အပင်ပုမျိုး (နွယ်မဲ့မျိုး)နှင့် အပင်ရှည်မျိုး (နွယ်တက်)မျိုးဟူ၍ (၂)မျိုး ခွဲခြားထားပါသည်။ အပင်ရှည်မျိုးကို တိုင်ထောင်၍ စိုက်ပျိုးကြသည်။ အတောင့် အရောင်အားဖြင့် အစိမ်းနု၊ အစိမ်းရင့်၊ အနီရောင်ဟူ၍ အမျိုးမျိုး ကွဲပြားစွာရှိပါသည်။ အစေ့အရောင်မှာ မျိုးအလိုက် အနီရောင်ပြောင်၊ အနီရောင်နှင့် အပြာရောင်ရောနှောနေသောအရောင်ဟူ၍ အမျိုးမျိုးရှိပါသည်။

## မြေပြုပြင်ခြင်း

ထွန်ရေးအလွန်ကောင်းအောင်မြေကို ပြုပြင်ရန်မလိုချေ။ ထွန်ရေးအသင့်အတင့်ရလျှင် စိုက်နိုင်သည်။ ရေမဝပ်သောမြေကို ရွေးချယ်ရမည်။ မြေအမျိုးမျိုးတွင် စိုက်၍ရသော်လည်း အချိန်တိုအတွင်း စိုက်ပျိုးလိုက သဲဆန်မြေတွင် စိုက်ပျိုးကြသည်။ မြေကောင်းလျှင် အထွက်ပိုကောင်းသည်။ စိုက်ပျိုးရန်အကောင်းဆုံး မြေချဉ်ငံဓာတ်မှာ (၆-၇)အတွင်းဖြစ်သည်။

## မျိုးစေ့နှုန်း

| | |
|---|---|
| တစ်ဧကလျှင်အပင်ပုမျိုး | - ၆ ပြည် |
| တစ်ဧကလျှင်တိုင်ထောင်မျိုး | - ၄ ပြည် |

## စိုက်ပျိုးခြင်း

မျိုးစေ့ချရာတွင် အစိုဓာတ်များလွန်းက ပုပ်တတ်သည်။ တိုင်ထောင်ပဲကို တစ်တန်းနှင့် တစ်တန်း(၃)ပေခြားပြီး တစ်ပင်နှင့်တစ်ပင်(၉-၁၂)လက်မ ခွာ၍စိုက်သည်။ စိုက်ပျိုးပြီးအပင်များ ရှည်လာသောအခါ အနည်းဆုံး (၇)ပေခန့်ရှည်သော ဝါးတိုင်



www.burmeseclassic.com

www.burmeseclassic.com

(သို့မဟုတ်) သစ်သားတိုင်များကို အပင်တိုင်း၏ အခြေတွင် ထောင်ပေးသည်။ အချို့က တိုင်များမြဲစေရန် တစ်တန်းထဲရှိ နီးကပ်သော အပင်များ၏တိုင်ကို ကြက်ခြေခတ်ပေးပြီး တိုင်များဆုံရာ၌ စုချည်ပေးကြသည်။ ရေဝပ်ခြင်း ကင်းစေရန်အတွက် စိုက်တန်း(၂)တန်းကြားတွင် မြောင်းတစ်မြောင်းပြုလုပ်ပေးရမည်။အပင်ပုမျိုးကို တစ်တန်းနှင့်တစ်တန်း (၁. ၅ - ၂) ပေခြား၍ တစ်ပင်နှင့်တစ်ပင် (၂)ပေခွာ စိုက်သည်။ ရာသီဥတု သင့်တင့်သောဒေသတွင် တစ်နှစ်ပတ်လုံးစိုက်ပျိုးနိုင်သည်။ရေရရှိက အချိန်မရွေးစိုက်နိုင်သည်။

## မြေဩဇာထည့်သွင်းခြင်း

တစ်ဧကအတွက် နွားချေး(၁၀)တန်၊ ယူရီးယား (၁)အိတ်၊ တီစူပါ (၁)အိတ်နှင့် ပိုတက်ရှ်(၁၂. ၅)ကီလိုဂရမ်ကို မစိုက်မီမြေခံတွင် ထည့်သွင်းပြီး ယူရီးယား (၁)အိတ်နှင့် ပိုတက်ရှ် (၁၂. ၅)ကီလိုဂရမ်ကို ပေါင်းလိုက် မြေဆွချိန်တွင် ထည့်ပါ။

## အပင်ပြုစုခြင်း

ပျိုး၍စွတ်စိုသောရာသီတွင် ပေါင်းအထမြန်သောကြောင့် စတင်ပေါ်လာသည်နှင့် နှိမ်နင်းပေးရမည်။ အပင်ရှည်မျိုးသည် သက်တမ်းပိုရှည်သောကြောင့် ပေါင်းကို ကြိုတင်၍ မနှိမ်ထားက တိုင်ထောင်ပြီးလျှင်ပေါင်းလိုက်ရခက်သည်။ ပေါင်းနှိမ်စဉ် ပဲပင်၏အမြစ်များကို မထိခိုက်ရန် သတိပြုပါ။ ပဲပင်၏အမြစ်တွင် နိုက်ထြိုဂျင် ဖမ်းယူနိုင်သော ဘက်တီးရီးယားများ ခိုအောင်းနိုင်၍ အပင်အတွက် နိုက်ထြိုဂျင်ကို ရယူပေးနိုင်သည်။ ခြောက်သွေ့သော ရာသီဒဏ်ကို ခံနိုင်ရည်ရှိသော်လည်း ရက်ရှည်ခြောက်သွေ့နေပါက ရေပေးသွင်းရန်လိုအပ်သည်။

သီးလုံးဖေါက်ပိုးနှင့် ပဲသံချေးရောဂါတို့ကို ထိသေပိုးသတ်ဆေး၊ မှိုသတ်ဆေးနှင့် စားသေပိုးသတ်ဆေး၊ မှိုသတ်ဆေးတို့ဖြင့် ပက်ဖျန်းကာကွယ်နိုင်သည်။

## ခူးယူခြင်း

ပဲသီးတောင့်များကို ပန်းပွင့်ပြီး(၇-၁၀)ရက်အကြာတွင် စတင်ဆွတ်ခူးနိုင်သည်။ ပဲသီးတောင့်များ ရင့်လာက အစေ့နေရာ ဖောင်းကြွလာသဖြင့် စားသုံးသူများ မနှစ်သက်ပါ။ အပင်ပုမျိုး တစ်ဧကလျှင် (၈၀၀-၉၀၀)ပိဿာ အပင်ရှည်မျိုး တစ်ဧက(၂၀၀၀)ပိဿာကျော်ထိ ထွက်ရှိနိုင်သည်။





## မျိုးစေ့ထုတ်ယူခြင်း

မျိုးစေ့ထုတ်ယူလိုပါက အပင်ပေါ်တွင် အသီးများခြောက်သွေ့ချိန်ထိထားပြီးမှသာ ဆွတ်ခူးရသည်။ ကောင်းစွာ ခြောက်သွေ့လျှင် အစေ့ကို ခွေ၍နေလှမ်းပြီး ထုံးနှင့် ရောမွှေ၍ သိမ်းဆည်းနိုင်သည်။

ပဲတောင့်ရှည်သီးနှင့် အပင်





www.burmeseclassic.com

www.burmeseclassic.com



# ပဲလင်းမြွေစိုက်ပျိုးနည်း

## နိဒါန်း

အသီးကိုအသား၊ ငါးနှင့်ရော၍လည်းကောင်း အတွင်းသို့ အသား၊ ငါး၊ ပုဇွန်တို့ကို အစာသွတ်၍ လည်းကောင်း စားသုံးကြသည်။ နူးညံ့သော အရသာရှိ၍ ကြိုက်နှစ်သက်မှုများသည်။

## မျိုး

ဒေသမျိုးကိုသာစိုက်ကြသည်။ အသီးရောင်အစိမ်းရင့်ရောင်မျိုးနှင့် အစိမ်းနုရောင် မျိုးဟူ၍ရှိပြီး (၄-၅)ပေခန့်ထိရှည်သော ပဲလင်းမြွေအရှည်မျိုးနှင့် (၁-၂)ပေခန့်ရှည်သော ဗုံလုံအတိုမျိုးဟူ၍ ခွဲနိုင်သည်။ မိုးရာသီတွင် ကောင်းစွာဖြစ်ထွန်းပြီး နွေရာသီတွင် အပူဒဏ်ခံနိုင်သည်။ စင်တင်စနစ် အဖြစ်သာ အစိုက်များပြီး သက်တမ်းအားဖြင့် စိုက်ပြီးရက်(၅၀-၆၀)တွင်စတင် ခူးဆွတ်နိုင်ပါသည်။ ဆောင်းရာသီတွင် ဆီးနှင်းကင်းသော မြေပြန့်ဒေသများတွင် စိုက်ပျိုး နိုင်သည်။

## စိုက်ပျိုးခြင်း

(၂)ပေအကျယ်၊ (၁)ပေခန့်အမြင့် စိုက်ဘောင်ကို တစ်ဘောင်နှင့်တစ်ဘောင် (၅)ပေခြား ဖော်၍ တစ်ပင်နှင့်တစ်ပင် (၁)ပေခြား၍စိုက်ရပါမည်။ တစ်ဧကအပင် (၈၀၀၀)ခန့် ထည့်စိုက်ရပါမည်။ စင်တင်စနစ်ဖြင့်သာ စိုက်သင့်ပြီး အစေ့ကို အညှောက်ဖောက်ပြီး တိုက်ရိုက်အစေ့ချ စိုက်ကြသည်။ အစေ့ကို လက်မဝက်ခန့် မြှုပ်၍ ရေကို ဝအောင် လောင်းပေးရမည်။

## မြေဩဇာထည့်သွင်းခြင်း

စိုက်ဘောင်အတွင်းသို့ မြေဆွေး၊ နွားချေး၊ တီစူပါမြေဩဇာရော၍ ပေါက်ပြားဖြင့်ဆွပြီး ရောမွှေထည့်ပေးရမည်။ အပင်ပေါက်ပြီး (၁၀)ရက်ခန့်တွင် ယူရီးယား၊ ပိုတက်ရှ်အရောကို နွားချေးဆွေးဖြင့် ရော၍အပင်ခြေမှ (၆)လက်မခွာ၍ ကျွေးပေးရမည်။ အသီးစတင်သီးချိန်တွင် အစာကျွေးဘောင်ထပ်ခြင်း ပြုလုပ်ပေးရပါမည်။ ပဲလင်းမြွေတစ်ဧကလျှင် နွားချေးဆွေးလှည်း(၁၀)စီးမှ(၂၀)စီး၊ ပုလဲ (၁-၂)အိတ်၊ တီစူပါ (၂-၄)အိတ်၊ ပိုတက်ရှ် (၁-၂)အိတ် ထည့်ပေးပါ။

## အပင်ပြုစုခြင်း

အပင်ငယ်စဉ်တွင် အပင်ပတ်ဝန်းကျင်ကို လက်ပေါင်းသာ လိုက်သင့်ပါသည်။ အသီးစတင်သီးချိန်တွင် ပေါင်းမြက်များကိုနှိမ်နင်း၍ ဘောင်ထပ်ခြင်းကို(၂)ကြိမ်ခန့်ပြုလုပ်ပေးရမည်။ အမြစ်ပြေးလမ်းကို ပေါင်းမြက်များ ကင်းစင်အောင်ပေါက်ပြားဖြင့် ဆွ၍မြေဩဇာထည့်သွင်းပေးရမည်။ အစေ့ချပြီး အပင်မပေါက်ခင် ရေကိုဂရုတစိုက် လောင်းပေးရမည်။ အပင်ငယ်စဉ်တွင် ရေလိုအပ်ပါကနေ့စဉ် လောင်းပေးပြီး အစာကျွေးပြီးတိုင်း ရေလောင်းရမည်။ အသီးဖြိုင်ဖြိုင်သီးချိန်တွင် ရေအစိုဓါတ်ပြတ်ပါက ဝအောင်သွင်းပေးရမည်။

အပင်ငယ်စဉ်တွင် ဗူး၊ ဖရုံကျိုင်းကို ဂရုစိုက် ကာကွယ်နှိမ်နင်း၍ အသီးနုစဉ်သီးထိုးယင်များ ကျရောက်ဖျက်ဆီးတတ်သည်။ ရွက်ခြောက်၊ ရွက်ပုပ်၊ ခါးရိ၊ အရိုးကွဲ၊ မှိုရောဂါများ ကျရောက်တတ်၍ မှိုသတ်ဆေးဖြင့် ကာကွယ်ပက်ဖျန်းထားသင့်သည်။

## ခူးယူခြင်း

အသီးရှည်မျိုးကို အသီးဖြောင့်တန်းစေရန်ခဲဆွဲပေးရသည်။ စိုက်ပျိုးပြီး (၅၀-၆၀)ရက်တွင်စတင်ခူးနိုင်သည်။ အသီးသည်နုသဖြင့် သယ်ဆောင်စဉ် ကျိုးပဲ့တတ်သည်။ အသီးခူးစဉ် အညှာမထိ ခိုက်စေရန် သတိထား၍ခူးရမည်။ (၁)ဧကလျှင် ပဲလင်းမြွေ (၅၀၀၀၀)မှ (၇၀၀၀၀)ထိ အသီး ထွက်နိုင်ပါသည်။

## မျိုးစေ့ထုတ်ယူခြင်း

အပင်ပေါ်တွင် အသီးရင့်မှည့်သည်အထိ ထားရမည်။ မှည့်လွန်းပါက အသီးပြတ်ကျတတ်၍ အနေတော်ခူးရမည်။ အသီးများကို (၁)ပတ်ခန့် အရိပ်ထဲတွင်ထား၍ အစေ့ ထုတ်ယူရမည်။ ရေဖြင့်(၁၅)မိနစ်အတွင်း ပြောင်အောင်ဆေး၍ နေရောင်အောက်တွင် နာရီဝက်အခြောက်လှမ်းပြီး အရိပ်ထဲတွင် (၂)ရက်လေသလပ်ခံရမည်။ ထို့နောက် လေလုံသော ဗူးတွင်ထည့်ပြီး သိုလှောင်ထားရမည်။




www.burmeseclassic.com

www.burmeseclassic.com



ပဲလင်းမြွေသီး







# ဖရုံစိုက်ပျိုးနည်း

## နိဒါန်း

အညွန့်နှင့် အသီးကို တို့စရာ၊ ဟင်းချို သီးစုံအဖြစ် ပဲ၊ ငါး၊ အသားမျိုးစုံတို့နှင့် ရောချက် စားကြသည်။ အစေ့ကို လှော်၍ ဖရုံစေ့လှော်အဖြစ် စားကြသည်။ အာဟာရတန်ဖိုးမြင့်မား၍ အာဟာရချို့တဲ့မှု ပပျောက်ရေးအတွက် ကျေးလက်ဒေသရှိနေထိုင်သူများ ပိုမိုစားသုံးသင့်သော သီးနှံဖြစ်သည်။ အသီးအမှုန့်ကို မုန့်အဖြစ် ပြုလုပ်စားကြသည်။

## မျိုးရွေးချယ်ခြင်း

ဒေသဖရုံသီးမျိုးပေါင်းများစွာရှိသည်။ အသီးပုံစံအားဖြင့်လုံးပြားပုံနှင့် ဘောင်စောက် လုံးရှည်ပုံများရှိသည်။ အတွင်းသားကို ရွှေဝါရောင်ရင့်နှင့်အဝါဖျော့ဟူ၍ ခွဲခြားနိုင်သည်။ ရွှေဖရုံသီးသည် အရောင်ပိုရင့်လေပိုစေးလေဖြစ်ပြီး၊ ဗီတာမင်အေဓါတ်ပါဝင်မှု ပိုမိုများသည်။ အပြင်အခွံရောင်အလိုက်အစက်အပျောက်ပါသောစိမ်းဖျော့၊ စိမ်းရင့်နှင့် ပြောင်စိမ်းရင့်၊ ပြောင်စိမ်းနုဟူ၍ ခွဲနိုင်ပြီး ရင့်ပါကအညိုရောင်သို့ ပြောင်းသွားလျက် အစက်အပျောက်များ ပျောက်သွားသည်။ အရွက်တွင် အဖြူရောင်အစက်အပျောက်ပါသောမျိုးနှင့် မပါသောပြောင်မျိုးဟု ခွဲနိုင်သည်။ အစေ့တွင် ရိုးရိုးအဖြူဖျော့ရောင်နှင့် အမဲရောင်ဟူ၍ခွဲနိုင်သည်။ သက်ကြီးမျိုးများသည် နေ့တာတိုမှ အမပွင့်ပွင့်၍ အသီးတင်နိုင်သည်။ များသောအားဖြင့်မိုးအကုန်ဆောင်းဦးတွင်စိုက်လျှင် အားလုံးပွင့်သီးသော်လည်း၊ မိုးကြိုနှင့်မိုးဦးစိုက်ဒေသများတွင် သက်ငယ်မျိုးများကို ရွေးချယ် စိုက်ပျိုးသင့်ပါသည်။ ရန်ကုန်နှင့် မန္တလေးဈေးကွက်တွင် ပုတီးကုန်းရွှေဖရုံနှင့် လယ်ဝေး၊ တပ်ကုန်းရွှေဖရုံများမှာ ထင်ရှားသည်။ သက်ငယ်မျိုးသည်စိုက်ပြီးရက်(၁၀၀) တွင် စတင်ခူးနိုင်ပြီး သက်ကြီးမျိုးမှာစိုက်ပြီးရက်(၁၂၀) အထက်တွင်ရှိသည်။ အကြမ်းအားဖြင့် အစေ့အမဲရောင်နှင့် အရွက်ပြောင်မျိုးများသည်သက်ကြီးမျိုးများ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေသမျိုးများစွာရှိပြီး ရောဂါနှင့် ပိုးမွှားဒဏ်ခံနိုင်၍ ဒေသနှင့်ကိုက်ညီသောမျိုးကို ရွေးချယ်စိုက်ပျိုးရပါမည်။

## ပျိုးထောင်ခြင်း

တိုက်ရိုက်အစေ့ချနည်းကိုသာသုံးကြသည်။ မိုးရာသီတွင်စနစ်တကျပျိုးထောင်၍ စင်တင်စိုက်ပျိုးသင့်ပါသည်။ မြေဆီသြဇာ ထက်သန်မှုကို ကြိုက်နှစ်သက်၍ သဘာဝမြေသြဇာ ကြက်ချေး၊နွားချေး၊ တီစူပါအရောကို ဇကာချ၍ စိုက်ဘောင် (သို့) ပျိုးမြေကို သမစွာ ရောမွှေပြီး စိုက်ပျိုးသင့်ပါသည်။ မျိုးစေ့ကို အညှောင့် ဖောက်၍ လက်မဝက်ခန့်သာ ဒေါင်လိုက်မြှုပ်ရပါမည်။ ပျိုးသက်(၂၁-၂၅)ရက်သားတွင် စိုက်ခင်းသို့ရွှေ့စိုက်နိုင်သည်။ တစ်ဧကအတွက်မျိုးစေ့ (၂-၃) ကီလို လိုအပ်သည်။

## မြေပြုပြင်ခြင်း

စင်တင်စိုက်ပျိုးပါက ဘောင်ကို(၃)ပေအကျယ်၊ (၁)ပေအမြင့်၊ စင်အပြည့်ဘောင်ဆွဲ၍ သဘာဝမြေသြဇာ၊ နွားချေးနှင့် တီစူပါဓါတ်မြေသြဇာကိုရော၍ သမပြီး စိုက်ပျိုးရပါမည်။ ယာမြေ၊ လယ်မြေတွင်မြေလွှတ်စိုက်ပါက စိုက်မြောင်း၊ ရေသွင်းမြောင်းကိုထယ်ဖြင့်ဖော်၍ သဘာဝနှင့်ဓါတ်မြေသြဇာများကို ထည့်သွင်းစိုက်ပျိုးရပါမည်။ မြေကိုညက်မှုန့်နေသည်အထိ ထယ်ထိုးထွန်မွှေထားသောမြေတွင် (၈)ပေပတ်လည်ကြားစိုက်ကျင်းဖော်၍ ရေလောင်းစိုက်နိုင်ပါသည်။

စင်တင်စိုက်ပျိုးခြင်းတွင် တစ်ပင်နှင့်တစ်ပင် (၃)ပေခြားစိုက်၍ မြေလွှတ်ရေသွင်း စိုက်နည်းတွင် တန်းကြား၊ ပင်ကြား (၁၅ x ၂)ပေ ထားစိုက်ရပါမည်။ အရွက်(၅)ရွက်ရှိချိန်တွင် ခေါင်နှိမ်ပေးပြီး အညွန့်ပြေးလမ်းရှိ ပေါင်းများကို နှိမ်နင်းထားပေးရပါမည်။

## မြေသြဇာကျွေးခြင်း

ဖရုံ(၁)ဧကအတွက် သဘာဝမြေသြဇာ၊ နွားချေး(၁၀)စီးမှ(၂၀)စီး ယူရီးယား(၁-၂)အိတ်၊ တီစူပါ (၂-၄)အိတ်၊ဓါတ်ဆား(၁-၂)အိတ်ထည့် ပေးသင့်ပါသည်။ စိုက်ပြီး တစ်ပတ်သားတွင် အပင်ခြေမှ (၆)လက်မခွာ၍ ယူရီးယား (၁)ဇွန်း၊ ပိုတက်ရှ်(၁)ဇွန်းအားအပင်ခြေကိုဝိုက်၍ ကျွေးပေးရပါမည်။ အစာကြွေးပြီးပြီးချင်း ရေလောင်းပေးရပါမည်။





## စိုက်ခြင်း၊ပေါင်း၊ရေသွင်းခြင်းနှင့်အပင်ပိုးမွှားရောဂါ

ပျိုးသက်(၂၁-၂၅)ရက်သားတွင်ရွှေ့စိုက်နိုင်ပြီး စိုက်ပြီးချိန်တွင် ရေဝအောင်လောင်းရမည်။ သီးကင်းဝင်ချိန်တွင် ရေအစိုဓါတ်ပြတ်ပါက ရေသွင်းပေးရပါမည်။

အပင်ငယ်စဉ်တွင် ဗူး၊ ဖရုံကျိုင်းငယ်များကျရောက်ဖျက်စီးတတ်၍ ထိုသေဆေးတစ်မျိုးမျိုးဖြင့် နှိမ်နင်းပါ။ ပျကဲ့သို့ စုတ်စားပိုးများကျရောက်တတ်ပြီး ဂရုစိုက်ကာကွယ်ရပါမည်။ ရွက်ခြောက်ရောဂါ၊ ခါးရိရောဂါများကျရောက်ပါက မှိုသတ်ဆေးကိုကာကွယ်ပက်ဖျန်းရပါမည်။

## ဆွတ်ခူးခြင်း၊ မျိုးစေ့ထုတ်ခြင်း

ဝတ်မှုန်ကူးပြီး ရက်(၅၀)အကြာတွင် စားသုံးရန် ရင့်သောအဆင့်သို့ရောက်ပြီး အစေ့ထုတ်လိုပါက ရက်(၆၀)ကျော်မှ ခူးဆွတ်သင့်သည်။ အသီးများကိုအရိပ်ထဲတွင် (၂)ပတ်ခန့်ထားပြီးမှသာအစေ့ကို ထုတ်ယူ၍ ဆေးကြော၊ နေလှန်းပြီးသိုလှောင်သင့်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com



## ဖရုံသီးနှင့် အပင်





ဟင်း သီး ဟင်း ရွက် စိုက် ပျိုး ခြင်း လမ်း ညွှန်

# ဘူးစိုက်ပျိုးနည်း

### နိဒါန်း

အရွက်နု၊ အညွန့်၊ အသီး၊ ပင်စည်(ဘူးရိုး)များကို စားသုံးကြသည်။ အတို့ အမြုပ်၊ ဟင်းချို၊ အချဉ်ဟင်း၊ သီးစုံပဲဟင်း၊ ဘူးသီးကြော်၊ ငါးနှင့်အသားမျိုးစုံဖြင့် ရောနှော ချက်ပြုတ် စားသောက်ကြသည်။ အစေ့ကိုဆီအဖြစ်လည်း ကြိတ်နိုင်ပြီး ဆီကြိတ်ရန် ဆီထွက်နှင့် အစေ့များသောမျိုးများကို ရွေးချယ်ရပါမည်။

### မျိုးရွေးချယ်ခြင်း

ဒေသမျိုးများသည် ရောဂါဒဏ်၊ ပိုးမွှားဒဏ်ခံနိုင်ရည်ရှိ၍ ထိန်းသိမ်းစိုက်ပျိုးသင့်သည်။ ဘူးကို အသီးပုံသဏ္ဌာန်ကိုလိုက်၍ ဘူးသပိတ်၊ ဘူးလည်လှ၊ ဘူးရှည်စကာ၊ ဘူးရှည်၊ ဘူးရေမှုတ်၊ ဘူးကျားဟူ၍ အမျိုးမျိုးရှိသည်။ အောက်မြန်မာပြည်တွင် (၂)ပေခန့်ရှည်သော ဘူးစကကို စိုက်ပျိုးမှုများ၍ ညောင်တုန်းမျိုးနှင့် တွံတေးမျိုးတို့မှာ ထင်ရှားသည်။ ကျန်ဒေသများတွင် အရှည်မျိုးများ အစိုက်များသည်။ ဘူးကျားမျိုးသည် ချက်စားရာတွင်အရသာလေး၍ ကြိုက်နှစ်သက်ကြသည်။ အချို့ ဘူးကျားမျိုးစေ့များကို ဆီကြိတ်ရာတွင်သုံးနိုင်သည်။ ဖရဲဆက်တိုက်စိုက်၍ ရောဂါကျရောက်နေသော စိုက်ခင်းများတွင် ဘူးကိုအောက်ခံထား၍ ဖရဲကိုကိုင်းဆက်နည်းဖြင့်ဆက်ခြင်းဖြင့် ဖြူစေရီယမ်နှင့် အခြားပင်ညှိုးရောဂါများကို ကာကွယ်နိုင်ပါသည်။ ဘူးစကမျိုးကို စိုက်ပြီးရက်(၉၀)တွင် စတင်ခူးဆွတ်နိုင်ပြီး သက်ကြီးမျိုးများတွင် ရက်(၁၂၀)၌ စတင်ခူးနိုင်သည်။

### စိုက်ချိန်

မိုးနှောင်း စက်တင်ဘာ၊ အောက်တိုဘာတွင် အစိုက်များသော်လည်း၊ တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ပါသည်။ မိုးရာသီတွင် သီးအားကောင်းသောမျိုး၊ မိုးဒဏ်ခံနိုင်သော မျိုးကို ရွေးချယ်စိုက်ပျိုးရပါမည်။ ဝတ်မှုန်ကူးမှု မကောင်းပါက လူမှဝတ်မှုန်ကူးပေးရပါမည်။ ဆီးနှင်းလွန်ကဲစွာကျရောက်ခြင်းကို မခံနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## ပျိုးထောင်ခြင်း

တိုက်ရိုက်အစေ့ချနည်းကို အသုံးများသည်။ မိုးရာသီစိုက်ပါက ပျိုးထောင်စိုက်ပျိုးသင့်သည်။ ပလတ်စတစ်အိတ် ( ၅"×၄" ၊၅"×၇" )ကို ရေစိမ့်အား ကောင်းရန် အပေါက်ဖောက်၍ စိုက်ပျိုးမြေနှင့် မြေဆွေးကို ဆတူရောထည့်ပေးရသည်။ ပျိုးအိတ်အတွင်းသို့ ပျိုးမြေမထည့်မီ သမအောင်မွှေပါ။ ပျိုးမြေ (၁)တင်းလျှင် ကီစူပါစတီးဇွန်း(၁၀)ဇွန်း (၁၀၀၀ဂရမ်)ခန့် ထည့်ပေးရပါမည်။

## မြေပြုပြင်ခြင်း

မိုးရာသီတွင် စင်တင်စိုက်ပျိုးရပါမည်။ အများစုမှာ ရာသီမရွေးစင်တင်စိုက်ပျိုးကြပါသည်။ စင်တင်စိုက်ပျိုးခြင်းဖြင့် မြေကြီးနှင့်ထိ၍ အသီးပုပ်မှုသက်သာ၍ ပိုးမွှားရောဂါကျရောက်မှု နည်းစေပါသည်။ စင်တင်စိုက်ရာတွင် စိုက်ဘောင်ဖော်၍ စိုက်ပျိုးရပါမည်။ စိုက်ဘောင်မြင့်၍ကြီးလေ အမြစ်သွားနိုင်သည့်နေရာပိုကျယ်လေဖြစ်၍ ပိုကောင်းသည်။ ဘောင်ကို အကျယ်(၃)ပေ၊ အမြင့်(၁)ပေခန့် ပေါက်တူးဖြင့်ဖော်၍ သဘာဝမြေဆွေး၊ နွားချေးဆွေး၊ ကြက်ချေးဆွေး၊ သစ်ရွက်ဆွေး၊ ကီစူပါထည့်၍ သမအောင်ဆွပေးရပါမည်။ ဘောင်အရှည်ကို စင်ရှိသလောက် ပြုလုပ်နိုင်သည်။ တိုက်ရိုက်အစေ့ချပါက စိုက်ဘောင်အပေါ်ယံမြေကို ဇကာချ၍ မြေတင်ပေးရပါမည်။ တိုက်ရိုက်အစေ့ချပါက အညှောင့်ဖောက်ပြီးမှချသင့်ပြီး တစ်ပေခြား (၁)စေ့ချ၍ အပင်တစ်လသားနှင့် ပင်ကြား(၃-၅)ပေချန်၍ကျန်အပင်များနုတ်ပြစ်ရပါမည်။ ပျိုးထောင်စိုက်ပါက (၅)ပေခြား စိုက်ကျင်းတစ်ကျင်းလျှင် (၂)ပင်နှုန်းထည့်သင့်ပါသည်။

မိုးနှောင်းဆောင်း၊ နွေနှင့် မိုးနည်းသော ယာမြေတောင်ပေါ်ဒေသများတွင် ဘောင်အမြင့် မဖော်ဘဲ စိုက်ကျင်း၊ စိုက်မြောင်း၊ နှစ်ခုကြားတွင် ရေသွင်းမြောင်း တစ်ခုထားကာ စိုက်ဘောင် တစ်စုံဖော်၍ စိုက်နိုင်ပြီး အညွန့်လွှတ် စိုက်နိုင်သည်။ အညွန့်စားဘူးကို ဤစနစ်ဖြင့် စိုက်ကြသည်။

## မြေဩဇာထည့်သွင်းခြင်း

မြေကို မှန့်ညက်နေသည်အထိ ထယ်ထိုး၊ ထွန်မွှေ၍ စိုက်ကျင်း စိုက်မြောင်းဖော်ပြီး သဘာဝမြေဩဇာ၊ မြေဆွေး၊ နွားချေး၊ ကြက်ချေးများကို ကီစူပါနှင့် ရော၍ စိုက်မြောင်းကျင်းအတွင်းထည့်၍ စိုက်ပျိုးကြသည်။ ဘူးတစ်ဧကအတွက် သဘာဝမြေဩဇာ လှည်း(၁၀)စီးမှ (၂၀)စီး၊ ယူရီးယား(၁-၂)အိတ်၊ ကီစူပါ(၂-၄)အိတ်၊





ပါတ်ဆား(၁-၂)အိတ်ထည့်ပေးသင့်ပြီး သဘာဝမြေဩဇာနှင့် ဓါတ်မြေဩဇာကို ရောနှော အသုံးပြုသင့်သည်။

## အပင်ပြုစုခြင်း

ပျိုးသက်(၂၅ မှ ၄၅)ရက်သားအတွင်း ရွှေ့စိုက်နိုင်ပြီး စိုက်ပြီးပြီးခြင်း ရေလောင်းပေးရပါမည်။ တိုက်ရိုက်အစေ့ချစနစ်တွင် အပင်မပေါက်ခင်၌ ရေကိုပိုမို ဂရုစိုက် လောင်းပေးရမည်။ စိုက်ပြီး(၁)ပတ် အမြစ်စွဲချိန်တွင် အပင်မှ (၆)လက်မခွာ၍ ယူရီးယားနှင့်ပိုတက်ရှ် ဆတူရော၍ ကျွေးပြီး အပင်ကိုခါးဆွပေးရမည်။ ငယ်စဉ်တွင်ရေမပြတ်စေရန် ဂရုစိုက်ပါ။ သီးကင်းဝင်ချိန်နှင့်အသီးဖြိုင်ဖြိုင် သီးချိန်တွင် ရေအလိုအပ်ဆုံးဖြစ်၍ အစိုဓါတ်မရှိပါက ရေသွင်းပါ။ အရွက်(၇)ရွက် အထက်စင်ပေါ် ရောက်ချိန်တွင် ခေါင်နှိမ်ပေးခြင်း ပြုလုပ်ပါ။ ဘူး၊ ဖရုံ ကျိုင်းငယ်များ ငယ်စဉ်တွင် ကျရောက်ဖျက်ဆီးတတ်၍ ထိသေဆေးများဖြင့် ပက်ဖျန်းနှိမ်နင်းပါ။ ပျကဲ့သို့ စုတ်စားပိုးများ၊ ဂျပိုးအုပ်စုဝင်များ ကျရောက်တတ်၍ ဂရုစိုက်ရပါမည်။ ဒေသတိုင်းတွင် အရိုင်းပင်နှင့် စိုက်ပျိုးပင်များရှိ၍ ဒေါင်းနီးရွက်ခြောက်ရောဂါ၊ အစေးထွက်ရွက်ခြောက်၊ ရွက်ပျောက်ရောဂါများကျရောက်တတ်၍ အပင်ငယ်စဉ်မှာပင် မှိုသတ်ဆေးများဖြင့် ကာကွယ်ပက်ဖျန်းရပါမည်။


## မျိုးစေ့ထုတ်ယူခြင်း

ရောဂါပိုးမွှားကင်း၍ ရင့်သောအသီးကိုခူးပြီး အရိပ်ထဲတွင်(၂)ပတ်ခန့်သိမ်းထားပါ။ အစေ့ရှိသော အတွင်းသားပိုင်းကိုထုတ်၍ အခွံပြောင်အောင် ဇကာဖြင့်ဖြည်းဖြည်းတိုက်ပါ။ ရေပြောင်အောင်ဆေး၍ (၄၅)မိနစ်အတွင်း နေရောင်အောက်တွင် ရေခြောက်အောင်လှန်းပါ။ အရိပ်ထဲတွင် (၂)ရက်ခန့်လေသလပ်ခံ အခြောက်လှန်းပါ။ အခြောက်လှန်းစဉ် လက်သန့်သန့်ဖြင့်မွှေပေးပါ။ ခြောက်သွေ့သော အစေ့ကို ပုလင်းအညိုအတွင်းထည့်၍ လေလုံအောင်ပိတ်ပါ။ ပုလင်းအတွင်းသို့ ကျောက်မှုန့်ကို အိတ်နှင့်ချုပ်၍ အစိုဓါတ်မပျံ့စေရန်ထည့်ပေးထားပါ။

www.burmeseclassic.com

www.burmeseclassic.com

ဘူးသီးနှင့် အပင်







# ဘိုစားပဲစိုက်ပျိုးနည်း

## နိဒါန်း

ဘိုစားပဲကို ပင်ထောင်မျိုးနှင့် နွယ်တက်မျိုးဟူ၍ ခွဲခြားထားသည်။ အစေ့သည် ကျောက်ကပ်ပုံ၊ အဖြူ၊ အနက်၊ နီညို၊ ခရမ်းစသည့်ဖြင့် မျိုးကွဲပေါင်းများစွာရှိသည်။ အပူပိုင်းနှင့်အအေးပိုင်းဇုံများတွင် ဖြစ်ထွန်းသည်။ ရေမြေရာသီ ဥတုမရွေးပေါက်ရောက်နိုင်သော်လည်း ပူအိုက်စွတ်စိုသော ဒေသ၌မဖြစ်ထွန်းပေ။

## မြေပြုပြင်ခြင်း

သဲဆန်သောမြေမှ မြေစေးအထိ မြေအမျိုးမျိုးတွင်ပေါက်နိုင်သည်။ ရေမဝပ်သော သဲနုန်းမြေ၊ နုန်းမြေစေး၊ နုန်းမြေတို့တွင် ကောင်းစွာဖြစ်ထွန်းသည်။ မြေချဉ်ငံဓာတ် (၄.၂ - ၈.၇)အတွင်း ဖြစ်ထွန်းနိုင်သည်။ ထွန်ရေးကောင်းအောင် မြေကို ပြုပြင်ရန် မလိုချေ။

## မျိုးစေ့နှုန်း

ပင်ထောင်မျိုးများကိုတစ်ဧကအတွက် မျိုးစေ့(၁၀-၁၂)ပြည် လိုအပ်ပြီး တိုင်ထောင်မျိုးများအတွက် (၆-၈) ပြည် လိုအပ်သည်။

## စိုက်ပျိုးခြင်း

မျိုးစေ့ချရာ၌အစိုဓာတ်များလွန်းက အစေ့ပုပ်တတ်သည်။ တိုင်ထောင်ပြီး စိုက်ပျိုးလျှင် တစ်ကျင်းတွင် (၂-၃)စေ့ထည့်၍စိုက်ရသည်။ တစ်ဧကလျှင်နွားချေး (၁၀)တန်၊ ယူရီးယား(၁၈)ကီလို၊ တီစူပါ(၁)အိတ်၊ ပိုတက်အိတ်ဝက်ထည့်ပေးရန် လိုသည်။ ကြားထွန်(၂)ကြိမ် လိုက်ပေးလျှင်လုံလောက်သည်။

ပင်ထောင်မျိုးကို တစ်တန်းနှင့်တစ်တန်း(၂)ပေခြား၍ တစ်ပင်နှင့်တစ်ပင် (၁၀)လက်မ ခွာစိုက်သည်။ ရာသီဥတုသင့်တင့်သောဒေသတွင် တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အပင်ပြုစုခြင်း

ပေါင်း(၂)ကြိမ်လိုက်ပေးလျှင် လုံလောက်သည်။ ခြောက်သွေ့သောရာသီဒဏ်ကို ခံနိုင်ရည်ရှိသော်လည်း ရက်ရှည်ခြောက်သွေ့က ရေသွင်းပေးရန်လိုအပ်သည်။ ပဲသံချေး၊ ပဲမှဲ့ပျောက်စွန်းရောဂါ၊ ဘက်တီးရီးယားရွက်ခြောက်၊ အရွက်နူရောဂါများ ကျရောက်သည်။ ခူမွှေးစုပ်၊ ပိုးကျိုင်းငယ်၊ ပဲစားကြမ်းပိုးနှင့် ပျပိုးများ ကျရောက်သည်။ ထိသေ၊ စားသေပိုးသတ်ဆေး၊ မှိုသတ်ဆေးများသုံး၍ ကာကွယ်နိုင်သည်။

## ခူးယူခြင်း

အပင်ပေါက်ပြီး (၇၅)ရက်မှစ၍အသီးများဆွတ်ခူးနိုင်သည်။ ပဲသီးများကို အရွယ်အရောက်မီ အစေ့နုသေးသောအချိန်တွင် ဆွတ်ခူးသည်။ ပန်းပွင့်ပြီး (၂-၃)ပတ်အကြာတွင် စတင်ဆွတ်ခူးနိုင်သည်။ ပင်ထောင်မျိုး တစ်ဧကလျှင် (၈၀၀-၉၀၀)ပိဿာ၊ တိုင်ထောင်မျိုး တစ်ဧကလျှင် (၂၀၀၀)ပိဿာကျော် အထိထွက်ရှိနိုင်သည်။

## မျိုးစေ့ထုတ်ယူခြင်း


မျိုးစေ့ထုတ်လုပ်ရန် အသီးများကို အပင်ပေါ်တွင်ခြောက်အောင်ထား၍ ဆွတ်ခူးရမည်။ အချို့က အပင်လိုက်နုတ်၍ နေလှမ်းပြီး အတောင့်များကို မူလအတိုင်း သိမ်းဆည်း ကြသည်။ ထို့နောက်စိုက်ချိန်ရောက်လျှင် အစေ့များချွေပြီး စိုက်ပျိုးကြသည်။ အများအားဖြင့် အစေ့ကို ကြိုတင်ချွေ၍ ဆက်လက်နေလှမ်းပြီးမှ သိမ်းဆည်းသည်။ ပဲစေ့သည် သိုလှောင်ရာ၌ ပိုးထိုးတတ်သောကြောင့် မျိုးအဖြစ် အသုံးပြုမည့်အစေ့များကို ထုံးနှင့် ရောမွှေ၍ သိမ်းဆည်းသင့်သည်။






ဘိုစားပဲသီးတောင့်









www.burmeseclassic.com

www.burmeseclassic.com



# မှိုစိုက်ပျိုးနည်း

မြန်မာလူမျိုးတို့နှစ်သက်စွာ စားသုံးသော သီးနှံဖြစ်သည်။ သဘာဝအတိုင်း မဟုတ်ဘဲ တချို့မှိုများကို အဟာရပြင်တုများဖြင့် မွေးမြူရရှိနိုင်ပေသည်။ ကောက်ရိုးမှို သည် စိုက်ပျိုးရလွယ်ပြီးဈေးကွက်လည်းရှိသဖြင့် ကောက်ရိုးမှိုစိုက်နည်းကို ရွေးချယ် တင်ပြလိုက်ပါသည်။

## ကောက်ရိုးမှိုစိုက်ပျိုးခြင်း

ကောက်ရိုးမှိုစိုက်ပျိုးရာတွင် အရည်အသွေးပြည့်ဝသော မှိုမျိုးထုပ်များ ရွေးချယ်ဝယ်ယူစိုက်ပျိုးမှသာလျှင် အထွက်နှုန်းကောင်းပြီး အောင်မြင်မှုရရှိနိုင်ပေမည်။ အရည်အသွေး ပြည့်ဝသော မှိုမျိုးထုပ်၏လက္ခဏာများမှာ -

- မျိုးထုပ်အတွင်းရှိ နှပ်စာ (မှိုမျှင်များ ရှင်သန်ပွားများနိုင်ရန် ပြုပြင်ထားသော ကောက်ရိုးလုံး)၏ ပတ်ပတ်လည်တွင်ယှက်ဖြာနေသော မှိုမျှင်များကို အလွယ် တကူ တွေ့မြင်နိုင်သည်။ မှိုမျိုးထုပ်များကို ဖြည်သောအခါ မှိုနံ့သင်းနေရ မည်။ အချဉ်နံ့ ထွက်နေသော မှိုမျိုးထုပ်များကို အသုံးမပြုသင့်ပေ။ မှိုမျှင်များ သည် အဖြူရောင်မှ အဝါရောင် (သို့) အစိမ်းရောင်သို့ ကူးပြောင်းနေလျှင် ရောဂါဝင်နေသော မျိုးထုပ်ဖြစ်၍ မသုံးသင့်ပေ။

## ကောက်ရိုးမှိုစိုက်ပျိုးရာတွင်လိုအပ်သောအခြေခံကုန်ကြမ်းများ

ကောက်ရိုးမှိုစိုက်ပျိုးရန် သန့်ရှင်းခြောက်သွေ့သော ကောက်ရိုးထုံး (သို့) ရိုးပြတ်များကို စုဆောင်းပြီးရေစိမ်ရမည်။ ရေစိမ်ရန်ကာလမှာ -





| ကုန်ကြမ်း | နွေ | မိုး | ဆောင်း |
|---|---|---|---|
| ကောက်ရိုး | ၆ နာရီ | ၁ နာရီ | ၃ နာရီ |
| ရိုးပြတ်၊ နှုတ်ပင် | ၃ နာရီ | ၃၀ မိနစ် | ၁ နာရီ |

ရေစိမ်ပြီး ကုန်ကြမ်းများကို မှိုပုံမပြုလုပ်မီ ရေစစ်ပြီး အသင့်အနေအထားဖြစ်အောင် ပြုလုပ် ထားရမည်။

## ဖြည့်စွက်စာပြုလုပ်ခြင်း

မှိုပုံအတွက် အာဟာရဓာတ် ထောက်ပံ့ရန်နှင့် အပူနှင့်အစိုဓာတ်ကိုထိန်းထား နိုင်ရန် နုတ်နုတ်စင်း အခြောက်ခံထားသည့် ဗေဒါ၊ နေကြာ၊ လဲမှိုအူတိုင် သို့မဟုတ် အလေအလွင့်၊ ပဲပင်အမျိုးမျိုး၊ ငှက်ပျောရွက်၊ ငှက်ပျောအူ စသည်တို့မှတစ်မျိုးမျိုး (၂)ပြည်ခန့်နှင့်တိရစ္ဆာန်ချေး (ဝက်၊ ကြက်၊ နွား၊ မြင်း၊ ကျွဲ) အခြောက်မှုန့် (၁)ပြည်၊ ဖွဲနုနို့ဆီဗူး (၃)လုံးတို့ကို သမအောင်ရောစပ်ကာ ဖြည့်စွက်စာအဖြစ် ပြင်ဆင်ထား ရမည်။

## ကောက်ရိုးမှိုစိုက်ပျိုးရန်မြေနေရာရွေးချယ်ခြင်း


မှိုစိုက်ပျိုးရန်အတွက်ညီညာ၍ရေမဝပ်သောနေရာကိုရွေးချယ်ရမည်။ စိမ့်ပေါက်မြေ၊ ဆား၊ ဆပ်ပြာ၊ လောင်စာဆီ၊ ပိုးသတ်ဆေးများ သိုလှောင်သောနေရာ ဟောင်းမဖြစ်စေရ။ အရိပ်ရှိပြီး လေဝင်လေထွက် ကောင်းသောနေရာမျိုးတွင် ပိုမိုသင့် လျော်သည်။ ဟင်းလင်းပြင်တွင်ဖြစ်ပါက နွေရာသီတွင် အရိပ်ပြုလုပ်ပေးသင့်သည်။

(က) ဇလားပုံ ပုံစံခွက်ဖြင့် ကောက်ရိုး (သို့) ရိုးပြတ်များကို အောက်ခြေအနံ (၁) ပေခွဲ၊ အပေါ်ဖက်အနံ (၁)ပေ၊ အမြင့် (၁)ပေခွဲနှင့် အလျား (၄)ပေထုရှိသော ဇလားပုံ ပုံစံခွက်ထဲသို့ ဖြန့်ခင်းရမည်။ ကောက်ရိုးများပေါ်တွင် ရေဖျန်းပြီး အထု (၃)လက်မခန့် အထိရှိအောင် တက်နင်းပေးရမည်။



www.burmeseclassic.com

www.burmeseclassic.com





အဆင့် (၂) မှိုမျိုးထုပ်ကိုဖြည်၍နှပ်စာများကို ခွက်တစ်ခုထဲတွင် တည့်ကာ အလုံးအခဲ မကျန်အောင် ချေမွထားရမည်။

အဆင့် (၃) ဖိသိပ်ပြီး ကောက်ရိုး၏အပေါ်ယံဘေးပတ်လည်တွင် ဖြည့်စွက်စာများကို အကျယ်(၃)လက်မခန့်နှင့် အထုလက်မဝက်ခန့်ရှိအောင်ဖြန့်ကျဲရမည်။ ထိုဖြည့်စွက်စာများ ပေါ်တွင် အသင့်ချေမွပြီးနှပ်စာများကို ဖြည့်စွက်စာအလယ်ကြောင်းအတိုင်း ပါးပါးညီညီ ဖြူးပေးရမည်။

အဆင့် (၄) အထက်ပါအတိုင်း ၅လွှာ၊ ၆ လွှာ၊ ပြုလုပ်ပြီး အပေါ်ဆုံးအလွှာပေါ်တွင် ဖြည့်စွက်စာနှင့် မှိုနှပ်စာများကိုမျက်နှာပြင်အနှံ့ ညီညီညာညာဖြူးပေးရမည်။ အပေါ်ဆုံးမှ ရေစိုကောက်ရိုးခပ်ပါးပါးအုပ်ပြီး ဇလားခွက်ကို မ၍ချွတ်ယူရမည်။ စိုက်ပုံတစ်ပုံတည်းနှင့် လိုအပ်သောအပူချိန် မရရှိနိုင်သောကြောင့် နွေရာသီတွင် အောက်ခြေ (၁၀) လက်မစီကွာဝေးသော စိုက်ပုံ (၅) ပုံ၊ မိုးရာသီတွင် အောက်ခြေ (၈)လက်မစီကွာဝေးသော စိုက်ပုံ (၇)ပုံ၊ ဆောင်းရာသီတွင် အောက်ခြေ (၆)လက်မစီကွာဝေးသော စိုက်ပုံ (၁၀)ပုံတို့ကို ဘေးချင်းယှဉ် အနေအထားဖြင့် နေရာချရမည်။








မှိုပုံများကို အတန်းလိုက်နေရာချထားပုံ

စိုက်ပုံများ အပူဓါတ်ကောင်းစွာရရှိစေနိုင်ရန် စိုက်ပုံများအပေါ်မှ ပလတ်စတစ် အကြည်စဖြင့် အိမ်အမိုး (သို့) ပေါင်းမိုးခုံးသဏ္ဍာန်ဖြင့် လုံခြုံစွာအုပ်ထားရမည်။ အရိပ်အောက်မဟုတ်ပါက နေရောင်တိုက်ရိုက်ကျခြင်းမှ ကာကွယ်ရန် ပလတ်စတစ်ပေါ်မှ ထန်းရွက်ခြောက်၊ အုန်းလက်ခြောက် စသည့်သင့်တော်ရာ ပစ္စည်းတစ်မျိုးမျိုးနှင့်အုပ်မိုးပေးသင့်သည်။

## ၁ အမြင့်ပုံတန်းရှည်စိုက်ပျိုးခြင်း

အဆင့် (၁) အမှိုက်သရိုက်ရှင်းလင်းထားသောနေရာတွင် အလျား (၁၀)ပေနှင့် အနံ (၂)ပေ ကျယ်သောနေရာတစ်ခုပြုလုပ်ပါ။ အကွက်၏ထောင့်များတွင် ငုတ်လေးချောင်းကို မြေပြင်ပေါ်တွင် (၃)ပေအရှည်ထား၍ ခိုင်မြဲအောင်နက်နက်ရိုက်သွင်းပါ။



အမြင့်ပုံတန်းရှည်စိုက်ပျိုးနည်းအတွက် နေရာပြုပြင်ထားပုံ


www.burmeseclassic.com


www.burmeseclassic.com



အဆင့်(၂) ရေစိမ်ပြီးကောက်ရိုးထုံးများအား အရင်းပိုင်းကိုအပြင်ဘက်တွင်ထား၍ အဖျားပိုင်းကို အတွင်းဘက်တွင် ယှဉ်ထပ်ကာ အတန်းလိုက် နေရာလပ်မရှိအောင် စီချပါ။ ပိပြားစေရန် ရေအနည်းငယ်ဖျန်း၍ တက်နင်းပေးပါ။

အဆင့် (၃) ဖြည့်စွက်စာများကို ခင်းထားသောကောက်ရိုးပြန့်၏အပေါ်ယံဘေးအနားတစ်လျှောက်တွင် အကျယ် (၄)လက်မနှင့် လက်မဝက်ခန့်အထူရှိအောင်ဖြန့်ပါ။

အဆင့် (၄) ဖြည့်စွက်စာများအပေါ်မှ အသင့်ချေမွထားသော မှိုမျိုးများကို အတွင်းဘက်ရောက်လွန်းခြင်း၊ အပြင်ဘက်ရောက်လွန်းခြင်းမရှိအောင် သတိပြု၍ဖြူးထည့်ပါ။




ပထမအလွှာ ကောက်ရိုးထုံးများကို ဖိသိပ်ပြီး ဖြည့်စွက်စာနှင့် မှိုမျိုးများဖြူးထားပုံ

အဆင့် (၅) အထက်ပါအတိုင်း ကောက်ရိုးထုံးစီခြင်း၊ ရေဖြန်း၍နင်းခြင်း၊ ဖြည့်စွက်စာ နှင့် မှိုမျိုးထည့်ခြင်းတို့ကို ဆောင်းနှင့်မိုးရာသီတို့တွင် (၅)လွှာမှ (၈)လွှာအထိ၊ နွေရာသီတွင် (၃)လွှာမှ (၅)လွှာအထိပြုလုပ်ပါ။

အဆင့် (၆) အပေါ်ဆုံးအလွှာပေါ်တွင်ဖြည့်စွက်စာနှင့်မှိုမျိုးကိုတစ်ပြင်လုံးဖြူးထည့်၍အပေါ်မှကောက်ရိုး အကြေခပ်ပါးပါးဖုံးအုပ်ပါ။







အမြင့်ပုံတန်းရှည် စနစ်ဖြင့်ကောက်ရိုးမှိုစိုက်ပျိုးထားပုံ

အဆင့် (၇) ပလတ်စတစ်စကို ခေါင်မိုးပုံချိုး၍ လေလုံအောင်ဖုံးအုပ်ပါ။ နေရောင်တိုက်ရိုက်မကျစေရန် ပလတ်စတစ်ပေါ်မှ သင့်တော်ရာပစ္စည်းတစ်ခုခုနှင့်ဖုံးအုပ်ပါ။

### ဂ ဂျပ်ထူစက္ကူဖြင့်ကောက်ရိုးမှိုစိုက်ပျိုးခြင်း

အဆင့် (၁) အလျား ၉ ပေ၊ အနံ ၃ ပေ၊ အနက် ၃ လက်မရှိ မြေကျင်းတူးပါ။ ရရှိသောမြေကို ဘေးတွင် ဘောင်ပြုလုပ်ပါ။

အဆင့် (၂) နွားချေးများကို နွေရာသီတွင် ၃ တင်း (ဆောင်းရာသီတွင် ၅ တင်း) ကို မြေကျင်းထဲတွင် ညီညာစွာဖြန့်ပါ။ ဖျန်းပုံးဖြင့် ရေဝအောင်လောင်းပါ။

အဆင့် (၃) ဂျပ်ထူစက္ကူကို ၁၅ မိနစ်ခန့် ရေစိမ်၍ လက်ဝါးအရွယ်ထက်သေးငယ်သော အပိုင်းအစလေးများဖြစ်အောင်ဆုတ်ဖြဲပါ။ ထို့နောက် အောက်ခံနွားချေးပေါ်တွင် ပတ်ပတ်လည် (၁)မိုက်ခန့်စီချန်၍ ဂျပ်ထူစက္ကူအပိုင်းအစများကို ညီညာစွာဖြန့်ပါ။

အဆင့် (၄) ချေမွထားသော မှိုမျိုးများကို ဖွဲနုနှင့်ရော၍ ဂျပ်စက္ကူပေါ်တွင်ညီညာစွာဖြူးပါ။ ဂျပ်စက္ကူအုပ်မထားသောဘေးပတ်လည် နွားချေးပေါ်တွင် လည်းဖြူးပါ။



www.burmeseclassic.com


www.burmeseclassic.com



အဆင့် (၅)      ထို့နောက် နွားချေးမှုန့် ၂တင်း (ဆောင်းတွင် ၃ တင်း) ကိုဂျပ်စက္ကူများ မှိုမျိုးများဖုံးမိအောင် ညီညာစွာဖြူးပါ။

အဆင့် (၆)      ရေတစ်ပုံးလျှင် ယူရီးယားမြေဩဇာစတီးဇွန်း (၂)ဇွန်းထည့်၍ ရေဖျန်းပုံးဖြင့် ၃ ပုံးလောင်းပါ။

အဆင့် (၇)      မှိုပုံပေါ်တွင် ဝါးဘောင်ပြုလုပ်ပါ။ မှိုပုံ၏ထိပ်နှစ်ဘက်တွင် ခေါင်တိုင် နှစ်တိုင်စိုက်ပါ။ ခေါင်တိုင်၏အမြင့်မှာ မိုး၊ နွေရာသီတွင် ၁ ပေမှ ၁ပေခွဲ၊ ဆောင်းရာသီ တွင် ၁ ပေအောက်ချိန်ညှိ၍ပြုလုပ်ပါ။ ခေါင်တန်းတန်းပါ။ အမိုးကိုင်း ၄၃ စိုက်ပါ။ ခေါင်တန်း၏ တစ်ဘက်စီတွင် ဘေးတန်းနှစ်တန်းစီထည့်ပါ။



မှိုပုံကို ဖုံးအုပ်ရန် ဝါးဘောင်ပြုလုပ်ထားပုံ

**မှိုပုံကို ဖုံးအုပ်ရန် ဝါးဘောင်ပြုလုပ်ထားပုံ**

အဆင့် (၈) ဝါးဘောင်ပေါ်မှ ပလတ်စတစ်အကြည်ဖြင့်အုပ်ပါ။ ဘေးနားများကို ခဲဖြင့်ဖိထားပါ။

အဆင့် (၉)      နေရောင်တိုက်ရိုက်မကျစေရန် ပလတ်စတစ်ပေါ်မှ ဂျုပ်ထူ၊ အုန်းလက်စသည့် သင့်တော်ရာပစ္စည်းတစ်ခုခုဖြင့်အုပ်ပေးပါ။

အဆင့် (၁၀)      စိုက်ပြီး ၄-၅ ရက်သားတွင် အမှတ်စဉ်(၆) မှရေလောင်းနည်းအတိုင်း ရေလောင်းပါ။





အဆင့် (၁၁)      ၇-၁၀ ရက်သားအရွယ်တွင် ဆန်ကွဲစေ့သဏ္ဌာန် မှိုသန္ဓေခဲလေးများကို စမြင်ရပြီးနောက် နေ့စဉ် နေအေးသောအချိန်တွင် ပလတ်စတစ်ကို ၁၅ မိနစ်ခန့်လှပ် ပေးပါ။

အဆင့် (၁၂)      မှိုသန္ဓေများစမြင်ရပြီး ၄-၅ ရက်အတွင်းခူးဆွတ်နိုင်သောမှိုငုံကြီးများ အဆင့်သို့ ရောက်ရှိမည်။ (၃)ရက်ခန့်ဆက်တိုက်နှုတ်ယူပြီး ၃-၅ ပိဿာအထိ ထွက်နိုင်ပါသည်။

အဆင့် (၁၃)      ပထမအကြိမ်မှိုခူးပြီး အားကောင်းသည့် မှိုငုံမရှိတော့ပါကကျန်မှိုငုံအား လုံးကိုပါနှုတ်ပစ်ပြီးရေပြန်လောင်းလျှင် ဒုတိယတစ်ကြိမ် ၁-၂ ပိဿာအထိ မှိုထွက်နိုင်ပါသည်။

## မှိုစိုက်ခင်းနှင့် မှိုပွင့်များ





www.burmeseclassic.com

www.burmeseclassic.com



# မုန်ညင်းရွက်စိုက်ပျိုးနည်း

## နိဒါန်း

မြန်မာပြည်တွင် ဒေသမရွေး စိုက်ပျိုးနိုင်သည်။ အေးသောဒေသကို ပို၍နှစ်သက်သည်။ မုန်ညင်းရွက်ကို ကြော်၊ လော်၊ ချက်၊ ပြုတ် စားသုံးရာတွင် အခြားသောသားငါး၊ အသီးအရွက်တို့နှင့် ရော၍လည်းစားသုံးနိုင်သည်။ မုန်ညင်းချဉ်သည် မြန်မာလူမျိုးတို့ အထူးနှစ်သက်သော တို့စရာထဲတွင် ပါဝင်သည်။

## မြေပြုပြင်ခြင်း

မုန်ညင်းရွက်သည် မြေမရွေးသော်လည်း မြေဆီသြဇာ ပြည့်စုံမှုရှိရန် အထူးအရေးကြီးသည်။ မြေညံ့ပါက နောက်ချေး၊ မြေဆွေးများများ ထည့်ပေးရန်လိုသည်။ ရေမဝပ်သောမြေဖြစ်ပါက ပို၍သင့်တော်သည်။ မိုးနည်းသောအချိန်ကို ရွေးစိုက်နိုင်မှသာလျှင် ရောဂါကျခြင်းမှ ကာကွယ်နိုင်သည်။ မစိုက်ပျိုးမီ (၃-၄) ပတ်အလိုတွင် မြေပြုပြင်ရန်လိုသည်။ မြေမပြင်မီ နွားချေးနှင့် မြေဆွေးချပြီးမှ ထွန်ထယ် ဝင်သင့်သည်။ ရေဝပ်ပါက ဘောင်တင်၍ စိုက်သင့်သည်။

## မျိုးများ

မုန်ညင်းရွက်မျိုးများတွင် မုန်ညင်းဖြူမျိုးနှင့် မုန်ညင်းစိမ်းဟူ၍နှစ်မျိုးရှိသည်။ မုန်ညင်းဖြူမျိုးကို အချိုချက်စားသုံးကြပြီး မုန်ညင်းစိမ်းမျိုးများကိုအချဉ်တည်ခြင်း၊ ကျန်မဆိုင်၊ ဆွန်ထန်စသည်ဖြင့် ကြာရှည်ခံအောင် ပြုလုပ်၍စားသုံးကြသည်။

## စိုက်ပျိုးခြင်း

မုန်ညင်းကို မြန်မာပြည်တွင် မေလမှ ဒီဇင်ဘာလ အထိစိုက်ပျိုးနိုင်ပါသည်။ ပျိုးထောင် စိုက်ပါက အရွက်သေးမျိုးအတွက်ပင်ကြား၊ တန်းကြား (၆) လက်မ ထား၍စိုက်ပါ။ အရွက်ကြီး မျိုးအတွက်မူ (၁) ပေကွာအတန်းများတွင် တစ်ပင်နှင့် တစ်ပင် (၈)လက်မခြားစိုက်ရမည်။ အရွက်အရေအတွက် (၄-၅)ရွက်ရလာလျှင် ပျိုးပင်များကို





စိုက်ခင်းသို့ ရွှေ့စိုက်နိုင်သည်။ စိုက်ချိန်တွင် မြေအစိုဓါတ် လုံလောက်စွာ ရရှိနေရန် အရေးကြီးသည်။ စိုက်ခင်းတွင် တိုက်ရိုက်စိုက်ပျိုးပါက တစ်တန်းနှင့်တစ်တန်း (၁) ပေ ကွာသော စိုက်တန်းတွင် မျိုးစေ့ထူထူ ချပေးပြီး မြေပါးပါး (သို့) မြေဆွေးပါးပါးဖြင့် ဖုံးပေးပါ။ အပင်ပေါက်လာ၍ အရွက် (၂-၃) ရွက်ထွက်လာသော် တစ်ပင်နှင့်တစ်ပင် (၂-၃)လက်မ ခြားပြီး မှုန်းပေးရမည်။

## အပင်ပြုစုခြင်း

မုန်ညင်းစိုက်ပြီး အစောပိုင်းပေါင်းနှိမ်ထားရန် အရေးကြီးသည်။ မုန်ညင်းကြီးထွားစဉ် ကာလအတွင်း အစိုဓာတ်လုံလောက်မှုရှိစေရန် အထူးအရေးကြီးသည်။ ခြောက်သွေ့သောရာသီတွင် မြေအစိုဓာတ်ရှိနေစေရန် အပင်ခြေတွင်ကောက်ရိုးနှင့် မြက်ခြောက်တို့ဖြင့် အုပ်ထားပေးနိုင်သည်။ လိုအပ်ပါက ရေသွင်းရန်လိုပါသည်။

## ရိတ်သိမ်းခြင်း

စိုက်ပြီး (၂၅-၃၀) ရက်ကြာသော် မုန်ညင်းရွက်များကို စားသုံးနိုင်ပြီဖြစ်သည်။ ရောင်းတန်းအရွယ်ရောက်ပါက ကြပ်နေသောအပင်များကို နှုတ်၍လည်းကောင်း အပြင်ဘက်ဆုံး အရွယ်ကြီးသော အရွက်များကိုခူး၍လည်းကောင်း ရောင်းနိုင်သည်။ အပင်ဆက်လက်ကြီးထွားနိုင်ရန် အပင်ပေါ်၌ အရွက်လုံလောက်စွာ ချန်ထားရမည်။ မုန်ညင်းရွက်ရင့်လာပါက အချဉ်တည်ရန်အတွက် အသုံးပြုနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



## မုန်ညင်းရွက်နှင့် အပင်













# မုန်ညင်းထုပ်စိုက်ပျိုးနည်း

### နိဒါန်း

ရှမ်းပြည်နယ်တွင် အစိုက်များသည်။ အေးသောရာသီကို ကြိုက်နှစ်သက်သည်။တနှစ်ပါတ်လုံး မိုးအသင့်အတင့်ရွာသော ဒေသတွင် မုန်ညင်းထုပ်ကို တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်သည်။

### မြေပြုပြင်ခြင်း

ပျိုးထောင်စိုက်ရာတွင် (၂၅ × ၂. ၅)ပေရှိ ပျိုးဘောင် (၆)ဘောင် ပြုလုပ်ပါက တစ်ဧကအတွက် ပျိုးပင်လုံလောက်၏။ ပျိုးဘောင်ပေါ်တွင် (၁)လက်မ အနက်မြောင်းများကို (၄) လက်မခြား ဖေါ်ပေးရမည်။ မျိုးစေ့ (၁)အောင်စ (၂၈ ကီလိုဂရမ်)ကို ပျိုးထောင်လျှင် အပင် (၁၅၀၀ - ၂၀၀၀) ခန့်အထိရ၍ တဧကလျှင် မျိုးစေ့ (၂၀၀) ဂရမ်ခန့် ကုန်နိုင်သည်။

### စိုက်ပျိုးခြင်း

မုန်ညင်းထုပ်စိုက်ရာတွင် မျိုးစေ့မှ တိုက်ရိုက်စိုက်ပျိုးခြင်း ကပိုကောင်းသည်။ သင့်တော်သော ပင်ကြား၊ တန်းကြား အကွာအဝေးမှာ ( ၂. ၅ × ၁. ၈ )ပေဖြစ်သည်။ ရာသီဥတုပူပြင်းလျှင် အစေ့ချထားသောနေရာကို ကောက်ရိုးနှင့် ပါးပါးအုပ်ရမည်။ အပင်ပေါက်လာမှ ဖယ်ရှားပေးရမည်။ မျိုးစေ့နှုန်းမှာ တစ်ကျင်းတွင် (၅)စေ့နှုန်းစိုက်ပြီး မြေနှင့်ပါးပါးဖုံးပေးရမည်။

### အပင်ပြုစုခြင်း

အပင်လေးများ အရွက် (၃) ရွက် ရှိလာသောအချိန်တွင်၊ ပထမအကြိမ်အဖြစ် စိုက်ကျင်း တစ်ကျင်းတွင် (၃) ပင်ချန်၍ မှုန်းပါ။ အရွက်(၈)ရွက်တွင် ဒုတိယအကြိမ် (၂)ပင်ချန်၍ မှုန်းပါ။ စိုက်ပြီး (၂၅) ရက်ကြာတွင် ပေါင်းလိုက်မြေဆွပေးပါ။ မုန်ညင်းထုပ်သည် အစိုဓါတ် အမြဲရှိနေခြင်းကို ကြိုက်နှစ်သက်သော်လည်းရေဝပ်ခြင်းကို ကြောက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပိုးမွှားရောဂါများ အနေဖြင့် စိန်ကွက်ဖလံ နှင့် ပင်စည်ပုပ်ရောဂါများ ကျလေ့ရှိသည်။

### ရိတ်သိမ်းခြင်း


မုန်ညင်းထုပ်ကျစ်၍ မာလာလျှင်စတင်ရိတ်သိမ်းရမည်။ စိုက်ခင်းတွင် ကြာပါက အထုပ်ကွဲလာခြင်း၊ ပုပ်သွားခြင်း ဖြစ်တတ်သည်။ အထုပ်၏ အပြင်ဖက်ဆုံး အရောင်ပျက်နေသော အရွက်များကို ခွာပစ်ရမည်။ အထုပ်အကာအကွယ်ရစေရန်အတွက် အောက်အရွက် (၃)ရွက်ချန်၍ ခူးရမည်။

### မျိုးစေ့ထုတ်ယူခြင်း

ကောင်းမွန်သော အထုပ်များကို ခူးဆွတ်ရောင်းချပြီး၊ ကျန်သောအငုတ်များကို ရွှေ့ပြောင်းစိုက်ပျိုး၍မျိုးစေ့ ထုတ်နိုင်ပါသည်။ မျိုးစေ့ထုတ်မည့် မုန်ညင်းထုပ်သည် ပုံသဏ္ဌာန်မှန်၍ အထုပ်ကျစ်ပြီး၊ ရောဂါ အနာအဆာကင်းရမည်။

မုန်ညင်းထုပ်









# မြေထောက်ပဲစိုက်ပျိုးနည်း

### နိဒါန်း

မြေထောက်ပဲကို မြန်မာနိုင်ငံတွင် ဆောင်းရာသီသီးနှံအဖြစ် စိုက်ပျိုးလေ့ရှိပါသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်စိုက်ဧက(၈)သောင်းခန့် စိုက်ပျိုးပါသည်။ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် စိုက်ပျိုးပါသည်။

### အသုံးပြုပုံ

သီးတောင့်များနုစဉ်တွင် ဟင်းသီးဟင်းရွက်အဖြစ် ကြော်ချက်စားသုံးနိုင်ပါသည်။ သီးတောင့်နုများကို ဈေးကွက်တွင် ဘိုစားပဲကဲ့သို့ကားသုံးကြသည်။ သီးတောင့်များ ရင့်မှည့်ပြီး ခြောက်သွေ့ချိန် ရိတ်သိမ်းပါက အစေ့ခြောက်များကို ရေစိမ်ပြီးကြော်ချက် စားသုံးနိုင်ပါသည်။ ပဲမှုန့်ပြုလုပ်၍လည်း စားသုံးနိုင်ပါသည်။ မြေထောက်ပဲသည် အသားကြမ်းသဖြင့်အစေ့ကိုသာ အများစုစားသုံးကြသည်။



www.burmeseclassic.com

www.burmeseclassic.com

## မြေထောက်ပဲ၏အာဟာရဓာတ်တန်ဖိုး

| အဟာရဓာတ် | အစေ့ခြောက် | အစေ့နု | သီးတောင့် |
|---|---|---|---|
| အသားဓာတ် | ၂၂. ၃ဂရမ်/၁၀၀ဂရမ် | ၁၂. ၃ဂရမ်/၁၀၀ဂရမ် | ၂၀. ၁ဂရမ်/၁၀၀ဂရမ် |
| ကစီဓာတ် | ၆၁. ၂ ။ | ၃၃. ၅ ။ | ၆. ၈ ။ |
| အဆီ | ၁. ၅ ။ | ၀. ၆ ။ | ၁. ၀ ။ |
| ဗီတာမင်အေ(ယူနစ်) | ၃. ၀ ။ | ၁၀. ၆ ။ | ၁၈၀. ၀ ။ |
| ဘိုင်ယာမင် | ၀. ၁၅မီလီဂရမ်/ | ၀. ၃၀မီလီဂရမ်/ | ၀. ၀၇မီလီဂရမ်/ |
| | ၁၀၀ဂရမ် | ၁၀၀ဂရမ် | ၁၀၀ဂရမ် |
| ရိုင်ဘိုဖလေးဗင် | ၀. ၂၀ ။ | ၀. ၁၇ ။ | ၀. ၁၀ ။ |
| ဗိုင်ယာဆင် | ၂. ၂ ။ | ၁. ၇ ။ | ၀. ၇ ။ |
| ဗိုက်တာမင် | | ၈. ၀ ။ | ၁. ၅ ။ |
| ကယ်ဆီယမ် | ၄၀. ၀ ။ | ၁၂၅. ၀ ။ | ၃၈. ၀ ။ |
| သံဓာတ် | ၇. ၉ ။ | ၁. ၁ ။ | ၀. ၈ ။ |

## ရာသီဥတု

ပူနွေးသည့် ရာသီဥတုကို ကြိုက်နှစ်သက်သည်။ သို့သော် အပူချိန်မြင့်လွန်းက အသီးတင်မှုကို ထိခိုက်နိုင်ပါသည်။ ပင်လယ်မျက်နှာပြင်မှ မီတာ(၂၅၀၀)ထိ စိုက်ပျိုးနိုင်ပါသည်။ မြန်မာနိုင်ငံတွင် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးသဖြင့် မြေတွင်း အစိုဓာတ်ပြည့်မီရန် အရေးကြီးပါသည်။

## မြေအမျိုးအစား

အစိုဓာတ်ထိန်းသိမ်းနိုင်ပြီး လေဝင်လေထွက်ကောင်းသောမြေဖြစ်ရပါမည်။ မြေချဉ်လွန်းခြင်း၊ ငန်လွန်းခြင်းကို မကြိုက်ပါ။





## မြေပြုပြင်ခြင်း

ထယ်(၁)စပ်ထိုးပြီး စိုက်ထယ်ရေးရသည့်အထိ ထွန်(၂)စပ်ခန့်မွှေပြီး ကြမ်းရိုက် မြေညှိပါ။

## စိုက်ပျိုးခြင်း

မြေထောက်ပဲတွင် ပင်ထောင်မျိုးနှင့် နွယ်ပင်မျိုး (၂)မျိုးရှိပါသည်။ နွယ်ပင်မျိုး စိုက်ပါက နွယ်တက်ရန် စိုက်ကျင်းဘေးတွင် ဝါး(သို့မဟုတ်) သစ်ကိုင်းဖြင့် စိုက်ပျိုးရပါမည်။ မျိုးစေ့အနက်(၁-၂)လက်မထက် မပိုသင့်ပါ။စိုက်ပျိုးသည့်မျိုးကိုလိုက်၍ ပင်ကြား (၇-၁၆)လက်မအထိ စိုက်ပျိုးကြပါသည်။

## အပင်ပြုစုခြင်း

ပန်းပွင့်ချိန်ထိပေါင်းမြက်ကင်းအောင်ဂရုစိုက်ပါ။ မှည့်ခြောက်စွန်းရောဂါ၊ သံချေးမှိုရောဂါနှင့် အင်းဆက်ပိုးများ ကျရောက်ဖျက်ဆီးလေ့ရှိသဖြင့် အချိန်မီ ကာကွယ်ရန် လိုအပ်ပါသည်။

## ခူးဆွတ်ခြင်း


ဘိုစားပဲအဖြစ် အသီးများကို ဆွတ်ခူးရောင်းချလိုပါက သီးတောင့်အစိုအတွင်း အစေ့ပြည့်ဝစွာမကြီးမီ အလီလီဆွတ်ခူးရောင်းချနိုင်ပါသည်။ အစေ့ခြောက်အဖြစ် စိုက်ပျိုးပါက (၉၀%)သီးတောင့်များ အရောင်ပြောင်း ရင့်မှည့်ချိန်တွင် တစ်ပြိုင်တည်း ရိတ်သိမ်းပါ။ ရိတ်သိမ်းချိန်နောက်ကျပါက သီးတောင့်များကွဲပြီး အထွက်ဆုံးရှုံးနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



မြေထောက်ပဲပင်







# မုန်လာဥဝါ (ခါကျက်ဥ) စိုက်ပျိုးနည်း

## နိဒါန်း

မြန်မာနိုင်ငံ၌ ရာသီဥတုအေးသော တောင်ပေါ်ဒေသတွင် ကောင်းစွာဖြစ်ထွန်းပါသည်။ ဥကြီးထွားချိန်တွင် အပူရှိန်လွန်ကဲပြီး ရုတ်တရက် မိုးသည်းထန်စွာရွာပါက ဥတွင်အက်ကွဲရာများ ပေါ်ပေါက်တတ်ပါသည်။ အပင်ပေါက်နိုင်ရန် အကောင်းဆုံးအပူချိန်မှာ (၆၀ - ၇၀)ဒီဂရီဖာရင်ဟိုက်ဖြစ်ပါသည်။ အပူချိန်များသောအချိန်စိုက်ပါက ဥအရွယ်ပုတိုပြီး အရည်ရွှမ်းခြင်းမရှိပါ။ အစိုဓါတ်လွန်ကဲသော မြေတွင်စိုက်ပါက ဥများပုတ်သွားတတ်ပါသည်။

## မြေပြုပြင်ခြင်း

သဲနုံးမြေသည် ခါကျက်ဥစိုက်ရန်အသင့်တော်ဆုံးဖြစ်သည်။ အဓိကအရေးကြီးသည်မှာ မြေပြင်ရာတွင် မြေသားထူထူနှင့် မွနေစေရမည်။ ထယ် (၁) စပ်၊ ထွန်(၂)စပ်နှင့် ထယ်ရေးနက်နက် မြေပြင်ရပါမည်။

## စိုက်ပျိုးခြင်း

စိုက်ဘောင်ပေါ်တွင် (၁) ပေအကွာ ကြောင်းများဆွဲ၍ မုံလာဥနီမျိုးစေ့များကို ကြွက်မြီး တန်းချပေးရမည်။ မြေဖုံးပြီးလျှင်ပြီးချင်း ကောက်ရိုးများဖြင့် ဖုံးအုပ်ပေးရမည်။ အပင်ပေါက်သည်နှင့် ဖုံးထားသော ကောက်ရိုးများကို ဖယ်ပေးရမည်။ ခါကျက်ဥကို တိုက်ရိုက်စိုက်ပျိုးရသည်။ ရွှေ့ပြောင်းစိုက်ပါက အမြစ်ခွပြီးရောင်းတန်းမဝင်ပါ။

## မျိုးစေ့နှုန်း

တစ်ဧကလျှင် (၁. ၃၅)ကီလိုဂရမ်နှုန်းသုံးသင့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

### မြေသြဇာထည့်သွင်းခြင်း

မြေပြင်ချိန်တွင်နွားချေး၊မြေဆွေး(၅)တန်ခန့် ထည့်ပေးပြီး၊အပင်(၄၅)ရက်သားတွင် ဥကြီးထွားချိန် ဖြစ်သောကြောင့် ပဲဖတ်၊ သစ်ရွက်ဆွေး၊ မြက်တို့၏ ပြာများကို ထည့်ပေးသင့်သည်။

### အပင်ပြုစုခြင်း

အပင်အမြင့် (၃) လက်မရှိချိန်တွင် စိုက်တန်းအတွင်းမှ ပင်ကြပ်များကို ပထမအကြိမ် နှုတ်ရမည်။ အပင်အမြင့် (၅)လက်မရှိချိန်တွင် ဒုတိယအကြိမ်အဖြစ် တပင်နှင့်တပင် (၄)လက်မ အကွာအဝေးရအောင် အပင်မှုံးပေးသင့်သည်။

### နှုတ်ယူခြင်း

ခါကျက်ဥကို စိုက်ပြီးရက်ပေါင်း ၅၅ မှ ၈၀ အကြာတွင်စတင်နှုတ်ယူနိုင်သည်။ တစ်ဧကအထွက်နှုန်းမှာ မျိုးကိုလိုက်၍ ဥ ( ၃၀၀၀၀- ၄၀၀၀၀ )အထိ ထွက်ရှိနိုင်သည်။

### မျိုးစေ့ထုတ်ယူခြင်း

နှုတ်ထားသောဥများထဲမှ ကောင်းစွာရင့်သည့်ပုံသဏ္ဍာန်မှန်သော ဥများကို ရွေးချယ်၍မြေသြဇာကောင်းမွန်ပြီး ရေရရှိနိုင်သောနေရာတွင်စိုက်ရမည်။ စိုက်ရန်ရွေးချယ်ထားသော ဥများ၏ အရွက်ကို ဥထိပ်မှ နှစ်လက်မခန့်ချန်ပြီးဖြတ်ပြစ်ပါ။ ထို့နောက် ဥကိုတစ်လက်မခန့်ဖေါ်၍ တစ်ပင်နှင့်တစ်ပင် (၁)ပေ ခြားစိုက်ပါ။ အပွင့်ပွင့်ပြီးနောက် အစေ့များစတင် ခြောက်လာလျှင် အောက်ခြေမှ ရိတ်ပြီးနေလှန်း၊ အခြောက်ခံ၍ခြွေလှေ့ပါ။ ပြီးလျှင် မျိုးစေ့များကို လေလုံသော ပုလင်းတွင်သိမ်းဆည်းပါ။





## မုံလာဥဝါ ( ခါကျက်ဥ )






www.burmeseclassic.com

www.burmeseclassic.com



# မုန်လာဥဖြူစိုက်ပျိုးနည်း

## နိဒါန်း

ယေဘူယျအားဖြင့် အအေးကြိုက်ပင်ဖြစ်သော်လည်း အပူဒဏ်ခံနိုင်သော မျိုးများ ပေါ်ထွန်းပြီးဖြစ်၍ တစ်နှစ်မိုးရေချိန်ပျမ်းမျှ (၅၅)လက်မထက်နည်းပါက ရေသွင်းစိုက်ပျိုးရမည်။ အပူချိန် မသင့်လျော်ပါက ဥသေးခြင်း၊ အမျှင်များခြင်း၊ ပုံသဏ္ဍာန်မမှန်ခြင်းနှင့်အနံ့ပြင်းခြင်းတို့ဖြစ်နိုင်သည်။

## မြေပြုပြင်ခြင်း

ဥအတွက်စိုက်ပျိုးသောအပင်မျိုးဖြစ်သဖြင့် မြေကြီးနက်နက်အထိ မြေသားပွရန် လိုအပ်ပါသည်။ မြေဩဇာထက်သန်မှုကို ကြိုက်နှစ်သက်ပြီး အသင့်တော်ဆုံးမှာ သဲနုန်းမြေ ဖြစ်ပါသည်။ မြေချဉ်ငံဓာတ် (၆-၇)တွင် ဖြစ်ထွန်းသည်။ စိုက်ခင်း မြေဘောင်ပြုပြင်ရာတွင် အလျားကို သင့်သလိုထားပြီး၊ ဘောင်အနံ(၃-၄)ပေ၊ အမြင့် (၈)လက်မရှိသင့်ပါသည်။ ဘောင်ဖော်ပြီး မြေဆွေး၊ နွားချေးထည့်၍ တစ်ညီတည်းဖြစ်စေရန် ဘောင်မျက်နှာပြင်ကိုညှိပေးရမည်။

## မျိုးရွေးချယ်ခြင်း

စိုက်ပျိုးပြီး (၂၀-၃၀)ရက်အကြာ နုတ်သိမ်းနိုင်သော သက်လျင်မျိုး၊ (၃၅-၄၅)အကြာ နုတ်သိမ်းနိုင်သောသက်လတ်မျိုးနှင့် (၅၀-၆၀)ရက်အကြာ နုတ်သိမ်းနိုင်သောသက်ကြီးမျိုးဟူ(၃)မျိုးရှိသည်။ တစ်ဧကမျိုးစေ့(၃. ၆)ကီလိုခန့်လိုအပ်ပါသည်။

## စိုက်ပျိုးခြင်း

မြေပြုပြင်ပြီး ဘောင်ကိုရေဝအောင်လောင်းပြီး မျိုးစေ့ချရန် လက်မဝက်အနက်ရှိမြောင်းများဖော်ရမည်။ ပင်ကြား၊ တန်းကြား (၄-၆လက်မ×၂ ပေ)ခန့် ထားရသည်။ တစ်ကျင်းလျှင် မျိုးစေ့(၃-၄)စေ့ချပြီး မြေပါးပါး ဖုံးပေးရပါသည်။ ဤကဲ့သို့ ဖုံးပေးခြင်းဖြင့် မိုးပေါက်မှန်ခြင်း၊ နေရာမှ လွင့်စင်ခြင်းတို့မှ ကာကွယ်ပေးပါသည်။





စိုက်ပြီး (၄) ရက်ခန့်အကြာတွင် အပင်ငယ်များ စတင်ပေါက်လာသည်။ စိုက်ပျိုးပြီး (၁၀-၁၂)ရက်ခန့်တွင်ပေါင်းရှင်းပေးရမည်။ စိုက်ကျင်းတစ်ကျင်းလျှင် အသန်ဆုံး တစ်ပင်သာ ချန်ခဲ့ပြီး ကျန်အပင်များကို နုတ်ပစ်ရပါသည်။ အပင်ငယ်စဉ် ရေဝပ်ခံရပါက ဆက်လက်မကြီးထွားတော့ဘဲ အရွက်များဝါလာပြီး ခါးရှိ၍သေတတ်ပါသည်။ အပင်ငယ်စဉ်အခါတွင် သည်းထန်စွာရွာသော မိုးဒဏ်မှကာကွယ်နိုင်ရန် အလွယ်တကူ တင်ချနိုင်သည့်အမိုး ပြုလုပ်ပေးသင့်သည်။ တစ်ဧကလျှင် နွားချေး၊ မြေဆွေး(၁၀)တန်ခန့် ထည့်ပေးပြီး မြေပြင်စဉ်တီစူပါ(၁)အိတ် ထည့်ပေးရမည်။ ယူရီးယား(၁)အိတ်ကို အရစ်ကျခွဲ၍ (၁၀-၁၅)ရက်တစ်ကြိမ်ကျွေးပါ။

## အပင်ပြုစုခြင်း

စိုက်ပျိုးပြီး (၁၀-၁၂)ရက်သားတွင် ပေါင်းမြက်နှိမ်နင်းပါ။ မြေအခြေအနေပေါ် မူတည်၍ ရေသွင်းမည်ဆိုပါက (၂)ရက်ခြားသွင်းပါ။ ရွက်စားပိုး၊ လိပ်ခုံးကျိုင်း၊ ပျပိုးများ ကျရောက်တတ်သည်။ ပင်ညှိုးရောဂါ ကျရောက်တတ်သဖြင့် ကျရောက်တတ်သော ပိုးနှင့် မှိုရောဂါများကို ထိသေနှင့်စားသေပိုးသတ်ဆေး၊ မှိုသတ်ဆေးများဖြင့် ပက်ဖျန်း ကာကွယ်နိုင်သည်။

## ရိတ်သိမ်းခြင်း

မျိုးကိုလိုက်၍ စိုက်ပျိုးပြီး (၃၀)ရက်ခန့်အကြာတွင်နုတ်သိမ်းနိုင်သည်။ နုတ်သိမ်းချိန်တွင် မြေတွင်း အစိုဓါတ်ရှိရန်လိုအပ်ပါသည်။ အရွက်နှင့်အတူ နုတ်သိမ်းရာ၌ ဥမကျိုးစေရန် ဂရုစိုက်ရပါမည်။ အချိန်မီမနုတ်သိမ်းပါက ဥကွဲခြင်း၊ ဥချောင်ခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ အမျိုးအစားလိုက်၍ တစ်ဧကလျှင် ဥ(၆၀၀၀၀) ထွက်နိုင်သည်။

## မျိုးစေ့ထုတ်ခြင်း

(က) ဥမှမျိုးစေ့ထုတ်ခြင်း

အရွယ်ရောက်ပြီး မုန်လာဥထဲမှ မိမိကြိုက်သော ဥကိုရွေးပြီး အောက်ပိုင်းတစ်ဝက်ကို ခါးထက်ထက်ဖြင့်ဖြတ်ပါ။ အပေါ်အရွက်များကို (၃-၄) လက်မခန့်သာထားပြီး အပေါ်ပိုင်းကို ဖြတ်တောက်ပစ်ရန်နှင့် ဖြတ်ပြီး ဥကို စွတ်စိုပြီး လေဝင်လေထွက် ကောင်းသောအခန်းထဲတွင် အပင်မာလာစေရန် ၁ရက်ဝက်ခန့်လေသလပ်ထားပေး ရန်လိုသည်။ ၎င်းဥကိုတစ်ပင်နှင့် တစ်ပင်(၆)လက်မ



www.burmeseclassic.com

www.burmeseclassic.com



ခြား အရွက်နှင့်ဥ ဆက်စပ်နေသည့်နေရာကို မြေထဲသို့ တစ်လက်မခန့်မြုပ်၍ စိုက်ရပါသည်။ ထိုစိုက်၍ရသောအပင်မှမျိုးစေ့ ထုတ်ယူနိုင်သည်။

(ခ) မျိုးစေ့မှမျိုးစေ့ထုတ်ခြင်း

ဤနည်းသည် ဥမှမျိုးစေ့ထုတ်ရခြင်းထက်လွယ်ပြီး စရိတ်သက်သာသည်။ အစေ့မှ စိုက်ပျိုးသည့် မုန်လာဥများအရွယ်ရောက်သော် တစ်ပင်နှင့်တစ်ပင် ( ၈-၁၂ )လက်မ ခြားပြီး ပိုသောအပင်များနုတ်ပါ။ အကယ်၍ဥထိပ်ပိုင်း မြေတွင်မြုပ်နေပါက မြေကိုလက်ဖြင့်ယက်၍ ဥ၏အရွယ်အစားနှင့် ပုံသဏ္ဌာန်ကို လေ့လာပြီး မလိုလားအပ်သော အပင်များကို နုတ်ဖယ်ရမည်။ အပင်ကောင်းများမှ မျိုးစေ့ရယူနိုင်သည်။

မုန်လာဥဖြူ







# ရုံးပတီစိုက်ပျိုးနည်း

## နိဒါန်း

ရုံးပတီသီးကို အဓိကအားဖြင့် ဟင်းချက်ရာတွင်လည်းကောင်း၊ အတို့အမြုပ် အစိမ်းစားအဖြစ်လည်းကောင်း အသုံးပြုကြသည်။ ရုံးပတီပင်စည်မှ လျှော်မျှင်ထုတ်လုပ်ကြသည်။ ရုံးပတီသည် ပူနွေးသောရာသီဥတုကို ကြိုက်နှစ်သက်သည့် သီးနှံဖြစ်သည်။

## မျိုး

အပင်အနိမ့်အမြင့်၊ အသီးပုံသဏ္ဌာန်တို့ပေါ် မူတည်ပြီး အမျိုးမျိုးကွဲပြားသည်။ ပင်မြင့်မျိုး၊ ပင်လတ်မျိုး၊ ပင်ပုမျိုးနှင့်အသီးတွင်မြောင်းပါမျိုး၊အသီးချောမျိုး ၊ဆူးပါမျိုး၊ အသီးစိမ်း၊ အသီးနီစသည်ဖြင့် ကွာခြားမှုရှိသည်။

ဒေသမျိုးများကိုဒေသအလိုက်နာမည်အမျိုးမျိုးတပ်ခေါ် လေ့ရှိပြီးအရောင်အားဖြင့် အဖြူရောင် (စိမ်းဖျော့)၊ စိမ်းရင့်နှင့်အနီရောင်(ခရမ်း)ရှိသည်။ ရန်ကုန်ဈေးကွက်တွင် ဆင်စွယ်(အဖြူရောင်အရှည်သီး)၊ ကျောက်စိမ်းနှင့် မန္တလေး(ပုသိမ်ကြီး)ဈေးကွက်တွင် ကျောက်စိမ်းတို့မှာ ထင်ရှားသည်။ အာရှမျိုး(အဖြူရောင်၊ အစိမ်းရောင်) အသီးတောင့်အရှည်(၆)လက်မခန့်ကို ပိုမိုနှစ်သက်ကြပြီး အမေရိကန်မျိုး (အသီးအနီရောင်) အမြောင်းမပါသောမျိုးများမှာတောင်ပေါ် ဒေသများတွင် ပိုမိုဖြစ်ထွန်း၍ အသီးနူးညံ့သည်။ မြေပြန့်တွင် အသီးကြမ်းတမ်း၍ ရင့်သဖြင့် လူကြိုက်နည်းသည်။

## မျိုးစေ့နှုန်း

တိုက်ရိုက်အစေ့ချစနစ်ဖြင့် စိုက်ပျိုးပြီး တစ်ဧကလျှင် မျိုးစေ့ (၅-၆)ကီလိုဂရမ် လိုအပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## မြေပြုပြင်ခြင်း

ရုံးပတီသည်အသင့်အတင့်ကောင်းသောမြေတွင်ဖြစ်ထွန်းသည်။ ဖွယ်သော မြေကို ပိုမိုနှစ်သက်သည်။ မြေချဉ်ငံဓါတ် (၆ - ၆. ၈)အတွင်း စိုက်ပျိုးနိုင်သည်။ မြေပြုပြင်ချိန်တွင်တစ်ဧက နွားချေး (၁၀) တန်နှုန်းချပေးပါ။ ထွန်ထယ်တို့ဖြင့် ထွန်ရေးညက်အောင်မွှေပြီး ကြမ်းတုံးရိုက်၍ စိုက်ကြောင်း ဖေါ်ပေးပါ။ မိုးရာသီတွင် ဘောင်ဖြင့် စိုက်ပါ။ တစ်ဧကအတွက် ဓါတ်မြေသြဇာနှုန်းမှာ ယူရီးယား (၁)အိတ်၊ တီစူပါ (၁)အိတ်၊ ပိုတက်ရှ် (၁)အိတ် သုံးစွဲပါ။

## စိုက်ပျိုးခြင်း

ရုံးပတီစေ့ကို မစိုက်ပျိုးမီ (၁၂)နာရီခန့်ရေစိမ်ပေးပါ။ ရေပေါ်တွင်ပေါ်နေသော အစေ့များကို ဖယ်ရှားပစ်ရမည်။ စိုက်ချိန်ရာသီပေါ်မူတည်၍ ပင်ကြား၊ တန်းကြား ( ၃ x ၁ )ပေ ထား၍စိုက်သည်။ တစ်ဧကအပင်ဦးရေ (၁၀၀၀၀-၁၄၀၀၀) ရရှိအောင်စိုက်ပျိုးပါ။

## အပင်ပြုစုခြင်း

ရုံးပတီတွင် ဗိုင်းရပ်ရောဂါကျရောက်လေ့ရှိသဖြင့် အပင်ငယ်စဉ်ကပင် ပေါင်းကင်းစင်ရမည်။ ရုံးပတီသည်ရေငတ်ဒဏ်ကို အသင့်အတင့်ခံနိုင်ရည်ရှိသော်လည်း အစိုဓါတ် ထိန်းသိမ်းနိုင်အား ကောင်းသောမြေတွင်စိုက်လျှင် အထွက်နှုန်းပိုကောင်း စေပါသည်။ ရုံးပတီကိုအလွန်ပူပြင်းသောရာသီတွင် ရေသွင်းပေးရန် လိုအပ်ပါသည်။အဓိကကျရောက်သောပိုးမွှားများမှာ သီးလုံးဖေါက်ပိုး၊ ပျပိုးများဖြစ်၍ ထိသေနှင့် ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးများဖြင့် ပက်ဖျန်းကာကွယ်ပါ။

## ဆွတ်ခူးခြင်း

ရုံးပတီသီးစားသုံးရန် အကောင်းဆုံးအဆင့်မှာ ပန်းပွင့်ပြီး(၆-၇)ရက်သားဖြစ်၍ တစ်ပတ်ကြာလျှင် ဆွတ်ခူးပေးရမည်။ နောက်(၂)ရက်ခြားတစ်ကြိမ် ဆွတ်ခူးပါ။ ရာသီပူပြင်းက အရင့်မြန်သောကြောင့် နေ့စဉ် ဆွတ်ခူးပေးရန် လိုအပ်ပါသည်။ တစ်ဧကစိုက်ပျိုးပါက ပိဿာ(၁၀၀၀-၃၀၀၀) ထိရရှိပါသည်။






## မျိုးစေ့ထုတ်ယူခြင်း

ရုံးပတီမျိုးစေ့ထုတ်စိုက်ခင်းသည် အခြားသောရုံးပတီမျိုး စိုက်ခင်းနှင့် အနည်းဆုံးပေ(၁၀၀၀)ကွာဝေးရပါမည်။ အပင်သန်စွမ်း၍ မျိုးလက္ခဏာမှန်ကန်သည့် ရောဂါကင်းသော ပျိုးပင်များကို ရွေးချယ်ရပါမည်။ တစ်ပင်လျှင် အသီး(၁၀-၁၅) တောင့်ခန့်သာချန်ပြီး ထိပ်ညွန့်ပိုင်းကိုဖြတ်ပေးရမည်။ ထိုမျိုးပင်များမှပန်းပွင့်ပြီး (၄၅-၅၀)ရက်အကြာ ရင့်မှည့်သောမျိုးတောင့်များမှ မျိုးစေ့ထုတ်ယူအခြောက်ခံ သန့်စင်ခြင်း ပြုလုပ်ရပါမည်။

အစေ့များတွင် ပိုးပါလာပါက သိုလှောင်ရာတွင် ကျန်အစေ့များကိုပါဖျက်ဆီးတတ်၍ အစေ့လူးနယ်ဆေးတစ်မျိုးမျိုးနှင့် ရောမွှေပြီးလေလုံစွာ သိမ်းဆည်းပါ။

ရုံးပတီပင်





www.burmeseclassic.com

www.burmeseclassic.com



# သခွားစိုက်ပျိုးနည်း

## နိဒါန်း

အစိမ်းစားနှင့် အမှည့်စားဟူ၍ ခွဲခြားနိုင်ပြီး ဒေသမျိုးများသည် အရွယ်အစား ပိုမိုကြီးမားပြီး မိုးတွင် စင်တင်စိုက်ပျိုးပြီး ဆောင်းတွင် မြေလွတ်စိုက်ပျိုးကြသည်။ အစိမ်းစားမျိုးကိုအတို့၊ အမြုပ်အဖြစ်စားသုံးကြပြီး အမှည့်စားမျိုးကိုသုတ်စားခြင်း၊ ဟင်းချက်ခြင်း ပြုလုပ်လေ့ရှိသည်။

## မျိုး

ရာသီကိုလိုက်၍ မိုးသခွား၊ ဆောင်းသခွား ခွဲခြားနိုင်ပါသည်။ မိုးသခွားသည် ပင်မအပြင် ဘေးကိုင်းမှလည်း အသီးထွက် များပါသည်။ အလုံးကြီးမျိုးများဖြစ်သည်။ ဆောင်းသခွားသည် အမြစ်ဆင်းအား ကောင်းသည်။ ရေငတ်ဒဏ်ကိုခံနိုင်သည်။ ပင်စည် မပေါ်တွင် သီးအားပိုများပြီးအေး၍ ခြောက်သွေ့ဒဏ်ခံနိုင်သည်။ ဆောင်းသခွားများသည် အလုံးသေးမျိုးများဖြစ်ပြီး နေ့တာတိုရှည်ကို ခံနိုင်၍ အသီးတင်နိုင်သည်။ စပ်မျိုးများမှာ ရာသီဥတု၊ မြေနှင့် အခြားသီးပွင့်မှုကို မူတည်၍ အမျိုးမျိုး ရှိနိုင်သည်။

တစ်ပိုင်တစ်နိုင် စိုက်ပျိုးရန်အတွက် ဒေသမျိုးများကို ရောဂါဒဏ် ရာသီဥတုဒဏ် ခံနိုင်သည့်အပြင် စင်တင်စိုက်ပျိုးထားပါက ခူးဆွတ်ချိန်ကာလ ကြာကြာခူးရ၍ စိုက်သင့်ပါသည်။

စီးပွားဖြစ်တိုင်ထောင်၍ ဧကလိုက်စိုက်မည်ဆိုပါက ရောဂါဒဏ်ခံနိုင်သော ဒေသ ခေါင်းစိမ်းမျိုးကို စိုက်သင့်သည်။ လေယာဉ်ပျံတံဆိပ်-၁ရ၉၊ ထိုင်းသံလွင် စသည့် စပ်မျိုးသခွားများ စိုက်ပျိုးအောင်မြင်နေကြပြီး ရောဂါဒဏ် (ခေါင်းနီး၊ အစေးထွက်၊ အရွက်ခြောက်)ခံနိုင်ရည်ရှိသော မျိုးကိုသာ စိုက်သင့်သည်။





## ရွှေ့ပြောင်းစိုက်ခြင်းနှင့်အပင်အကွာအဝေး

ဒေသမျိုးများကို တိုက်ရိုက်အစေ့ချပြီး စိုက်လေ့ရှိသည်။ အစေ့ကို မြေပါးပါးသာ ဖုံးသင့်ပြီး အစေ့ကိုအညှောင့်ဖောက်၍ချသင့်သည်။ အစေ့ချပြီးပြီးချင်း ရေဝအောင် လောင်းပေးရန်လိုပါသည်။ အလုံးကြီးများကိုကျင်းစိုက်နှင့်စင်တင်စိုက်စနစ်များဖြင့် တစ်ပင်နှင့် တစ်ပင်(၁-၃)ပေ တစ်တန်းနှင့်တစ်တန်း(၅-၇)ပေခွာ၍စိုက်ပါ။ တိုင်ထောင်မျိုး အလုံးလတ်၊သေး၊ နိုင်ငံခြားစပ်မျိုးများကို (၄-၅)လက်မ ပျိုးအိတ်ဖြင့်ပျိုးထောင်၍ (၁၂)ရက်သားတွင် စိုက်ခင်းသို့ရွှေ့စိုက်ပါ။ တစ်ပင်နှင့်တစ်ပင် (၁ - ၁. ၅) ပေ၊ တစ်တန်းနှင့် တစ်တန်း (၄)ပေခွာ၍ စိုက်ရမည်ဖြစ်ပြီး (၁)ဧကလျှင် အပင်ဦးရေ (၆၀၀၀ - ၁၀၀၀၀)ခန့် ရရှိအောင်စိုက်ပျိုးပါ။

## မြေဩဇာထည့်သွင်းခြင်း

ဒေသသက်ကြီးများကို အပင်ကျဲကျဲစိုက်ပျိုးပြီး သဘာဝ မြေဩဇာတစ်မျိုးတည်းကိုသာ သုံးကြသည်။ ဓါတ်မြေဩဇာများကို တွဲဖက်သုံးခြင်းဖြင့်သီးထွက်အား ပိုကောင်းလာနိုင်သဖြင့် ပို၍ကြာကြာ ခူးဆွတ်နိုင်ပါသည်။

သက်တမ်းပိုငယ်သော စပ်မျိုးသခွား၊ ချဉ်ဖတ်သခွား၊ ခေါင်းစိမ်းသခွား၊ မိုးသခွား၊ ဆောင်း သခွားများကို စီးပွားဖြစ်စိုက်ပျိုးပါက ယူရီးယား (၃)အိတ်မှ(၄)အိတ်၊ တီစူပါ (၄)အိတ်၊ ပိုတက်ရှ် (၄)အိတ်သုံးစွဲရန်လိုအပ်ပါသည်။

## အပင်ပြုစုခြင်း

သခွားစိုက်ပြီး (၁၅)ရက်မှ (၂၀) ရက်အတွင်း၊ ပေါင်းတစ်ကြိမ် လိုက်ပေးရပါမည်။ သက်တမ်းတလျှောက်အခြေအနေအရ (၂ )ကြိမ်၊ (၃)ကြိမ် ပေါင်းလိုက်ပေးရပါမည်။ အပင်ကလေးများခါးကြွပ်နေပါက အပင်ခြေရင်းကို မြေဆွ၍မြေတောင်မြှောက်ပေးပါ။ စိုက်ချိန်တွင်ရေကောင်းစွာလောင်းပေးရမည်ဖြစ်ပြီး ဆောင်းစိုက်တွင် ရေပိုမိုလိုအပ်၍ အသီးဖြိုင်ဖြိုင်သီးချိန်တွင် ရေကို အနည်းဆုံး တစ်ပတ်တစ်ကြိမ် သွင်းပေးရပါမည်။ တိုင်ထောင်စိုက်ပျိုးပါက အညွန့်များကို ဆက်တိုက်ချည်ပေးရပါမည်။ အပင်ငယ်စဉ်တွင် ကျိုင်းများစားသောက်ဖျက်ဆီးတတ်၍ ထိသေပိုးသတ်ဆေးများဖြင့် နှိမ်နင်းပါ။ ပျ၊ ယင်ဖြူ၊ လေ့းကဲ့သို့ စုပ်စားပိုးများကို အထူးသတိထား ကာကွယ်ရပါမည်။ ခေါင်းနီးရွက်ခြောက်၊ အစေးထွက်ရွက်ခြောက်၊ ရောဂါများ ကျရောက်တတ်၍ မှိုသတ်ဆေးများဖြင့် ပက်ဖျန်း ကာကွယ်ပါ။ ဒေသမျိုးများသည် ရောဂါဒဏ်ကို၍ခံနိုင်ရည်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဆွတ်ခူးခြင်း

သခွားသီးသက်လျင်မျိုးများတွင်(၄၀-၄၅)ရက်မှစ၍ ခူးဆွတ်နိုင်သည်။ ဈေးကွက်လိုအပ်မှုပေါ် မူတည်၍အသီးအရွယ်အစားအမျိုးမျိုးထား၍ခူးဆွတ်ပါ။

## မျိုးစေ့ထုတ်ခြင်း


ဒေသမျိုးများမှသာမျိုးစေ့ထုတ်ယူပါ။

- မျိုးစေ့ထုတ်ခြင်းအတွက် မိခင်ပင်စည် အဆစ်နံပါတ် (၈-၁၅)ဆစ်မှ မျိုးသီးယူပါ။
- ရောဂါပိုးမွှားကင်း၍ ပန်းပွင့်ပြီး (၃၅-၄၀)ရက်သားရှိ ပြည့်ဝစွာ ရင့်မှည့်သော အသီးကိုခူး၍ အရိပ်အောက်တွင် အသီးဖောက်ထိုး ထောင်ထားပြီး တစ်ပတ်ခန့် သိမ်းဆည်းထားပါ။
- အစေ့ရှိသောအပျော့ပိုင်းကို ခွဲထုတ်၍အစေ့ထုတ်ယူပြီး အခွံနှင့်အတူ (၂၄ )နာရီ (၁)ရက်၊ အချဉ်ဖေါက်ခံထားရမည်။ ထို့နောက် အခွံပြောင်အောင် ဇကာဖြင့် ဖြေးဖြေးတိုက်ပြီး ရေပြောင်အောင်ဆေးပါ။
- ဆေးပြီး(၄၅)မိနစ်အတွင်း နေရောင်အောက်တွင် နေ့ဝက်ခန့် ရေခြောက်အောင်လှန်း၍ အရိပ်တွင် (၂)ရက် လေသလပ်ခံ အခြောက်လှန်းပါ။ အခြောက်လှန်းစဉ် လက်သန့်သန့်ဖြင့်မွှေပေးပါ။
- ခြောက်သွေ့သောအစေ့ကို ပုလင်း၊ သံပုံးများတွင်ထည့်၍လေလုံအောင် အဖုံးပိတ်ပါ။ ထိုသို့သိမ်းဆည်းရာတွင် ထုံးကျောက်မှုန့်ကို အိတ်နှင့် ချုပ်၍ အစိုဓါတ်ထိန်းရန် ထည့်ပေးပါ။





### သခွားသီးနှင့် အပင်




www.burmeseclassic.com

www.burmeseclassic.com

# ဟင်းနုနွယ်စိုက်ပျိုးနည်း

## နိဒါန်း

ဟင်းနုနွယ်သည် စိုက်ပျိုးရန်လွယ်ကူ၍အကြမ်းခံသော ဟင်းရွက်ဖြစ်ပြီး၊ အလွန် အကြီးမြန်သော ဗီတာမင်အေနှင့် သံဓာတ်ကြွယ်ဝသည့်ဟင်းရွက်ဖြစ်သည်။ မြန်မာအိမ်ရှင်မများအတွက် ချက်ပြုတ်ရာတွင် လွယ်ကူစေသော ဟင်းရွက်ဖြစ်သည်။ ဟင်းနုနွယ်ကိုဟင်းရည် ချက်ခြင်း၊ သုပ်စားခြင်း၊ ကြော်စားခြင်းနည်း အမျိုးမျိုးဖြင့် စားသုံးနိုင်သည်။

## မြေပြုပြင်ခြင်း

ဟင်းနုနွယ်ကို မိုးတွင်းကာလတွင် ပို၍စိုက်ပျိုးကြသည်အလွန်စေးသောမြေနှင့် သဲဆန်သော မြေမှအပမြေအမျိုးမျိုးတွင်စိုက်ပျိုးဖြစ်ထွန်းနိုင်သည်ဟင်းနုနွယ်မျိုးစေ့များကို သေချာစွာပြုပြင်ထားသောဘောင်ပေါ်တွင် ပါးပါးကြဲ၍တိုက်ရိုက်စိုက်ပျိုးနိုင်သည်။ စိုက်ဘောင်ကို (၃)ပေ အကျယ်ထား၍လိုသလောက်အလျားထားသင့်သည်။ ဘောင်မှာ (၄)လက်မအမြင့်ရှိသင့်ပြီး၊ နွားချေးမြေဆွေးတို့ဖြင့်ရောနယ်ပြီးပြင်ဆင်သင့်သည်။

## စိုက်ပျိုးခြင်း

အရွယ်အစားအားဖြင့် (၃×၁၀)ပေရှိသောဘောင်တခုစာအတွက် မျိုးစေ့ ထမင်းစားဇွန်းတစ်ဇွန်းကိုနွားချေးဆွေးမှုန့်နှို့ဆီဖူး(၄)ဖူးစာဖြင့်ရော၍ ဘောင်ပေါ်တွင် ဖြူးပေးပါ။ထို့နောက်ကောက်ရိုးမြက်ခြောက် ပါးပါးအုပ်၍ရေလောင်းပေးပါ။ မျိုးစေ့များကို ဘောင်ပေါ်တွင် (၆)လက်မခြား၍လည်း အတန်းလိုက်စိုက်ပျိုးနိုင်သည်။ ဘောင်များပေါ်တွင် လက်မဝက်အနက်မြောင်းငယ်များ ပြုလုပ်ပြီး၊ နွားချေးမှုန့်ဖြင့်ရောနယ်ထားသော မျိုးစေ့များကိုစိုက်ပျိုးပါ။ စိုက်ပြီးကောက်ရိုး မြက်ခြောက်ပါးပါးဖုံး၍ ရေလောင်းပေးပါ။ အတန်းလိုက် အစေ့ချထားသောအပင်များကို(၂၀-၂၄)ရက်သားရှိပါကခွဲ၍ပင်ကြား (၄×၆)လက်မထား၍ရွှေ့စိုက်နိုင်သည်။ ဘောင်ပေါ်တွင် စိုက်ထားသောအပင်များ (၁)လသား တွင်နုတ်၍စားသုံးနိုင်သည်။





## မျိုးစေ့ထုတ်ခြင်း

ဟင်းနုနွယ်ကိုပန်းမပွင့်မီခူးစားပါက တစ်ပင်လုံးစားသုံးနိုင်သည်။ ဟင်းနုနွယ်သည် ပန်းပွင့်ချိန်တွင် ပင်စည်မာကျောကာ အမျှင်များလာသည်။ သီးသန့်ဘောင်များဖြင့်မျိုးစေ့ ထုတ်ပါက မျိုးစေ့များစွာရနိုင်သည်။ အပင်အောက်ပိုင်းမှအပွင့်များကို စတင်ခူးပြီးနေလှမ်းပါ။ အလွန်မာကြောသေးငယ်သော အနက်စေ့များကို အမှိုက်များဖယ်ထုတ်၍ လေလုံသောပုလင်းတွင်သိမ်းဆည်းနိုင်သည်။ မျိုးစေ့များကိုသေချာစွာသိမ်းထားပါက (၂)နှစ်မျှအထားခံသည်။

ဟင်းနုနွယ်ပင်




www.burmeseclassic.com

www.burmeseclassic.com
ဟင်း၊ သီး၊ ဟင်း ရွက် စိုက် မျိုး ခြင်း ထမ်း ညွှန်

# အာလူးစိုက်ပျိုးနည်း

## နိဒါန်း

အာလူးကို သွားရေစာမုန့်မျိုးစုံ၊ အကြော်မျိုးစုံ၊ ဟင်းမျိုးစုံချက်စား၍လည်းကောင်း၊ ပုံစံမျိုးစုံ စားသောက်ကြသည်။ အာဟာရ တန်ဖိုးမြင့်မားပြီး နှစ်စဉ်ဧက (၅၀၀၀၀)ကျော် စိုက်ပျိုးလျက် ရှိသည်။

## မြေပြုပြင်ခြင်း

အာလူးသည်ပွသောမြေတွင်ပိုမိုစိုက်ပျိုးဖြစ်ထွန်းသည်။တောင်ပေါ်မြေနီမြေပွ၊ သဲနှုန်းနှင့်ခဲပုပ်၊ သစ်ဆွေးမြေများတွင်ကောင်းစွာဖြစ်ထွန်းသည်။မြေဆီအာဟာရစားသုံးမှုများပြားသောသီးနှံဖြစ်၍ မြေဆီမြေကောင်း၌စိုက်ရမည်။ အလွန်စေးသောမြေ၊ အာဟာရနည်းသော သဲကျပ်ကျောက်ဖြုန်းမြေများကိုရှောင်သင့်သည်။မိုးများ၍ မြေချဉ်ငန်ဓာတ်နိမ့်သောမြေတွင် (၅. ၅ မှ ၆. ၅)ထိ ထိန်းထားရန် ထုံးထည့်ပေးရမည်။ ထယ်ထိုး၊ ထွန်မွှေခြင်းကို မြေညက်သည် အထိပြုလုပ်၍ ပေါင်းမြက်၊ ပင်ကြွင်းပင်ကျန်များကို ဖယ်ရှားရပါမည်။

## မြေဩဇာထည့်သွင်းခြင်း

တစ်ဧကလျှင် သဘာဝမြေဩဇာ (၁၀-၂၀)တန်ထိ မြေခံအဖြစ်ထည့်ပြီး ယူရီးယား (၂)အိတ်၊ တီစူပါ (၃)အိတ်၊ ပိုတက်ရှ် (၂)အိတ် ထည့်ပါ။

## မျိုးအာလူးရွေးချယ်ခြင်း

အပုပ်၊အနာကင်းသော ရောဂါပိုးမွှားကင်းသောမျိုးကို ရွေးချယ်စိုက်ပျိုးပါ။ မျက်စေ့တိမ်၍ မျက်စေ့နည်းသောမျိုးကို စိုက်ရပါမည်။ မျိုးကိုအေး၍ ခြောက်သွေ့သောနေရာတွင် စနစ်တကျ သိုလှောင်ထားရပါမည်။ မျိုးအာလူးကို မှိုသတ်ဆေးစိမ်ပြီးအလုံးလိုက်စိုက်သင့်ပါသည်။ မျိုးအာလူး၁၀၀ကီလိုကို ဟိုမိုင်း (Homai-80WP) ၂၀၀ဂရမ်နှုန်းလူးနယ်၍စိုက်ပါ။



## မျိုးနှုန်း

အာလူးမျိုးများတွင် မျိုးနားချိန် (၂-၃)လခန့်ရှိသဖြင့်တူးဖော်ပြီးစ အာလူးများကို မျိုးအဖြစ် တိုက်ရိုက်စိုက်၍မရပါ။ သို့ဖြစ်၍ အမှောင်ခန်းထဲတွင် (၂ - ၃)လခန့် စနစ်တကျသိုလှောင်ထားပြီးမှ မျိုးအဖြစ်စိုက်သင့်ပါသည်။ တစ်ဧကအတွက်မျိုးလိုအပ်ချက်မှာ -

၁။ မိုးအာလူး (ယာမြေ) - ၅၀၀ ပိဿာ (မတ်၊ ဧပြီ)
၂။ ရေအာလူး (ဟဲဟိုး) - ၆၀၀ ပိဿာ (ဇန်နဝါရီ၊ ဖေဖော်ဝါရီ)
၃။ ဆောင်းအာလူး (မြေပြန့်) - ၇၀၀ ပိဿာ (အောက်တိုဘာ၊ နိုဝင်ဘာ)

## စိုက်ပျိုးခြင်း

တန်းကြား(၂. ၅) ပေဖြစ်စေရန် ထယ်မြောင်းတိမ်တိမ်ပေး၍ ပင်ကြား (၆-၉)လက်မထားပြီး တစ်ဧက အပင်ဦးရေ (၂၅၀၀- ၃၅၀၀)ဝင်အောင်စိုက်ပါ။

## အပင်ပြုစုခြင်း

အပင်ပေါက်ပြီး (၁၄)ရက်ခန့်ကြာတွင် ကြားပေါင်းလိုက်ခြင်း၊ မြေဩဇာကျွေးခြင်း၊ ဘောင်တင်ခြင်းများဆောင်ရွက်ပေးရမည်။ လိုအပ်ပါက ပေါင်းထပ်မံ လိုက်ပေးရမည်။

မိုးအာလူး၊ စကာအာလူး၊ ရေအာလူး၊ ဆောင်းအာလူးအားလုံးတွင် လုံလောက်သော အစိုဓာတ်ရမှ အပင်ပေါက်စုံပါမည်။ အာလူးမျိုးမချမီ လုံလောက်သော အစိုဓာတ်ကို ထိန်းထားပေးရပါမည်။ အပင်ကြီးထွားချိန်တွင် မြေတွင်းအစိုဓာတ် (၆၀%) ထက်နည်းပါက ရေသွင်းခြင်း၊ရေဖျန်းခြင်းဆောင်ရွက် ပေးရမည်။ မိုးစိုက် အာလူးတွင် ဆက်တမ်းတစ်လျှောက်လုံး ပုံမှန်မိုးပါးပါး ရွာသွန်းရန်လိုပါသည်။ မိုးခေါင်ခြောက်သွေ့ပါက ရေသွင်းသင့်သည်။ ရေဝပ် ရေလျှံပါက ချက်ချင်းဖောက်ထုတ်ရမည်။ အာလူး တူးဖော်ခါနီးတွင် ရေဖြတ်ရန်လိုပါသည်။ အစိုဓာတ်များပါက အာလူးများ ပုပ်သွားနိုင်သည်။

အာလူးကိုမြေနေရာတစ်ခုတည်းတွင် နှစ်စဉ်ဆက်တိုက်စိုက်ခြင်း ကိုရှောင်ကြဉ်သင့်သည်။ မျိုးရင်းတူသည့် ခရမ်း၊ ခရမ်းချဉ်၊ ငရုတ်များနှင့်(၃-၅)နှစ်ခြားမှ စိုက်သင့်သည်။


www.burmeseclassic.com

www.burmeseclassic.com



ဘက်တီးရီးယားပင်ညှိုးရောဂါ၊ နှောင်းပင်နာကျရောဂါ၊ စောပင်နာကျရောဂါများ ကျရောက်ဖျက်စီးတတ်၍ ကြိုတင်ကာကွယ်နှိမ်နင်းထားရပါမည်။

ပျကဲ့သို့စုတ်စားပိုးများ၊ (၂၈)ပြောက်ကျိုင်း၊ အာလူးကျိုင်းများ ကျရောက်ဖျက်ဆီးတတ်၍ တမာပိုးသတ်ဆေး၊ မှိုသတ်ဆေးများကို ကြိုတင်ကာကွယ်ဖျန်းပါ။

## နှုတ်သိမ်းခြင်း

စိုက်ပြီး သုံးလခွဲခန့်အကြာ အာလူးပင်များကျသွားပါကတူးဖေါ်ရန် အကောင်းဆုံးအချိန်ဖြစ်ပါသည်။ ထယ်ထိုး၍လည်းကောင်း၊ ပေါက်ပြားနှင့်တူး၍လည်းကောင်း တူးဖေါ်နိုင်သည်။ တူးဖော်စဉ်ဥများမထိခိုက်စေရန် သတိထားရမည်။ ဒဏ်ရာရထားသောဥများ၊ ရောဂါရသောဥများကို ဥကောင်းများနှင့် ခွဲခြားထားရမည်။ လေဝင် လေထွက်ကောင်း၍ ခြောက်သွေ့သောနေရာ၊ အေးသောနေရာတွင်သိုလှောင်ရမည်။ သိုလှောင်စဉ်နှင့် ရောင်းချရာတွင်အလှောင့် မပေါက်ရန် သတိထားရမည်။ သယ်ဆောင်ရာတွင် အိတ်ကဲ့များဖြင့်သာ သယ်ဆောင်ရမည်။

အာလူးကိုမတူးဖေါ်မီ (၁၀)ရက်ခန့်ကြို၍ ရေဖြတ်ထားခြင်း၊ အပင်ဖြတ်ထားခြင်းတို့ကို ဆောင်ရွက်ထားခြင်းဖြင့် အခွံမာပြီး အထားခံသည်။ မျိုးအာလူးငယ်များကို ဘိုရက်ဇ် ( Borex ) ၁% နှင့် ဇင့်ဆာလဖိတ် ( Zinc Sulphate) ၃% ဖျန်းပေးပြီး အရိပ်တွင်ထား၍ အိတ်ကဲ့ဖြင့်သိုလှောင်ပါ။





## အာလူးစိုက်ခင်း









www.burmeseclassic.com